# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ ဝါဆိုလပြည့်နေ့ ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၅)၊ အမှတ် (၂၈၈)


**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)



မြန်မာ့လွတ်လပ်ရေးဖခင် ဗိုလ်ချုပ်အောင်ဆန်း ပင်လုံညီလာခံအကြို တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ရှမ်းပြည်နယ်တောင်ပိုင်း တီကျစ်ရွာ၌ မိန့်ခွန်းပြောကြားနေစဉ်

(၆၉) နှစ်မြောက် အာဇာနည်နေ့

# မမေ့နိုင်သော ဇူလိုင် (၁၉) ရက် အာဇာနည်နေ့

## မာတိကာ


ခေါင်းဆောင်ကြီးများ ကျဆုံးရစဉ်က ဝန်ကြီးဟောင်း ဦးဗဂျမ်း၏ မျက်မြင်ကိုယ်တွေ့ စာ - ၄

၂၀ ဇူလိုင်လ ၁၉၄၇ ဒိုင်ယာရီ မင်းသုဝဏ် စာ - ၅

ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးဇူလိုင် တက္ကသိုလ်နေဝင်း စာ - ၆

ဦးအောင်ဆန်း၏ နောက်ဆုံးနေ့ ဒဂုန်တာရာ စာ - ၇


## ဝံသာနုရက္ခိတတရား

လူမျိုးဆိုသည်မှာ သုခ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒ ရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။

အမျိုးအနွယ်၊ ကိုးကွယ်သည့် ဘာသာတရား၊ ပြောဆိုသည့် ဘာသာစကားတို့ကို အလေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက်နေလိုသော အစဉ်အလာဆန္ဒပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေသည်။

(၂-၁-၁၉၄၆၊ အလယ်ပစ္စယံညီလာခံ မိန့်ခွန်းမှ)

မြန်မာ့အလင်း

# လူထုနှင့်နီးကပ်ခဲ့သော ရက် ၁၀၀

နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာန အသီးသီး၏ ရက် ၁၀၀ လုပ်ငန်းစဉ်များကို ဧပြီလကုန်လောက်က စတင်ကြေညာလုပ်ဆောင်ခဲ့ကြသည်ကို တွေ့ရသည်။ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံတော်သမ္မတရုံးတို့မှ အပ လုပ်ငန်းစဉ်အသေးစိတ်များ ကြေညာ၍ ဆောင်ရွက်ခဲ့ကြသည်။ ဤသည်တို့မှာ အစိုးရသစ်တစ်ရပ်အတွက် ပွင့်လင်းမြင်သာမှု အခြေခံသော လူထုရေးရာပေါ်လစီကို ကျင့်သုံးခြင်း၏ နိဒါန်းဟုလည်း ဆိုနိုင်ပါသည်။

ယခုလို ရက် ၁၀၀ စီမံကိန်းများနှင့်ပတ်သက်၍ ဝေဖန်သုံးသပ်ချက်များကို သတင်းစာဂျာနယ်များတွင် တွေ့မြင်ရသည်။ ရက် ၁၀၀ အတွင်း ကောင်းမွန်တိုးတက်သော ဆောင်ရွက်ချက်များရှိသလို ပြီးမြောက်အောင်မြင်ခြင်းမရှိသည်များကိုလည်း ထောက်ပြကြသည်။ ဝန်ကြီးဌာနများ၏ လုပ်ငန်းစဉ်များမှာ များပြားလှ၍ အသေးစိတ်ကို ဝေဖန်ထောက်ပြရန်မှာလည်း မလွယ်ကူလှသည်ကို တွေ့ရသည်။ ထို့ပြင် ထိုစီမံကိန်းများ ကြေညာပြီးနောက်ပိုင်း ထပ်မံဆောင်ရွက်ချက်များကလည်း အတော်များများရှိနေသည်ကို တွေ့ရသည်။

ရက် ၁၀၀ စီမံကိန်းပုံစံများ စတင်လာသည်မှာ ၁၉၂၉-၁၉၃၀ စီးပွားပျက်ကပ်ကာလ အမေရိကန်မှ စတင်ခဲ့သည်ဟု အဆိုရှိသည်။ ထိုစဉ်က သမ္မတ ရုစဗဲ့၏ ဆောင်ရွက်ချက်ကို စံပြု၍ ပြောဆိုကြခြင်းပင်ဖြစ်သည်။ စီးပွားပျက်ကပ်အတွင်း အမေရိကန်ရှိ ဘဏ်အားလုံးလောက် ပိတ်သိမ်းခဲ့ရသည်။ အလုပ်သမား လေးပုံတစ်ပုံလောက် အလုပ်လက်မဲ့ဖြစ်သွားသည်။ လယ်ယာထုတ်ကုန်အားလုံး ဝယ်သူမရှိ၍ ပျက်စီးကုန်သည်။ ထိုစီးပွားပျက်ကပ်သည် ဥရောပနှင့် ကမ္ဘာတစ်လွှားသို့ပါ ကူးစက်ခဲ့သည်။ သမ္မတရုစဗဲ့က ထိုသုံးလအတွင်း အလုပ်သမားဆိုင်ရာ၊ လယ်ယာမြေဆိုင်ရာ၊ ငွေကြေးလုပ်ငန်းဆိုင်ရာ အဓိကကျလှသော ဥပဒေများကို ပြဋ္ဌာန်းပြီး အခြေအနေကို ထိန်းသိမ်းခဲ့ရခြင်းဖြစ်သည်။ အရေးပေါ်ကယ်တင်ရေးဌာနများဖွဲ့စည်းပြီး အစိုးရအထောက်အပံ့နှင့် ယာယီအလုပ်အကိုင်များ ဖန်တီးပေးခြင်း၊ လူငယ်များအတွက် တည်ဆောက်ရေးနှင့် သစ်တောလုပ်ငန်းများ ဖန်တီးပေးခြင်းဖြင့် ဖြေရှင်းခဲ့ခြင်းဖြစ်သည်။ ထိုကာလက ရုစဗဲ့၏ New Deal ဆိုသည်မှာ အစိုးရနှင့်လူထုကြား ဆက်ဆံရေးကို အခြေခံကစ ပြောင်းလဲခြင်းနှင့် အရင်းအနှီးနှင့် လုပ်အားကြား ဟန်ချက်ကို ပြန်လည်ထိန်းညှိခြင်းဖြစ်သည်။ စက်မှုလုပ်ငန်းများကို ပိုမိုလူသားဆန်အောင် ပြုလုပ်ပေးခြင်းပင်ဖြစ်သည်။

ယခုအစိုးရသစ် ကြုံတွေ့ရသော ပြဿနာမှာ စီးပွားရေးတစ်ခုတည်းမဟုတ်ဘဲ ဘက်ပေါင်းစုံပြဿနာများ ဖြစ်သည်။ အထွေထွေကျဆင်းရပ်တန့်နေမှုများအတွက် အလင်းရောင်လေးတစွန်းတစ မြင်ရအောင် ဆောင်ရွက်ရခြင်းဟု နားလည်ရပါသည်။ လတ်တလော၊ အလျင်အမြန်မြင်သာထင်သာဖြစ်စေမည့် ဆောင်ရွက်ချက်များဖြင့် အစိုးရလုပ်ငန်းများကို စတင်ခြင်းပင်ဖြစ်သည်။ ထိုအောင်မြင်မှုအသီးအပွင့်များမှတစ်ဆင့် လူထုယုံကြည်မှုရယူပြီး ရှေ့ဆက်သွားမည့် ရေတို၊ ရေရှည်လုပ်ငန်းစဉ်များအတွက် လမ်းခင်းပေးပြီးသား ဖြစ်ရန်ဟု နားလည်နိုင်ပါသည်။

အစိုးရသစ်ဖွဲ့ပြီး မကြာမီ နိုင်ငံရေးအကျဉ်းသားများနှင့် အဖမ်းခံကျောင်းသားများ လွှတ်ပေးခြင်းဖြင့်စတင်ခဲ့ရာ တာထွက်ကောင်းသည်ဟု ဆိုနိုင်ပါသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးရေးကိစ္စလို ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းကြီးမျိုးကို အစပြုလိုက်ခြင်းများလည်း ရက် ၁၀၀ အတွင်း ပါဝင်နေသည်။ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီလေးခု ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထိုဆောင်ရွက်ချက်မှာ တူရကီဝန်ကြီးချုပ်နှင့် ကုလသမဂ္ဂလူ့အခွင့်အရေးကိုယ်စားလှယ်တို့၏ ခရီးစဉ်များမတိုင်မီတွင်ဖြစ်ရာ ၎င်းတို့လာရောက်ချိန်တွင် ဝေဖန်စရာ အချက်နည်းပါးသွားစေခဲ့သည်။

တစ်ဖက်တွင် အစိုးရသစ်၏ ပထမသုံးလအတွင်း ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်မှုလုပ်ငန်းများကို အဆင့်တစ်ခုအထိ တိုးတက်အောင်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရသည်။ နောက်ဆုံးအခြေအနေများအရ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် UNFC ထိပ်သီးခေါင်းဆောင်များပင် ၁၇ ရက်နေ့တွင် တွေ့ဆုံခဲ့ကြပြီးဖြစ်သည်။ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံတွင် ပါဝင်သင့်သူအားလုံး ပါဝင်ရေးနှင့် ဩဂုတ်လကုန်တွင် ညီလာခံစတင်ကျင်းပရေးအတွက် အခြေအနေကောင်းများ ရရှိလျက်ရှိနေသည်။

ခြုံ၍ဆိုရလျှင် စီးပွားရေးဘက်တွင် သိသာထင်ရှားသော အပြောင်းအလဲများ၊ ပေါ်လစီများ မမြင်တွေ့ရခြင်းမှလွဲ၍ ရက် ၁၀၀ အတွင်း ဆောင်ရွက်ချက်များ ထင်ထင်ရှားရှား ရှိခဲ့သည်ဟုဆိုနိုင်ပါသည်။ ထို့ပြင် ရက် ၁၀၀ အတွင်း လူထုနှင့် အစိုးရကြား နီးကပ်သော ဆက်သွယ်ဆက်ဆံမှု ရှိခဲ့သည်ဟုလည်း ဆိုနိုင်မည်ဖြစ်ပြီး လူထုယုံကြည်မှု ဆက်လက်တည်ရှိနေသည်ကို တွေ့မြင်ရပါသည်။




## စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကျင်းပမည်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာနိုင်ငံဆရာဝန်အသင်း (ရန်ကုန်တိုင်းဒေသကြီး)က ကြီးမှူး၍ စဉ်ဆက်မပြတ် ဆေးပညာဟောပြောပွဲကို ဇူလိုင် ၂၀ ရက် မွန်းလွဲ ၁၂ နာရီခွဲမှ ညနေ ၃ နာရီထိရန်ကုန်မြို့ အလုံမြို့နယ်ရှိ အလုံမြို့နယ်ခန်းမ၌ ကျင်းပမည်ဖြစ်သည်။ အဆိုပါဟောပြောပွဲတွင် ပါမောက္ခ ဦးရဲမြက Management Approach to Anaemic Patient၊ ပါမောက္ခ ဦးစောဝင်းက National Immuni-zation Schedule၊ ပါမောက္ခ ဒေါ်မာမာကြည်က Management of Proong Fever၊ ဒေါက်တာ ဦးဝင်းဇော်က Common Skin Problems ခေါင်းစဉ်တို့ဖြင့် ဟောပြောမည်ဖြစ်ကြောင်းနှင့် ဆရာဝန်များအားလုံး တက်ရောက်နိုင်ကြောင်း သိရသည်။

**မောင်မောင်**

**ထင်သာမြင်သာပြုပြင်စရာ**

## ကျိုက္ကော်ချောင်းအနီး အဆောက်အအုံများ ဆောက်လုပ်နေထိုင်မှု စိစစ်ပေးစေလို

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့၌ သုဝဏ္ဏဝတီမြို့မဈေးအနီး ဖြတ်သန်းစီးဆင်းနေသော ကျိုက္ကော်ချောင်းတစ်လျှောက် ချောင်းနံဘေးများတွင် လူနေအဆောက်အအုံများ ဆောက်လုပ်နေထိုင်သည့်အတွက် ချောင်းရေယာဉ်ကျဉ်းမြောင်းတိမ်ကောလာ၍ ရေစီးရေလာ မကောင်းတော့ဘဲ နှစ်စဉ် ရေလွှမ်းမိုးမှုဒဏ်ကို မြို့နေပြည်သူများ ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်။

ကျိုက္ကော်ချောင်းသည် မိုးရာသီရောက်တိုင်း တောင်ပေါ် ရေကျဆင်းမှုဒဏ်၊ ခေတ်အဆက်ဆက် ချောင်းရေယာဉ်အတွင်း လူနေအိမ်များ တိုးချဲ့မှုဒဏ်၊ အမှိုက်များ မဆင်မခြင် စွန့်ပစ်သည့်ဒဏ်များကြောင့် သဘာဝ၏ ရေစီးရေလာကို မထိန်းနိုင်တော့ဘဲ လွန်ခဲ့သောလေးနှစ်ခန့်မှ စတင်၍ ရေလွှမ်းမိုးမှုဒဏ်ကို မိုးများသည့် အခါတိုင်း မြို့နေပြည်သူအများ ရင်ဆိုင်ခံစားရသည်။ အဆိုပါ ချောင်းအား ရေလွှမ်းမိုးမှု မရှိစေရန်အတွက် ကိုယ့်အားကိုယ်ကိုး ချောင်းတူးဖော်မှုကို မေ ၂၂ရက်နှင့်၂၃ ရက်တွင် တူးဖော် ဆောင်ရွက်ခဲ့သော်လည်း အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းခဲ့ရသည်။ ယခုနှစ်မိုးရာသီအတွင်း နှစ်ကြိမ်တိုင်တိုင် ကျိုက္ကော်ရပ်ကွက်၌ ရန်ကုန်-မော်လမြိုင် အဝေးပြေးကားလမ်းပေါ်တွင် ရေလွှမ်းမိုးခဲ့သည်။

ထို့ကြောင့် ကျိုက္ကော်ချောင်း တစ်လျှောက် ချောင်းရေယာဉ်ကို ကျူးကျော်ထားသော မြေနေရာများ၊ လူနေအိမ်များ၊ ဆောက်လုပ်ဆဲ အဆောက်အအုံများကို သက်ဆိုင်ရာ တာဝန်ရှိသူများက စစ်ဆေး စိစစ်ဆောင်ရွက်ပေးရန် မြို့နေပြည်သူလူထုက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

**ခွန်(ဝင်းပ)**



## အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကျင်းပ

**ဗန်းမော် ဇူလိုင် ၁၈**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနက ဗန်းမော်မူလတန်းကြိုကျောင်း၌(၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် ကဗျာရွတ်ပြိုင်ပွဲကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားတွင် ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးမှူး ဒေါ်နွယ်နွယ်အောင်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်ထွန်းက အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို ရင်သွေးငယ်များအား အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ ဓာတ်ပုံများနှင့်အတူ ရှင်းလင်းပြသပေးခဲ့သည်။

ဆက်လက်၍ ရင်သွေးငယ်များက တစ်ဦးချင်းနှင့်အဖွဲ့လိုက်အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပခဲ့ရာ ပြိုင်ပွဲတွင် ဆုရရှိသူများကို ခရိုင်ဦးစီးမှူးက ဂုဏ်ပြုလက်ဆောင်များ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၈-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၃၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၈၄၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၃၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၇.၀ |
| ဥရောပ | တစ်ယူရို | ၁၃၀၁.၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၃.၈၆ |
| ထိုင်း | တစ်ဘတ် | ၃၃.၆၆၇ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၅၃၂ |
| တရုတ် | တစ်ယွမ် | ၁၇၅.၉၇ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၅.၇၃ |


မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် မော်တော်ယာဉ်သုံးစီးလှူဒါန်း

**ရန်ကုန် ဇူလိုင် ၁၈**

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် အသုံးပြုရန် ဂျပန်နိုင်ငံ Sumitomo Corporation Asia & Oceania Pte Ltd. က အမေရိကန်ဒေါ်လာ နှစ်သိန်းကျော်တန်ဖိုးရှိ မော်တော်ယာဉ် သုံးစီးလှူဒါန်းပွဲကို ယနေ့ညနေ ၄ နာရီတွင် ရန်ကုန်မြို့တက္ကသိုလ်ရိပ်သာလမ်းခြံအမှတ်(၅၄)၌ ကျင်းပရာ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။

လှူဒါန်းပွဲတွင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း အလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာ သန့်သော်ကောင်းက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း၏ ရွေ့လျားစာကြည့်တိုက်လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး Sumitomo Corporation Asia & Oceania Pte Ltd မှ CEO Mr.Masao Sekiuchi နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး Mr.Higuchi တို့က လှူဒါန်းရခြင်းနှင့်စပ်လျဉ်းပြီး ရှင်းလင်းပြောကြားကြသည်။




ထို့နောက် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသဘာပတိ၊ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က မော်တော်ယာဉ်များလှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က CEO Mr.Masao Sekiuchi အား ဒေါ်ခင်ကြည် ဖောင်ဒေးရှင်းအမှတ်တရ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Sumitomo Corporation Asia & Oceania Pte Ltd. က လှူဒါန်းသည့် ရွေ့လျားစာကြည့်တိုက်မော်တော်ယာဉ်အား လှည့်လည်ကြည့်ရှုသည်။ **(ဝဲပုံ)**

ယနေ့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်း ရွေ့လျားစာကြည့်တိုက်အတွက် Sumitomo Corporation Asia & Oceania Pte Ltd. က လှူဒါန်းသည့် မော်တော်ယာဉ်များသည် တစ်စီးလျှင် အမေရိကန်ဒေါ်လာ ခုနစ်သောင်းခန့်တန်ဖိုးရှိကြောင်း၊ ယခင် ၂၀၁၃ ခုနှစ်ကလည်း ဟီးနိုးကုမ္ပဏီအနေဖြင့် ရွေ့လျားစာကြည့်တိုက်အတွက် မော်တော်ယာဉ် နှစ်စီးလှူဒါန်းခဲ့ကြောင်း သိရသည်။

ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းသည် ပြည်သူလူထု စာဖတ်အားမြင့်တက်လာစေရန် ရည်ရွယ်ပြီး ရွေ့လျားစာကြည့်တိုက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ထားရှိရေးစီစဉ်ဆောင်ရွက်နေပြီး လက်ရှိတွင် မြို့ကြီး ငါးမြို့၌ မော်တော်ယာဉ် ရှစ်စီးဖြင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများကို ဆောင်ရွက်နေကြောင်း၊ ထို့အပြင် ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပူးပေါင်းပြီး စာကြည့်တိုက်လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန် သဘောတူ လက်မှတ်ရေးထိုးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**(သတင်းစဉ်)**

# တိုင်းပြည်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် လယ်ယာမြေများကို သက်ဆိုင်သူများထံသို့ရောက်ရှိရေးမှာ ကဏ္ဍသစ်တစ်ရပ်ဖြင့် ပါဝင်

**နေပြည်တော် ဇူလိုင် ၁၈**




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်၊ ဦးကျော်မျိုး၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။**(ယာပုံ)**

တွေ့ဆုံပွဲတွင် ဒုတိယသမ္မတက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ရေတိုရေရှည် စီမံဆောင်ရွက်ထားရမည် ဖြစ်ကြောင်း၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ဘေးအန္တရာယ်ကျရောက်ပါက လိုအပ်သည်များကို ကူညီထောက်ပံ့ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်တွင်းငြိမ်းချမ်းရေး ရရှိအောင် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကဥက္ကဋ္ဌအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)ကို ဖွဲ့စည်းခဲ့ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁) ရာစုပင်လုံကို ဩဂုတ်လတွင် ကျင်းပနိုင်ရန်စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုရှိမှသာ တိုးတက်နိုင်မည်ဖြစ်ကြောင်း၊ မိမိတို့တိုင်းပြည်မှာ ဖွံ့ဖြိုးမှုအနည်းဆုံး စာရင်းဝင်နိုင်ငံများတွင် ပါဝင်နေပါကြောင်း၊ ထိုအဆင့်မှ လွတ်မြောက်နိုင်ရန် ပြည်သူများနှင့် တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းပြီး တစိုက်မတ်မတ် တက်ညီလက်ညီ အားသွန်ခွန်စိုက် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက ဒေသဆိုင်ရာအချက်အလက်များကိုလည်းကောင်း၊ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးအောင်ဇော်နိုင်က မိုးရွာသွန်းမှုအခြေအနေ၊ မြစ်ချောင်းများ တည်ရှိမှု၊ မြစ်ရေကြီးမှုမှတ်တမ်းနှင့် ရေကြီးနစ်မြုပ်မှုအန္တရာယ်မှ ကင်းဝေးစေရန် ဆောင်ရွက်ထားမှုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးမှူးက မြစ်ချောင်းများ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကိုလည်းကောင်း၊ ပဲခူးခရိုင် အုပ်ချုပ်ရေးမှူးက စစ်တောင်းမြစ်ရေတိုက်စားမှုကြောင့် သနပ်ပင်၊ ကဝမြို့နယ်တို့မှ ကျေးရွာသုံးရွာအား ပြောင်းရွှေ့နေရာချထားမှုတို့ကိုလည်းကောင်း၊ တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးမှူးက သဘာဝဘေးဖြစ်ပွားမှုအပေါ် ထောက်ပံ့ပေးခဲ့မှုများကိုလည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ခင်မောင်ဌေးက တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးဆောင်ရွက်နေမှုအခြေအနေတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအနေဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ထောက်ပံ့ပေးမှုအခြေအနေများကိုလည်းကောင်း၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်နှင့် ဦးကျော်မျိုးတို့က ဝန်ကြီးဌာနအလိုက် ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ပေးနေမှုအခြေအနေတို့ကို လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များအပေါ် ဒုတိယသမ္မတက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာတွင် လယ်ယာမြေများကို သက်ဆိုင်သူများ၏ လက်ဝယ်သို့ ရောက်ရှိရေးသည်လည်း ကဏ္ဍသစ်တစ်ရပ်အနေဖြင့် ပါဝင်နေသဖြင့် ဌာနဆိုင်ရာများမှ အသုံးမပြုပါက ပြန်လည်စွန့်လွှတ်သွားကြရန် ဖြစ်ကြောင်း၊ ဒေသဖွံ့ဖြိုးရေးအတွက် စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်ရာတွင် စာရင်းဇယားနှင့်ပတ်သက်ပြီး တိကျရန်လိုအပ်ပါကြောင်း၊ မမှန်ကန်သောစာရင်းများကို အကောင်အထည်ဖော်ပါက အောင်မြင်မှုရရှိနိုင်မည်မဟုတ်ပါကြောင်း၊ စာရင်းဇယားမှန်ကန်မှသာ လုပ်ငန်းများ အောင်မြင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ပဲခူးတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ် ဧပြီမှ ဇူလိုင် ၁၇ ရက်အထိ သဘာဝဘေးဖြစ်ပွားမှုအတွက် ငွေကျပ်သိန်း ၁၇၀၀ ကျော် ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

ယင်းနောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် ပဲခူးမြစ်၊ မဇင်းချောင်းနှင့် ခေါင်းဆေးကျွန်းချောင်းတို့အား ပဲခူးမြို့ ရေကြီးရေလျှံမှုမှကာကွယ်နိုင်ရန်နှင့် ရေစီးဆင်းမှု ကောင်းမွန်ရန်အတွက် ပြန်လည်တူးဖော်ထားရှိမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မဇင်းရေလှောင်တမံသို့ရောက်ရှိပြီး ဆည်အတွင်း ရေသိုလှောင်ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဘုရင့်နောင်မင်းတရားကြီး၏ ကမ္ဘောဇသာဒီ နန်းတော်ရာသို့ရောက်ရှိရာ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြတ်ဆွေက နန်းတော်တည်ဆောက်ခဲ့မှု၊ ဘဏ္ဍာရေးနှစ်အလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် နန်းတော်ဆိုင်ရာအချက်အလက်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နန်းတော်ရာရှိ မြန်မာနိုင်ငံ၏ ခေတ်သုံးခေတ်ပြခန်း၊ ပလ္လင်တော်၊ မှတ်တမ်းဓာတ်ပုံများ၊ ရှေးဟောင်းသုတေသနပြခန်းတို့ကို လိုက်လံကြည့်ရှုသည်။

ထို့နောက် ဒုတိယသမ္မတနှင့်အဖွဲ့သည် သနပ်ပင်-ပဲခူး-စစ်တောင်း တူးမြောင်းပြုပြင်ထိန်းသိမ်းထားမှု၊ ကဝမြို့နယ် ကမာစဲစက်လှေဆိပ်နှင့် အုန်းနဲ့-ဝဲပရက်တူးမြောင်းတို့ကို ကြည့်ရှုသည်။

**(သတင်းစဉ်)**

ယနေ့သည် အာဇာနည်နေ့ဖြစ်သည်။ မြန်မာ့သမိုင်းတွင် အာဇာနည်နေ့ဟူသော သမိုင်းဝင်နေ့တစ်နေ့သည် လွန်ခဲ့သော ၆၉ နှစ်တာကာလ ဇူလိုင်လ၏ မိုးနေ့တစ်နေ့တွင် ဖြစ်ပွားခဲ့သည့် ဝမ်းနည်းဖွယ်၊ ယူကျုံးမရဖွယ်၊ နာကြည်းဖွယ်ဖြစ်ရပ်များနှင့်အတူ ပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင်ဖြစ်ပွားခဲ့သော အဆိုပါဖြစ်ရပ်ဆိုးနှင့်ပတ်သက်၍ ကိုယ်တွေ့ကြုံခဲ့သူများ၏ မှတ်တမ်းအချို့ကို အမှတ်တရအဖြစ် ပြန်လည်ဖော်ပြအပ်ပါသည်။ မှတ်တမ်းများကို ရေးသားခဲ့ကြသူများမှာ ဗိုလ်ချုပ်၏လုပ်ဖော်ကိုင်ဖက်၊ ဗိုလ်ချုပ်၏ အပါးတော်မြဲ၊ ဗိုလ်ချုပ်နှင့်ခေတ်ပြိုင် ကျောင်းနေဖက် စသည့် ပုဂ္ဂိုလ်များဖြစ်ကြပြီး ၎င်းတို့အသီးသီးမှာလည်း မလွန်ဆန်နိုင်သော သခါရသဘောအရ ကွယ်လွန်ခဲ့ကြပြီဖြစ်ပါကြောင်း။

# ခေါင်းဆောင်ကြီးများ ကျဆုံးရစဉ်က ဝန်ကြီးဟောင်းဦးဗဂျမ်း၏ မျက်မြင်ကိုယ်တွေ့

ရက်ကား ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်ဖြစ်၍ နေ့ကား စနေနေ့ ဖြစ်ပါသည်။ ထိုအခါက ကျွန်တော်သည် လမ်းပန်း အဆောက်အအုံနှင့် ပြန်လည်ထူထောင်ရေးဌာနကို အုပ်ချုပ်သည်ဖြစ်ရာ ထိုဌာန၏ အတွင်းဝန်မှာ အိုင်-စီ-အက်စ် ဦးအုန်းဖြစ်၍ ဒုတိယအတွင်းဝန်မှာ အိုင်-စီ-အက်စ် ဦးချမ်းသာ ဖြစ်ပါသည်။

ကျွန်တော်သည် အမှတ် ၈၊ ကိုယ့်မင်းကိုယ့်ချင်းလမ်း၊ ဗ-လ-စ ဌာနတွင် နေထိုင်လျက်ရှိရာ ဟင်္သာတခရိုင်သို့ ခရီးထွက်ခဲ့သည်မှအပြန် အအေးမိ၍ အနည်းငယ် ဖျားလျက်ရှိ၏။

ထိုနေ့တွင် ဝန်ကြီးများ အစည်းအဝေးကျင်းပမည်ဖြစ်ရာ ကျွန်တော်သည် နေမကောင်းသဖြင့် အကြောင်းထူးသာ မရှိခဲ့လျှင် ထိုအစည်းအဝေးသို့ တက်ဖြစ်မည်မဟုတ်ပေ။ ထိုနေ့ကျင်းပမည့် ဝန်ကြီးများအစည်းအဝေးတွင် ပြောပြသင့်သော သတင်းထူးတစ်ခုကို ကျွန်တော် ရရှိထား၏။ သတင်းထူးပုံမှာ စစ်တပ်မှ မလိမ့်တပတ်ဖြင့် စက်သေနတ် (ဘရင်းဂန်း) (အလက် ၂၀၀) ထုတ်ယူသွားသူမှာ ဦးစောဖြစ်ကြောင်း၊ ထိုသို့ ထုတ်ယူစဉ်က ဦးစောသည် ရှမ်းဘောင်းဘီ၊ မျက်မှန်နက်၊ ဆွယ်တာလက်ပြတ်နှင့်ဖြစ်၍ ထုတ်ယူသွားသော မော်တော်ကားရှေ့ခန်း ကားမောင်းသူ၏ဘေးတွင် ထိုင်လျက်ပါကြောင်း များအပြင် ဦးစောတို့ လူစုသည် ကုဒ်တား (ခေါ်) 'လက်နက်ဖြင့် အာဏာသိမ်းယူရန်' ကြံစည်လျက်ရှိကြကြောင်းတို့ကို သတင်းရရှိထား၏။ သို့သော် သတ်ဖြတ်သည်အထိ အကြံပက်စက်ကြမည်ဟူ၍ကား ထိုအခါက ကျွန်တော် လုံးဝ မတွေးတောခဲ့မိပေ။

ရရှိထားသော သတင်းထူးကို ဝန်ကြီးများ အစည်းအဝေးတွင် တင်ပြလိုသဖြင့် ကျွန်တော်သည် နေမကောင်းလျက်နှင့်ပင် အဝတ်ထူထူ အထပ်ထပ်ဝတ်၍ အစည်းအဝေးသို့ သွား၏။

အစည်းအဝေးကျင်းပမည့်နေရာသည် အတွင်းဝန်များရုံး၊ အလယ်ထပ်၊ ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းတွင်ဖြစ်၍ စမည့် အချိန်မှာ နံနက် ၁၀ နာရီ ဖြစ်၏။

အစည်းအဝေးမစမီ မိနစ်အနည်းငယ်ခန့်အလိုတွင် ဗိုလ်ချုပ်နှင့် ကျွန်တော်အစည်းအဝေးခန်းဝတွင် မျက်နှာချင်းဆိုင်ဆုံမိပြီး အခန်းတွင်းသို့ အတူဝင်သွားကြ၏။ ထိုနေ့တွင် ဗိုလ်ချုပ်သည် ဝတ်နေကျ စစ်ဝတ် စစ်စားမဟုတ်ဘဲ ထူးထူးခြားခြား အရပ်ဝတ် အရပ်စားနှင့်လာ၏။ ရွှေဖလားရောင် ဘန်ကောက်လုံချည်၊ ပိုးအင်္ကျီတို့နှင့်ဖြစ်၍ ဆံပင်မှာလည်း ခါတိုင်းကဲ့သို့ စုတ်ဖွာဖွာကြီးမဟုတ်ဘဲ ညှပ်ပြီးစဖြစ်၍ သပ်ရပ်၏။

'ဗိုလ်ချုပ်က ဒီလိုတော့ အချောကြီးပဲ...' ဟု ကျွန်တော်က ပြောင်၍ ပြောလိုက်၏။

'နိုင်ငံရေးသမားတွေဟာ လွတ်လပ်ရေး ရပြီးရင် စစ်သားစိတ်ဖျောက်ပြီး အရပ်သားစိတ်မွေးမြူကြဖို့ အရေးကြီးတယ်' ဟု ဗိုလ်ချုပ်က ပြန်ပြော၏။

ဗိုလ်ချုပ်၏အခန်းမှာ အတော်ကျယ်၍ မျက်နှာစာတွင် လူဝင် တံခါးကြီး သုံးပေါက်၊ လက်ျာဘက်ဘေးတွင် ဗိုလ်ချုပ်၏ အတွင်းရေး အတွင်းဝန် ဗိုလ်ထွန်းလှ၏ အခန်းသို့ကူးသော တံခါး၊ လက်ဝဲဘက်ဘေးတွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်၏အခန်းသို့ကူးသော တံခါးသည်လည်းကောင်း ရှိပြီးလျှင် အခန်း၏ကျောဘက်တွင် ပြတင်းပေါက် သုံးခုရှိ၏။ အခန်းတွင်း အရှေ့မြောက်ထောင့်တွင် ဗိုလ်ချုပ်၏ အလုပ်စားပွဲရှိ၍ ၎င်းအခန်း၏ တောင်ဘက်နံရံတွင် ဝန်ကြီးများ အစည်းအဝေး စားပွဲရှိ၏။

ဝန်ကြီးများ အစည်းအဝေးစားပွဲသည် စားပွဲရှည်သုံးခုကို ထောင့်ချိုး ဂ ငယ်ပုံ သုံးဖက်ပိတ် တစ်ဖက်ဖွင့် ဆက်၍ထား၏။ ထိပ်စားပွဲသည် ၁၀ ပေခန့်ရှည်၍ သုံးပေခန့်ကျယ်၏။ ထိုထိပ်စားပွဲ၏အစွန်းတစ်ဖက်တစ်ချက်တွင်ယှဉ်၍ ထောင်လိုက်ဆက်ထားသော စားပွဲများမှာ ၁၈ ပေ ခန့်ရှည်၍ သုံးပေခန့် ကျယ်၏။

ထိပ်စားပွဲ၏ အလယ်တွင် ဗိုလ်ချုပ်ထိုင်၏၊ ဗိုလ်ချုပ်၏ လက်ဝဲဘက်တွင် ဝန်ကြီးများအဖွဲ့ အတွင်းဝန် ဦးရွှေဘော်ထိုင်၏။ လက်ယာဘက်နံဘေးရှိ စားပွဲရှည်တွင် သခင်မြ၊ ဦးဘချို၊ ဦးရာဇတ်၊ ဦးဘဝင်း၊ မန်းဘခိုင်တို့ တစ်ယောက်ပြီးတစ်ယောက် ယှဉ်၍ထိုင်ကြ၏။ ထိပ်စားပွဲ၏လက်ဝဲဘက်နံဘေးရှိ စားပွဲရှည်တွင် ကျွန်တော်၊ ဦးအောင်ဇံဝေ၊ ပျော်ဘွယ်ဦးမြ၊ မိုင်းပွန်စော်ဘွားကြီးတို့ တစ်ယောက်ပြီး တစ်ယောက် ယှဉ်၍ထိုင်ကြ၏။

အစည်းအဝေးသည် ချိန်းထားသည့်အတိုင်း ၁၀ နာရီမှာ အချိန်မှန် စ၏။ အစဉ်အလာအတိုင်း အရေးကြီးသောကိစ္စများ စဉ်းစားသောအခါ သက်ဆိုင်ရာဌာန အတွင်းဝန်သည် လိုအပ်က လာရောက်၍ ရှင်းလင်းပြောပြရ၏။ ထိုနေ့က ကိစ္စအချို့စဉ်းစားပြီးသည့်နောက် ၁၀ နာရီခွဲ ကျော်ကျော်လောက်တွင် စဉ်းစားရန် အလှည့်ကျသဖြင့် သက်ဆိုင်ရာဌာန၏ ဒုတိယအတွင်းဝန်ဖြစ်သော အိုင်-စီ-အက်စ် ဦးအုန်းမောင်သည် အစည်းအဝေးခန်းသို့ရောက်ရှိလာပြီး လက်ယာဘက်စားပွဲထိပ် သခင်မြ၏ အနီး၌ ကပ်လျက်ထိုင်၏။

ဦးအုန်းမောင် ရောက်ရှိပြီး နှစ်မိနစ် သုံးမိနစ်ခန့်အကြာတွင် အစည်းအဝေး ခန်းမကြီး၏ မျက်နှာစာရှိ တံခါးသုံးပေါက်အနက် မြောက်ဆုံး တံခါးပေါက်ကိုတွန်း၍ ဖွင့်ပြီးလျှင် စစ်ဝတ်စုံ ဝတ်ထားသော လူလေး ငါးယောက်သည် တော်မီဂန်း၊ စတင်းဂန်း စသည့် သေနတ်များကိုကိုင်ဆောင်၍ အစည်းအဝေးခန်းမ အတွင်းသို့ ဝင်ရောက်လာကြ၏။ ထိုအခါက ကျွန်တော်သည် သူတို့ဝင်လာသည့် တံခါးကိုမျက်နှာမူ၍ ထိုင်နေသဖြင့် ဝင်လာသည့်အချိန်မှစ၍ ကောင်းစွာသတိပြုမိ၏။ ဝင်လာသူများသည် တပ်မတော်၏အဝတ်အစားများကို ဝတ်ဆင်လာကြသဖြင့် တပ်မတော်သားများ ဖြစ်သည်ဟုပင် ထင်မိ၏။ သူတို့သည် အလွန်အရေးကြီး၍ ရုတ်တရက်ဖြစ်ပေါ်သော ကိစ္စတစ်ခုခုကို ဝန်ကြီးအစည်းအဝေးသို့ အစီရင်ခံလိုသဖြင့် လာကြသည်ဟု တွေးမိ၏။ နားမလည်သေး ရိုင်းသေးသဖြင့်သာ တစ်ယောက်တည်းမလာဘဲ လူအများစု၍လာခြင်း၊ သေနတ်များကိုင်ဆောင်လာခြင်းတို့ကို ပြုလုပ်ကြသည်ဟု တစ်ဆက်တည်းတွေးကာ နောက်နောင် ဝန်ကြီးအစည်းအဝေးသို့ကိစ္စရှိ၍ လာရောက်လျှင် တပ်မတော်သားတစ်ဦးသည် လက်နက်ကို အပြင်မှာထားခဲ့ရန်နှင့် တစ်ယောက်တည်းလာရန် အမိန့်ထုတ်ထားပါဟု ဗိုလ်ချုပ်အား ပြောမည်ဟူ၍ပင် စဉ်းစားမိ၏။

ဝင်လာသူ ယူနီဖောင်းဝတ် လက်နက်ကိုင်တို့သည် အစည်းအဝေးစားပွဲကြီး၏ စားပွဲသုံးခုအနီး(ဂ၊ ငယ်) ဝမ်းဗိုက်၏ အဝင်ဝသို့လာ၍ သုံးယောက်ခန့် ရှေ့နောက်စီကာ ရပ်ပြီးလျှင် ရှေ့ဆုံးမှ ဝင်လာသူသည် 'ဟိတ်' ဟု အသံကျယ်စွာ တစ်ခွန်းအော်လိုက်ပြီး ဗိုလ်ချုပ်အား တော်မီဂန်းနှင့် စ၍ပစ်၏။ ဗိုလ်ချုပ်သည် မတ်တတ်ရပ်လိုက်ကာ သေနတ်ပစ်သူတို့ ဘက်သို့ လက်ကာပြပြီးလျှင် တစ်စုံတစ်ခုကို ပြောလိုက်၏။ ဘာပြောသည်ဟူ၍ကား ကျွန်တော်နားမလည်လိုက်ပေ။

ထိုသို့ပစ်လိုက်သည်နှင့်တစ်ပြိုင်နက် ပျော်ဘွယ် ဦးမြနှင့် ဦးရွှေဘော်တို့သည် ကျောဘက်ရှိ ပြတင်းပေါက်မှ ကျော်ထွက်ပြီးလျှင် ပြတင်းပေါက်အောက်ရှိ နှစ်ပေခန့်ကျယ်သော ကြမ်းပြင်စွန်းကိုကွယ်၍ ဦးရွှေဘော်၏ အခန်းသို့ကူးပြေးကြ၏။ ကျွန်တော်သည် ထိပ်စားပွဲနှင့် အလျားလိုက်ယှဉ်ကာ ကြမ်းပေါ်တွင်မှောက်၍ အိပ်လိုက်၏။ ထိုသို့အိပ်လိုက်သောအခါ ကျွန်တော်၏ လက်ဝဲဘက်တွင်ရှိသော ဦးအောင်ဇံဝေ၏ လက်ကိုလည်းဆွဲ၍ ချလိုက်သဖြင့် ဦးအောင်ဇံဝေသည်လည်း ကျွန်တော်နှင့်အတူ အိပ်လိုက်၏။

ထိုသို့ ရန်သူ့လက်နက်နှင့် ကြုံကြိုက်သောအခါ လှဲ၍ အိပ်လိုက်ခြင်းသည် ဂျပန်ခေတ်စစ်အတွင်းက ရရှိခဲ့သော အလေ့အကျင့်အမွေဖြစ်၏။ ဗုံးကြဲလေယာဉ်ပျံများလာသဖြင့် အာရှလူငယ်သူနာပြုအဖွဲ့များကို ဗုံးကျုံးရာသို့ စေလွှတ်သော အခါ ကျွန်တော်အမြဲမှာလေ့ရှိသော နောက်ဆုံးစကားများမှာ (ဗုံးကြဲလျှင်၊ စက်သေနတ်ပစ်လျှင် အမြန်ဆုံးလှဲ၍ အိပ်လိုက်) ဟု ဖြစ်လေရာ ကိုယ်ရေးကြုံသောအခါ လှဲ၍အိပ်ပြီး ဖြစ်နေသည်ကို သတိပြုမိ၏။ ကျွန်တော်သည် သမ္ဗုဒ္ဓေဂါထာ သိရသ္မိံဂါထာနှင့် စမ္ဗစတ်ဂါထာများကို စစ်အတွင်းက အမြဲရွတ်လေ့ရှိသည့်အတိုင်း ထိုသို့ ကြမ်းပေါ်တွင်မှောက်၍နေစဉ်အချိန်တွင်လည်း ရွတ်လျက်ရှိသည်ကို သတိပြုမိ၏။ ဦးအောင်ဇံဝေသည် ပစ္စည်းခေါ် ပဋ္ဌာန်းကျမ်း၏အကျယ်ဖြစ်သော ပဋ္ဌာန်းပစ္စယနိဒ္ဒေသ ပါဠိတော်ကို အနှစ်သုံးဆယ်ကျော်မျှ တစ်နေ့မပြတ် ရွတ်ဖတ် သရဇ္ဈာယ်ခဲ့သည့်အလျောက် ကြမ်းပေါ်သို့လှဲလိုက်သည့်အချိန်မှစ၍ ရန်သူများထွက်သွားသည့်အချိန်အထိ စိတ်တွင်အာရုံပြု၍ ရွတ်ကြောင်း နောက်မှ စုံစမ်းသိရှိရလေသည်။

ထိုသို့မှောက်လျက်ရှိစဉ် ကျွန်တော်၏ လက်ဝဲဘက်နံဘေးသည် ပူခနဲ ဖြစ်သွား၏။ ကျည်ဆန်တစ်ခု ဘေးသို့ရှပ်၍ ဖောက်ဝင်သွားသည်ဟု ထင်မိ၏။ သို့သော် သေနိုင်သောနေရာ မဟုတ်ဟူ၍လည်း တွေးလိုက်သေး၏။

အိမ်ပြန်ရောက်၍ ကြည့်သောအခါ ထိုသို့ ပူခနဲဖြစ်သည့် နေရာ (နံရိုးစွန်းနှင့် တင်ပါးရိုးကြားအသား) တွင် လက်သန်းဖျားခန့် မည်း၍နေသော အဝိုင်းငယ်တစ်ခုကို တွေ့ရ၏။ ထိုနေရာနှင့်တည့်တည့် သက္ကလတ်အပေါ်အင်္ကျီတွင် လက်မဝက်ခန့်ရှည်၍ မန်ကျည်းစေ့ခန့်ကျယ်သော အပေါက်ငယ်တစ်ခုကိုလည်း တွေ့ရ၏။ ထိုသို့ ကျည်ဆန်မှန်သောနေရာတွင် လုံချည်၊ ဘောင်းဘီ၊ ရှပ်အင်္ကျီ၊ ဆွယ်တာလက်ပြတ်နှစ်ခု စွပ်ကျယ်နှင့် အပေါ်အင်္ကျီပါ အားလုံး ခုနစ်ထပ်ရှိသည်ကို တွေ့ရ၏။

ကျွန်တော်၏လက်ယာဘက် လက်သူကြွယ်အဖျားတွင် တစ်ချက်ထိမှန်၏။ ကျည်ဆန်သည် လက်ဖျားမှဝင်ပြီးလျှင် အလယ်ဆစ်၏ဘေးမှ ထွက်၏။ လက်ဖျားဆစ်၏အတွင်း သားနှင့် အရိုးတစ်ပိုင်းပဲ့၍ ပါသွားသဖြင့် လက်ဖျားဆစ်တွင်

စာမျက်နှာ ၅ သို့



အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံခဲ့ရသည့် ဝန်ကြီးများရုံး အဆောက်အအုံအား တွေ့ရစဉ်



## ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်၏ အမှာစကား

ကျွန်မရဲ့ခင်ပွန်းသည်ဖြစ်တဲ့ ဗိုလ်ချုပ်အောင်ဆန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြိုးပမ်းရင်း လမ်းခုလတ်တွင် ကျဆုံးခဲ့ရပါပြီ။

သေဆုံးတဲ့သူမှာ သေဆုံးပြီးဖြစ်၍ ကျွန်မ အထူးချဲ့ထွင်ပြီး မပြောလိုတော့ပါ။ သူ့ကို တကယ်လေးစားချစ်ခင်ကြပါလျှင် သူလိုလားတဲ့ ရည်မှန်းချက်ပန်းတိုင်သို့ရောက်အောင် သူချခဲ့တဲ့ လမ်းစဉ်အတိုင်း ဆတက်ထမ်းပိုး သယ်ပိုးဆောင်ရွက်ကြဖို့ လိုပါတယ်။

ကျွန်မအတွက် ပြောရမည်ဆိုလျှင် ကျွန်မရဲ့ခင်ပွန်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် ကြီးလေးတဲ့တာဝန်ကို ထမ်းဆောင်ပြီး ရှေ့ဆောင် ရှေ့ရွက်လုပ်နေတဲ့အခါ၊ ကျွန်မဟာ တိုင်းပြည်ရဲ့တာဝန်ကို ခွဲဝေထမ်းဆောင်ခဲ့တဲ့သဘောဖြင့် နောက်မှနေပြီး သူ့အား အမျိုးမျိုးပြုစုအားပေးခဲ့ပါတယ်။

ယခု သူကွယ်လွန်သွားတော့ သူ့ကို ပြုစုရမည့်အစား သူချခဲ့တဲ့လမ်းစဉ်တွင် ပါဝင်နိုင်တဲ့ဘက်တွင် ပါဝင်ထမ်းပြီး သူချန်ခဲ့တဲ့ သူ့သွေး သူ့သား၊ မိမိရဲ့ ရင်သွေးကလေးများကို အဖေ့သားများပီပီ အဖေ့ခြေရာနင်းနိုင်အောင် ပျိုးထောင်ပေးတော့မယ်လို့ ဆုံးဖြတ်ပါတယ်။

ကျွန်မနဲ့ကံတူအကျိုးပေးများဖြစ်ကြတဲ့ အခြားကျဆုံးသော ခေါင်းဆောင်ကြီးများရဲ့ဇနီးသည်များဟာလည်း ကျွန်မလို ဝမ်းနည်းပက်လက် ဖြစ်ကြမှာပဲ။ ဒါပေမယ့် ကျွန်မတို့ဟာ သူတို့ကိုချစ်ရိုးမှန်ရင် သူတို့ချခဲ့တဲ့လမ်းစဉ်ကို လိုက်ကြမှ ချစ်ရာကျတော့မယ်။ သူတို့ရည်မှန်းခဲ့တဲ့လုပ်ငန်းစဉ်ကို သူတို့ကိုယ်တိုင်မတွေ့မြင်လိုက်ကြပေမယ့် ကျွန်မတို့က အကောင်အထည်ပေါ်အောင် ဝိုင်းဝန်းအားပေးကြရမှာပဲ။

လူထုသို့ ကျွန်မပြောလိုတာကတော့ မိမိတို့အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကို ရှောင်ကြဉ်၍ သူချခဲ့သောလမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြပါ။ သူပျိုးထောင်ခဲ့သော ဖ ဆ ပ လ အဖွဲ့ချုပ်ကြီးကို ဆတက်ထမ်းပိုး အားပေးထောက်ခံကြပါ။ သူရည်မှန်းခဲ့တဲ့ လုံးဝလွတ်လပ်ရေးကို မရမနေ ကြိုးပမ်းကြပါလို့ပဲ နောက်ဆုံး မှာလိုပါတယ်။

**ဟံသာဝတီသတင်းစာ**

**. . . ဇူလိုင်၊ ၁၉၄၇ မှ ကောက်နုတ်ဖော်ပြပါသည်။**

**လူထုသို့ ကျွန်မပြောလိုတာကတော့ မိမိတို့ အားကိုးယုံကြည်လေးစားသော ခေါင်းဆောင်ကြီးကို ရက်စက်စွာ လုပ်ကြံမှုကြောင့် ဒေါသထွက် စိတ်ဆိုး၍ စိတ်လိုက်မာန်ပါ လုပ်မှုကိုင်မှုကို ရှောင်ကြဉ်၍ သူချခဲ့သောလမ်းစဉ်အတိုင်း တစ်သဝေမတိမ်း လိုက်နာဆောင်ရွက်ကြပါ**

# ၂၀ ဇူလိုင်လ ၁၉၄၇ ဒိုင်ယာရီ

## မင်းသုဝဏ်



မနေ့နံနက်က ဗိုလ်ချုပ်တို့ အနိစ္စရောက်ရှာပြီ။ တနင်္လာနေ့ (၁၄.၇.၄၇) ကပင် သူတို့ကို တွေ့ခဲ့ရသေးသည်။

တနင်္လာနေ့ညနေပိုင်း စာသင်တန်းမရှိ၍ ကျွန်ုပ်အိပ်ရာပေါ်တွင် စာဖတ်ရင်း တမှေးအိပ်ပျော်သွားသည်။ ထိုအခိုက် ဆရာခင်ဇော်လာ၍ ခေါက်ဆွဲ မောင်မောင်ထံတွင် ဂျပန်လက်ထက်က ပျောက်သွားသော စာရွက်စာတမ်းများ ရှိသည်ကြား၍ သွားမေးကြရအောင်ဟု ပြောသဖြင့် လိုက်သွားသည်။ ထင်ဖတ်အိမ်တွင် ငါးလက်ခွာ ငါးခြောက်နှင့် လက်ဖက်ရည်ကြမ်း မော့ပြီး ဆရာခင်ဇော်၊ မောင်ထင်၊ ကျွန်ုပ်ပါ သုံးဦးသား အတွင်းဝန်များရုံးသို့ သွားကြသည်။ ကားကို ဆိုက်ပြီး လွှတ်တော်ရှေ့ကို ဖြတ်သွားသောအခါ ဝရန်တာတွင် ဆရာဦးဘချို့နှင့် ဗိုလ်ချုပ်တို့ စကားပြောနေကြသည်ကို မြင်၍ ကျွန်ုပ်တို့ သုံးဦးသား ကပ်သွားကာ စကားဝိုင်းဖွဲ့ကြသည်။

ဗိုလ်ချုပ်သည် ဘန်ကောက်လုံချည် နံ့သာရောင်ဖြင့် ပိုးအင်္ကျီဝတ်ထားပြီး တစ်ပတ်သားခန့်ရှိသော မုတ်ဆိတ်နှင့် နှုတ်ခမ်းမွေး လေးငါးဆယ်ပင် ရှိသည်။ ညှပ်ဖိနပ်စီးထားပြီး လုံချည်ကို မကာ မကာ စကားပြောသည်။ ကောလိပ်ကျောင်း ရောက်ခါစ ကျောင်းသားငယ်နှင့် တူသည်။

တနင်္ဂနွေနေ့က သူ့မိန့်ခွန်းကို အသံလွှင့်သည့် အကြောင်းနှင့်စပ်၍ စကားပြောကြသည်။ သူလက်တန်းပြောသမျှတွင် ထိုနေ့က ပြောသောစကားကို သူအကြိုက်ဆုံးဖြစ်သည်ဟု သူပြောသည်။

ကျွန်တော် လိုရမည်ရ မှတ်သားထားတဲ့ ဖိုင်တွဲတွေကို ဆွဲလာပြီး ပြောတာကို စီစဉ်ပြီးသားစကားကို ပြောတယ်လို့ ထင်ကြမှာပဲ။ ကျွန်တော် အလုပ်ရှုပ်နေလို့ မစီစဉ် မရေးသားနိုင်ခဲ့ဘူး။

ပြောချင်တာကလေးတွေကိုသာ တေးလာရတယ်။ ဒါပေမယ့် မနေ့က စကားကို ကျွန်တော် လက်တန်းပြောခဲ့သမျှမှာ အကြိုက်ဆုံးလို့ ထင်တာပဲ။ ခင်ဗျားတို့ ဘယ်လို အသံလွှင့်သလဲဟုကိုထင်တို့ဘက်သို့ လှည့်၍မေးသည်။ ကြမ်းတဲ့အပိုင်းတွေကိုဖြတ်ပြီး ကောင်းတာတွေကို လွှင့်ပါတယ်ဟု ပြန်ဖြေသည်။ အိုအဆီအသားတွေကို ချန်ခဲ့တာကိုးဗျ။ ထိုဟာတွေမှ အဆီတွေပဲ။ ဒီလို ပြောမှထိတယ် မိတယ်ဟု ဆိုကာ သူငယ်စဉ်က တရားဟောခဲ့ပုံတွေကို ပြောပြသည်။

တစ်ခါတော့ ကျွန်တော်ရယ်၊ ဆရာကြီးရယ်၊ သခင်စိုးရယ် မန္တလေးမှာ တရားဟောကြတယ်။ မန္တလေးသဘောကိုလည်း ကျွန်တော်တို့ မသိဘဲကိုး။ သည်တော့ ကျွန်တော်တို့က အသံချဲ့စက်ကြီးနဲ့ ဟောတာပေါ့။ ကျွန်တော့်ကို နောက်ဆုံး အဟောခိုင်းတယ်။ ကျွန်တော်ကလည်း စိတ်ရှိ လက်ရှိ ဟောတာပေါ့။ ပြီးခါနီး ပရိသတ်ကို ကြည့်လိုက်တော့ ကျိုးတိုးကျဲတဲ၊ နည်းနည်းပဲရှိတာကို တွေ့ရတယ်။ မန္တလေးမှာ တရားပွဲစရင် အသံချဲ့စက်နဲ့ မပြောရဘူး။ ရိုးရိုးပဲ ပြောရသတဲ့။ သည်တော့မှ ပရိသတ်တွေက တရားဟောတဲ့ လူနားကိုစုပြီး ဝိုင်းလာကြတယ်။ ဝိုင်းလာတော့မှ အသံချဲ့စက်နဲ့ဖိပြီး ဟောရသတဲ့။ စစချင်း အသံချဲ့စက်နဲ့ဟောရင် နေရာတကာ က ကြားရတော့ အဝေးကိုထွက်သွားကြပြီး အိမ်ကြိုအိမ်ကြား အိမ်ပေါ် အိမ်တွင်းက နားထောင်ကြလို့ တရားပွဲမှာ လူမစည်ဘူးတဲ့။ အဲသည်တုန်းက ဆရာကြီးကတော့ စီကာပတ်ကုံး ဖွဲ့ဖွဲ့နွဲ့နွဲ့ပြောသွားတော့ ပရိသတ်က သိပ်ပြီး သဘောကျတာပေါ့။ သခင်စိုးနဲ့ ကျွန်တော်ကတော့ လေ့လာထားတဲ့အချက်တွေကို ရိုးရိုးပြောတော့ ပွဲမကျပါဘူး။ တရားပွဲပြီးတော့ လူတစ်ယောက်က ပြောသတဲ့။ သခင်အောင်ဆန်းတို့၊ သခင်စိုးတို့ ကောင်းတယ်၊ ကောင်းတယ်ဆိုပြီး ဘာများ ကောင်းတာပါလိမ့်လို့ ပြောသတဲ့။ အဲဒါနဲ့ နောက်တစ်နေ့တော့ မန္တလေးနားက ခပ်ခေါင်ခေါင် အရပ်တစ်ခုကို သွားပြီး ကျွန်တော်တို့ တရားဟောကြပြန်တယ်။ ကျွန်တော့်အလှည့်ကျတော့ ပရိသတ်ဟာ ငြိမ်ချက်သားကောင်းလို့ ပျင်းနေကြပြီထင်ပြီး ကျွန်တော်က ပြက်လုံးထုတ်လိုက်တယ်။ ဘယ့်နှယ်လဲဆိုတော့ ကျွန်တော်ဟာ သည်အရပ်ကို မရောက်တာ အတော်ကြာသွားပါပြီ။ ဘယ်လောက်ကြာလဲဆိုရင် မွေးကတည်းကပါပဲလို့ ပြောပြီး ပွဲကျမလားလို့ ပရိသတ်ကို ကြည့်ပါတယ်။ ဘယ်သူမှ ရယ်ဖော်မရဘူး။ ထိုအခါ ဆရာဦးဘချို့က ဗိုလ်ချုပ် ပြက်လုံးထုတ်တာက ကျင်ခဲပြောသလိုများ ဖြစ်နေမှာလား။ ရွာတစ်ရွာမှာ အရပ်သားတွေက အင်မတန် ဆိုးသတဲ့။ ပွဲကရင် ဆူကြပူကြနဲ့ ပွဲပျက်ပျက်သွားသတဲ့။ သည်တော့ ကိုကျင်ခဲတို့ ရောက်သွားတော့ ကာလသားခေါင်းကို ပြေးကပ်ပြီး ပွဲကို ထိန်းပေးဖို့ ပြောသတဲ့။ ကာလသားခေါင်းကလည်း အရပ်သားတွေကို ‘မင်းတို့ ပွဲကြည့်တဲ့အခါ တုတ်တုတ်မှ မလှုပ်ကြနဲ့၊ လှုပ်ရင်သိရမယ်’ လို့ ကြိမ်းလွှတ်လိုက်သတဲ့။ ဒါနဲ့ ညကျတော့ ပွဲမှာ လူပြက်တွေက ပြက်ကြရောတဲ့။ တစ်ခါပြက်လည်း မရယ်ကြဘူးတဲ့။ နှစ်ခါပြက်လည်း မရယ်ကြဘူးတဲ့။ အဲဒီလိုနဲ့ ပွဲသာပြီးရော ဘယ်သူမှ မရယ်ဘူးတဲ့။ ဒီတော့ ကိုကျင်ခဲက အရပ်ထဲမှာ စုံစမ်းကြည့်သတဲ့။ လက်စသတ်တော့ ကာလသားခေါင်းက တုတ်တုတ်မှ မလှုပ်ရဘူးဆိုလို့ ရယ်ချင်လျက်နဲ့ မရယ်။ အောင့်နေကြရတယ်ဆိုကိုး။ ‘ဗိုလ်ချုပ်ဟော တုန်းကလည်း သည်လိုများ ဖြစ်မှာလား’ ဟု ပြောရာ ဗိုလ်ချုပ်လည်း ပြုံးနေလေသည်။ ကျွန်ုပ်ကလည်းထောက်၍ ‘ဗိုလ်ချုပ်ဆီက ပြက်လုံးကို မမျှော်လင့်တဲ့အတွက် မရယ်ကြတာ ထင်ပါရဲ့’ ဟု ပြောရာ ‘ဟိုတုန်းက ကျွန်တော် နာမည်မကြီးသေးပါဘူး’ ဟု ပြန်ပြောလေသည်။

ထို့နောက် ဆရာက ‘ဆရာလည်း နိုင်ငံရေးကထွက်ပြီး ပညာရေးတို့ ယဉ်ကျေးမှုတို့ကို လိုက်စားပြုစုချင်ပါတယ်။ ဆရာတို့ ကိုဝန်တို့ (ဤနေရာတွင် ကျွန်ုပ်အား စီးကရက်ထုတ်ပေးသည်) အာရှ အရှေ့တောင်ပိုင်းကိုသွားပြီး ယဉ်ကျေးမှု လေ့လာချင်ပါတယ်’ ဟု ပြောရာ ဗိုလ်ချုပ်က လက်ကာ၍ ‘နေပါဦး၊ နေပါဦး’ ဟု ပြောသည်။ ယဉ်ကျေးမှုကို မနှစ်သက်၍ လက်ကာသလားဟု ကျွန်ုပ်စိတ်တွင် ထင်မိခိုက်။ ကျွန်တော်လည်း နိုင်ငံရေးက ထွက်မှာပါပဲ။ ထွက်ပြီးတော့ စာရေးမယ်ကြံတယ်။ ကျွန်တော် ကျောင်းမှာနေတုန်းက မြန်မာစာပါ ယူခဲ့တယ်။ မြန်မာစာမှာ ကျွန်တော် အမှတ်ကောင်းကောင်းရတယ်။ ကျွန်တော်ကြိုးစားရင် ဒစ်စတေးရှင်းတောင် ရမှာပဲ။ ဒါပေမယ့် ဟိုတုန်းကတော့ အိုင်စီအက်စ်တို့ ဘာတို့မှန်းတော့ အင်္ဂလိပ်စာကိုပဲ ဖတ်တာပဲ။

‘ကျွန်တော်လည်း စာပေကို ဝါသနာ ပါပါတယ်။ အရိုင်းသက်သက်မဟုတ်ပါဘူး’ ဟု ဆိုကာ သခင်ဘသောင်း၏ ပန်းသာမစာဥ၊ မောင်ထင်၏ ငဘ၊ ရွှေဥဒေါင်း၏ ရတနာဒီပ (Treasure Island) စသည်တို့ကို ချီးမွမ်းသည်။ ‘ကျွန်တော်တို့ဆီမှာ ဘာသာပြန်တွေ အများကြီးလိုတယ်။ Biography တွေလည်း လိုတာပဲ၊ ဘာကြောင့်မရေးကြသလဲ မသိဘူး’ ဟု ပြော ရာ ဆရာဦးဘချို့က ဝင်၍ မြန်မာမှာ ခက်တာက ဘုန်းကြီးများ ပျံတော်မူရင် ထေရုပ္ပတ္တိတွေ ရေးရတယ်။ သည်တော့ Biography ဆိုရင် သေမှ ရေးရတယ်။ ထိုအခါ ဗိုလ်ချုပ်က ‘ကျွန်တော့် အကြောင်းတွေကို ရေးကြတာဖြင့် တလွဲချည်းပါပဲ။ Emile Ludwing တို့လို ရေးတတ်တဲ့ လူများရှိရင် သိပ်ကောင်းမယ်’ ဟု ဆိုကာ Ludwing အကြောင်း ဆွေးနွေးကြသေးသည်။

ထိုအခိုက် ဆရာသိန်းဟန်နှင့် အမတ် ဦးဘသီတို့ ရောက်လာကြသည်။ ဦးဘသီက ဆရာဦးဘချို့ကို ‘အစ်ကိုကြီးမှာလိုက်တဲ့ လုံချည်ကို ရက်ပေးလိုက်ပြီ။ ကိုဘချို့ ကြိုက်တဲ့ မတ်တတ်စင်းပဲ’ ဟုပြောရာ ဆရာက ကျွန်ုပ်တို့ဘက်သို့ လှည့်ကာ ‘ဆရာက အသက်ကြီးတော့ ငယ်ငယ်က ကြိုက်တတ်တဲ့ အဆင်လေးတွေကို ပြန်ပြီး အောက်မေ့တယ်၊ အနက် မတ်တတ်စင်းမှာ ဘေးက အဖြူစင်းကလေးတွေ ညှပ်ပြီး ရက်တာကို ဆရာက အင်မတန်ကြိုက်တယ်’ ဟု ပြန်ပြောလေသည်။

ထို့နောက် ဗိုလ်ချုပ်က ‘သည်နေ့ ထမင်းစားပြန်တော့ ဂျာနယ်ကျော်မှာပါတဲ့ မန်းတင်ရဲ့ ဆောင်းပါးကို ဖတ်မိလို့ သဘောကျနေတယ်၊ ဖဆပလ ညီလာခံကို ရောက်လာတဲ့ တောက အမတ်တစ်ဦး တောကိုပြန်သွားတော့ မြို့အုပ်မောင်ပြုံးချိုက မေးသတဲ့၊ သည်တော့ အမတ်က ကြီးကျယ်ခမ်းနားပုံတွေကို လျှောက်ပြောသတဲ့။ နောက်ပြီး ဥက္ကဋ္ဌကလည်း မိန့်ခွန်းပြောတယ် သာဆိုတယ် စာကိုဖတ်ပြတာပဲလို့ ပြောသတဲ့၊ (ဥက္ကဋ္ဌမှာ သခင်မြ) အဲဒါနဲ့ မောင်ပြုံးချိုက ဘာတွေများ ဆုံးဖြတ်လိုက်သလဲလို့ မေးတော့ ဒါတွေ ကျုပ်မသိဘူး၊ ဟောသည်က စာရွက်စာတမ်းတွေကိုသာ ဖတ်ကြည့်လိုက်တော့လို့ ပြန်ပြောသတဲ့’ ဟုဆိုကာ ရယ်လေသည်။ ထိုအခိုက် ဆရာဦးဘချို့က ဦးခင်ဇော်ဘက်သို့ လှည့်ကာ ‘ဗိုလ်ချုပ်အိမ်က ရေဒီယိုက မကောင်းဘူးတဲ့၊ ကောင်းကောင်း မကြားရဘူးတဲ့၊ ရေဒီယိုတစ်လုံးလောက်ပေးမှုပဲ’ လို့ ပြောလေသည်။ ထိုစကားပြောနေခိုက် မိုးသည်းလာသည်။ ခဏကြာသောအခါ ပျော်ဘွယ်ဦးမြ ကားနှင့်ရောက်လာ၍ ဗိုလ်ချုပ်အနားသို့ကပ်ကာ ပြောစရာရှိတယ်ဟု ပြောသဖြင့် လိုက်သွားလေသည်။ နောက်အခန်းမှ ပြန်ထွက်လာကာ သခင်နု ရှိသလားဟု မေးသည်။ ထိုအခါက သခင်နုမှာ ဘိလပ်ပြန်ရောက်ကာစ နေမကောင်းသဖြင့် ရုံးမတက်နိုင်။ ထို့ကြောင့် ဗိုလ်ချုပ်လည်း ကားစီးကာ ထွက်သွားလေသည်။

**(၂၀ ဇူလိုင် ၁၉၄၇ ရက်က ရေးခဲ့သော ဆရာမင်းသုဝဏ်၏ ဒိုင်ယာရီမှ)**

ပိတောက်ပွင့်သစ်၊ စာပေအနုပညာမဂ္ဂဇင်း၊ အမှတ် (၁၃)၊ ဇူလိုင်၊ ၂၀၀၇ မှ ပြန်လည်ကောက်နုတ်ပါသည်။

---

*စာမျက်နှာ ၄ မှ*

စပါးစေ့တစ်ခြမ်းလောက်မျှသော အရိုးတစ်ပိုင်းနှင့် အပေါ်ရေသာ ကျန်ရစ်သည်ဖြစ်ရာ အဖူးကို နုတ်ယူထားသည့် ပြောင်းဖူးနှင့်တူ၏။

သူသတ် ယောကျ်ားတို့ကား သုံးယောက် ပြိုင်တူ ပစ်ကြ၏။ ပထမရပ်၍ ပစ်ကြ၏။ နောက် ဒူးထောက်၍ ပစ်ကြ၏။ ကျွန်တော်နှင့် ဦးအောင်ဇံဝေတို့ကို မူကားကြမ်းပေါ်တွင် မှောက်လျက်ရှိသဖြင့် သေပြီထင်ပြီး မပစ်ဟန် လက္ခဏာရှိ၏။

အပစ်အခတ် ရပ်စဲပြီး သူသတ်များ ပြန်ထွက်နေစဉ် တံခါးဝလောက် အရောက်မှာ ဦးအောင်ဇံဝေသည် မှောက်နေရာမှ ထထိုင်ပြီး ဗိုလ်ချုပ်လဲနေသည့်ဘက်ကို လက်ညှိုးထိုး၍ ပြပြီးလျှင် ‘သေကုန်ကြပြီ’ ‘သေကုန်ကြပြီ’ ဟု ညည်းတွားလိုက်၏။

ကျွန်တော်က ဦးအောင်ဇံဝေအား ဆွဲ၍ လှဲလိုက်ပြီးလျှင် ‘မထနဲ့ဦး ပြန်ဝင်လာရင် ခင်ဗျားကို ပစ်လိမ့်မယ်’ ဟုပြော၏။ ကျွန်တော်တို့ မိနစ်ဝက်ခန့်ဆက်၍ မှောက်နေကြပြီးလျှင် နှစ်ယောက်အတူ ထကြ၏။ တစ်ခန်းလုံး မီးခိုးဖြင့် မှောင်လျက် ယမ်းငွေ့တထောင်းထောင်း ထလျက်ရှိ၏။ ဗိုလ်ချုပ်ကား ပက်လက်လဲလျက်ရှိ၏။

ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့သည် ဦးရွှေဘော်၏ အခန်းဘက်သို့ ကူးသွားပြီးလျှင် တယ်လီဖုန်းဆက်ရန် ကြိုးစား၏။ တယ်လီဖုန်းဆက်၍မရ ပျက်နေဟန်ရှိ၏။ ကျွန်တော်၏အခန်းသို့သွားရန် ဦးရွှေဘော်၏ အခန်းပြင်သို့ထွက်လိုက်ရာ ထိုအချိန်က ရန်ကုန်ပုလိပ်မင်းကြီးဖြစ်သူ ဦးအောင်ချိန်အား အခန်းဝတွင် တွေ့၏။

‘ဘာဖြစ်ကြတာလဲ’ ဟု ဦးအောင်ချိန်က မေးသောအခါ ‘လာလာလိုက်သာကြည့်တော့’ ဟုပြောကာ ဦးအောင်ချိန်အား ဦးရွှေဘော်၏အခန်းကိုဖြတ်၍ အစည်းအဝေးခန်းသို့ ဦးအောင်ဇံဝေနှင့် ကျွန်တော်တို့က ခေါ်သွား၏။ ကျွန်တော်တို့ ပြန်ဝင်သွားသောအချိန်တွင် မိုင်းပွန်စော်ဘွားကြီးသည် သွေးပေလျက်ရှိသော မေးစေ့နှင့် ပါးစပ်တစ်ခြမ်းကို လက်ယာလက်ဝါးဖြင့်အုပ်ကာ ဗိုလ်ထွန်းလှ၏အခန်းဘက်သို့ လျှောက်သွား၏။ သို့သော် ဗိုလ်ထွန်းလှထွက်လာသဖြင့် လမ်းတွင် ဆုံမိကြ၏။ ဗိုလ်ထွန်းလှသည် အစည်းအဝေးခန်းသို့ ဝင်လာပြီးလျှင် သူသတ်တို့ထွက်သွားသော တံခါးကိုပိတ်၍ ချက်ထိုးလိုက်၏။

**ဗိုလ်ချုပ်က ‘ကျွန်တော်တို့လို စေတနာသန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့သူတွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကို သတ်ရင် တစ်နိုင်ငံလုံးက အုံကြွပြီး သူတို့ကိုကော မသတ်ဘဲ နေပါ့မလား’ ဟု ပြောဖူး၏။**

ဦးအောင်ချိန်အား အစည်းအဝေးခန်းတွင်ထားခဲ့ပြီးလျှင် ဦးအောင်ဇံဝေနှင့် ကျွန်တော်သည် ကျွန်တော်၏အခန်းသို့ သွားကြ၏။ အခန်းသို့ရောက်လျှင် ဦးအောင်ဇံဝေသည် ကျွန်တော့်လက်တွင် ရရှိသောဒဏ်ရာကိုကြည့်၍ ကျည်ဆန်မှာ အဆိပ်ပါမှာ စိုးရသည်။ ချက်ချင်းဆေးထည့်ပါဟု သတိပေး၏။ ကျွန်တော်သည် ကျွန်တော်၏ အတွင်းရေး အတွင်းဝန် မောင်သန်းမြင့်အား ဆရာဝန်ခေါ်ခဲ့ရန်မှာထားပြီးလျှင် အိမ်သို့ ပြန်၏။ ကုလားဆရာဝန်တစ်ယောက်နှင့် ဗိုလ်လက်ျာ၏ညီ ဒေါက်တာလှရွှေတို့ မကြာမီရောက်လာပြီးလျှင် လက်ဖျားကို ဆေးထည့် ဂွမ်းတို့ဖြင့် ချုပ်ကြ၏။ ဒေါက်တာ လှရွှေက လက်ပြာနေတာကို သဘောမကျ။ အဆိပ်ကြောင့် ဖြစ်ချင်လျှင် ဖြစ်နိုင်သည်ဟုပြောကာ အဆိပ်ဖြေသည့်ထိုးဆေးကို အရှာခိုင်းသဖြင့် မောင်သန်းမြင့်ကို လွှတ်၍ စစ်တပ်တွင်ရှာ၏။ ထိုးဆေးရှာနေစဉ်အတွင်း ဆေးရုံကြီးကို လိုက်ခဲ့ပါ။ ဆေးရုံကြီးမှာ ကိရိယာစုံသည်ဟု ဒေါက်တာလှရွှေက အကြံပေးသဖြင့် လိုက်သွား၏။

ဆေးရုံကြီးသို့ ရောက်သောအခါ ဒေါက်တာဘသန်းနှင့် ဒေါက်တာလှရွှေတို့ တိုင်ပင်ပြီးလျှင် ကုသ၍ဖြစ်နိုင်သော နည်းမျိုးစုံဖြင့် လိုလေသေးမရှိအောင် ကုသကြ၏။ စစ်တပ်တွင်ရှာသော အဆိပ်ဖြေထိုးဆေးလည်း အလွယ်တကူပင် ရရှိလာသဖြင့် ထိုးရ၏။ ဦးဘချို့နှင့် မိုင်းပွန်စော်ဘွားကြီး တို့အား ခွဲစိတ်ကုသရန် ပြင်ဆင်လျက်ရှိကြောင်း၊ ဒဏ်ရာရသူ ကျန်ပုဂ္ဂိုလ်များမှာ အားလုံးသေဆုံးကြပြီဖြစ်ကြောင်း ကျွန်တော်ဆေးရုံမှ မပြန်မီ ကြားသိခဲ့ရ၏။

ည ၈ နာရီခန့်တွင် ဒေါက်တာလှရွှေထံမှ စကားပြောကြေးနန်းနှင့် ဝန်ကြီးများ၏အလောင်းကို ညွှန်ကြားချက် တစ်စုံတစ်ရာမရရှိသဖြင့် ရေခဲတိုက်သို့ မပို့ရသေးဘဲ ဆေးရုံမှာပင် ရှိသေးကြောင်း ပြောသည်။ ရေခဲတိုက်သို့ ပို့သာပို့ပါ။ ကျွန်တော် လုံးဝတာဝန်ယူပါမည်ဟု အကြောင်းပြန်ကြားလိုက်၏။

ယခုကဲ့သို့ ဗိုလ်ချုပ်နှင့်တကွ နိုင်ငံ့မျက်နှာဖုံး ခေါင်းဆောင်ကြီးများ ကျဆုံးရခြင်းမှာ မိမိ၏စေတနာကို မိမိယုံကြည်လွန်းသောကြောင့် ဖြစ်၏။ ထိုသို့မဖြစ်မီ အချိန်အတော်ကြာကပင် ဗိုလ်ချုပ်နှင့်တကွ ဝန်ကြီးများအားသတ်ဖြတ်ရန် ကြံစည်စိုင်းပြင်းလျက်ရှိကြကြောင်း အစီရင်ခံစာအမျိုးမျိုး အကြိမ်ကြိမ်ရရှိခဲ့၏။ ထိုသို့ အစီရင်ခံစာများရရှိ၍ ဆွေးနွေးကြသောအခါတွင် ဗိုလ်ချုပ်က ‘ကျွန်တော်တို့လို စေတနာသန့်သန့်ရှင်းရှင်းနဲ့ အဘက်ဘက်က စင်ကြယ်တဲ့သူတွေကို သတ်မယ်ဆိုတာ မဟုတ်နိုင်ပါဘူး။ ကျွန်တော်တို့ကို သတ်ရင် တစ်နိုင်ငံလုံးကအုံကြွပြီး သူတို့ကိုကော မသတ်ဘဲ နေပါ့မလား’ ဟု ပြောဖူး၏။

ဝန်ကြီး အစည်းအဝေးအခမ်းအနား စသည်တို့တွင် လက်နက်ကိုင် ပုလိပ်အစောင့်အရှောက်၊ စစ်တပ် အစောင့်အရှောက်တို့ကို ဗိုလ်ထွန်းလှက စီမံလျှင် ဗိုလ်ချုပ် သဘောမကျ။

‘ဒို့က လူထုရဲ့အစိုးရပါ။ လက်နက်ကိုင်အစောင့်အရှောက် မလိုပါဘူး’ ဟု ပြောလေ့ရှိ၏။

မြတ်စွာဘုရားသော်မှ ဒေဝဒတ်၊ စိဉ္စမာန စသော ရန်သူများရှိနေသေးကြောင်းကို ပညာရှိသော်လည်း သတိဖြစ်ခဲဆိုသော စကားအတိုင်း ကျွန်တော်တို့ မဆင်ခြင်မိတဲ့ ပေါ့ပေါ့ဆဆနေလွန်းလှသဖြင့်သာ ယခုကဲ့သို့ ခေါင်းဆောင်ကြီးအများ ရေတိမ်မှာ နစ်ကြရရှာပေသည်။

ဦးစော၏အကြံသည် တစ်ရက်တည်းစောသွားသဖြင့် အောင်မြင်ခဲ့သည်။ စစ်တပ်မှ ဘရင်းဂန်း အလက် ၂၀၀ ဦးစောလိမ်၍ထုတ်ကြောင်း သတင်းကို သခင်မြတွင်လည်းကောင်း၊ ကျွန်တော့်တွင်လည်းကောင်း အခိုင်အလုံရရှိထားကြပြီးဖြစ်၍ ထိုနေ့ ဝန်ကြီးများအစည်းအဝေး နောက်ပိုင်း အထွေထွေခန်းတွင် ဦးစောအားဖမ်းရန် ညွှန်ကြားဖို့ ဆုံးဖြတ်ဖွယ်ရှိ၏။

ဦးစောနှင့် အပေါင်းပါတို့သည် ဗိုလ်ချုပ်အောင်ဆန်းနှင့် နိုင်ငံ့ မျက်နှာဖုံး အခြားခေါင်းဆောင်ကြီးများအား သတ်လိုက်ခြင်းဖြင့် ထိုပုဂ္ဂိုလ်များအားသာ သေစေသည်မဟုတ်၊ နိုင်ငံတစ်ခုလုံးကိုပင် သေစေသည် မည်၏။

### ကံကောင်းသူ ဝန်ကြီးများ

ထိုနေ့အစည်းအဝေးတွင် မတက်ရောက်သဖြင့် ကံကောင်းသောဝန်ကြီးများမှာ ဦးကျော်ငြိမ်း၊ ဆမားဒူးဝါး၊ စောစံဘိုးသင်နှင့် ဦးဝမ်ကိုဟောတို့ ဖြစ်ကြ၏။ ထိုအခါက ပြည်ထဲရေးဌာနဝန်ကြီးဖြစ်သော ဦးကျော်ငြိမ်းမှာ အင်္ဂလန်သို့ သွားနေခိုက်ဖြစ်၍ ပြည်ထဲရေးဌာနကို ပျော်ဘွယ် ဦးမြက အုပ်ချုပ်လျက်ရှိ၏။ ကျန်ဝန်ကြီးသုံးဦးမှာ နယ်သို့ရောက်ရှိ ခရီးလွန်နေ၍ အစည်းအဝေးမတက်ဖြစ်ဟု သိရ၏။

**ဦးဗဂျမ်း**
**(သတိုးမဟာသရေစည်)**
**(ဗ-လ-စ-ဌာနချုပ်-ဥက္ကဋ္ဌ)**

# ကျွန်တော်မမေ့နိုင်သော ဆယ့်ကိုးဇူလိုင်

**တက္ကသိုလ်နေဝင်း**



၁၉၄၆- မြန်မာနိုင်ငံရုပ်ရှင်နှင့် ပြဇာတ်ငွေရတု (၂၅)နှစ်မြောက် အခမ်းအနားသို့ (ဝဲမှယာ) လန်ဒန်အတ် ဦးအုန်းမောင်၊ ဒီးဒုတ်ဦးဘချို၊ ဖြိတိသျှ ဘားမား ဦးညွန့်၊ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်ထွန်းလှ၊ ဇာတ်မင်းသားကြီး ဦးဖိုးစိန်တို့ကို တွေ့ရစဉ်

**'ပျောက်သောသူ ရှာလျှင်တွေ့**
**သေသောသူ ကြာလျှင်မေ့'**

ဤကား ဗမာလူမျိုးတို့ ပြောနေကျ ဆိုရိုးစကားပင် ဖြစ်သည်။

ယေဘုယျအားဖြင့် မှန်ကန်သော ဆိုရိုးစကားလည်း ဖြစ်ပါ၏။

အထူးသဖြင့် အချိန်ကာလကြာမြင့်လာသော် သေသောသူအား တဖြည်းဖြည်းမေ့လျော့ကာ နောက်ဆုံး လုံးလုံး သတိမရတော့သောအခြေအနေ ဖြစ်လာတတ်သည်။

ဤသို့လျှင် ယေဘုယျအားဖြင့် မှန်ကန်သော ဆိုရိုးစကားနှင့်ပတ်သက်၍ ခြွင်းချက်တော့ရှိနေပါသည်။

ယင်းခြွင်းချက်ကား လွန်ခဲ့သော (၄၈)နှစ် ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့က ဖြစ်ပွားခဲ့သော ဗမာ့သမိုင်းတွင် အလွန်အရုပ်ဆိုး အကျည်းတန်ပြီး မည်သို့မှ ဖျောက်ဖျက်ပစ်၍ မရနိုင်သည့် အစွန်းအထင်း၊ အမည်းကွက်ကြီး (သို့မဟုတ်) နိုင်ငံတော် လုပ်ကြံမှုကြီးဖြစ်ရာမှ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အပေါင်းပါ အာဇာနည်ခေါင်းဆောင်ကြီးများ အတုံးအရုံးနှင့် ရေတိမ်နစ်ကျဆုံးခဲ့ခြင်းသည် အချိန်ကာလမည်မျှပင်ကြာမြင့်စေကာမူ မေ့ပျောက်၍ မရနိုင်သည့် ခြွင်းချက်ဖြစ်သည်ဟု ဆိုချင်ပါသတည်း။

အထူးသဖြင့် (၁၉-၇-၁၉၄၇)နေ့က ဖြစ်ရပ်နှင့်တကွ ယင်းဖြစ်ရပ်မတိုင်မီ တစ်လအတွင်းကဖြစ်ရပ်များကို အနီးကပ် သိရှိခဲ့ရသူ ကျွန်တော့်အဖို့ မမေ့နိုင်ရုံမက ပြင်းစွာနာကြည်းကြေကွဲခြင်း၊ ယူကျုံးမရဖြစ်ခြင်း၊ ဖြေမဆည်နိုင်အောင် ပူဆွေးဝမ်းနည်းခြင်း စသော စိတ်လှုပ်ရှားမှုဒဏ်ကို နှစ်စဉ် ဇူလိုင်လနီးကပ်လာတိုင်း အလူးအလဲ ခံစားရတတ်ပါသည်။

ဘာကြောင့် ဤသို့ဆိုရကြောင်းကိုလည်း ယခုဆက်လက်ဖော်ပြလတ္တံ့သော အကြောင်းပြချက်များက အဖြေပေးနိုင်လိမ့်မည် ထင်ပါသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းတွင် 'ဘီအိုအေ' ခေါ် ဗြိတိသျှစစ်တပ်ပင်မ လက်နက်ခဲယမ်းသိုလှောင်ရေးတပ်မှ ဘရင်းဂန်း၊ တော်မီဂန်း၊ စတင်းဂန်း စသော မောင်းပြန်လက်နက်များနှင့်တကွ ခဲယမ်းကျည်ဆန် အမြောက်အမြားကို ပစ္စည်းထုတ်ပုံစံတုများဖြင့် မသမာသူတစ်စုက ထုတ်ယူသွားကြောင်းကို Special Branch ခေါ် ရဲတပ်ဖွဲ့ဌာနချုပ်၏ 'သတင်းတပ်ဖွဲ့'က သတင်းရသဖြင့် ပြည်ထဲရေးဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့ထံ သတင်းပို့ အစီရင်ခံခဲ့ပါသည်။

ထိုအချိန်က ပြည်ထဲရေးဝန်ကြီး ဦးကျော်ငြိမ်းသည် နိုင်ငံခြားခရီးထွက်နေ၍ လယ်ယာစိုက်ပျိုးရေးဝန်ကြီး ပျော်ဘွယ်ဦးမြက ခေတ္တပြည်ထဲရေးဝန်ကြီးအဖြစ် တာဝန်ယူနေပါသည်။

ဖော်ပြပါ လက်နက်ခဲယမ်းများ လိမ်လည်ထုတ်သွားခြင်းနှင့် ပတ်သက်၍ အစိုးရအဖွဲ့က လိုအပ်သလို ဆောင်ရွက်ရန် ခေတ္တပြည်ထဲရေးဝန်ကြီးအား တာဝန်ပေးလိုက်ပါသည်။

ဝန်ကြီးဦးမြလည်း ပြည်ထဲရေးဝန်ကြီးဌာနက တိုက်ရိုက်ကွပ်ကဲသော (နောက်ပိုင်း ပြည်ထောင်စုစစ်ရဲတပ် UMP ဖြစ်လာသည်။) သောင်းကျန်းမှု နှိမ်နင်းရေးတပ်မှ တပ်စိတ်တစ်စိတ်ကို လက်နက်ခဲယမ်းအပြည့်အစုံ (မောင်းပြန်သေနတ်များအပါအဝင်)နှင့် ဗိုလ်ချုပ်အောင်ဆန်း၏ ရုံးခန်းအပြင်ဘက်တွင် လုံခြုံရေးတာဝန်များ ချထားလိုက်သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ သဘောထားကို သိထားသူ ဝန်ကြီးဦးမြသည် လက်နက်ကိုင်တပ်စိတ် လုံခြုံရေးအစောင့် ချထားခြင်းကို ဗိုလ်ချုပ်အား လုံးဝအသိမပေးခဲ့ချေ။ ထို့ပြင် ကျွန်တော့်ကိုလည်း နှစ်ယောက်ချင်းတွေ့၍ ရုံးခန်းအပြင်ဘက်၌ လုံခြုံရေးတပ်စိတ်ချထားကြောင်းကို ဗိုလ်ချုပ်အား မပြောရန် မေတ္တာရပ်ခံခဲ့ပါသည်။ ကျွန်တော်ကလည်း အလိုက်သိစွာနှင့်ပင် ဦးမြအား ကတိပေးပြီး ဗိုလ်ချုပ်အား မပြောဘဲ နေလိုက်ပါသည်။

သို့ရာတွင် ကံဆိုးချင်တော့ တစ်နေ့ဗိုလ်ချုပ်နှင့် ကျွန်တော်တို့ရုံးဘက်လာပြီး ဗိုလ်အောင်ကျော်လမ်းဘက် တံခါးပေါက်မှ ရုံးခန်းသို့အဝင်တွင် မလှမ်းမကမ်းရှိ ဘဏ္ဍာရေးဝန်ကြီးဌာနဘက်သို့ ချိုးကွေ့သည့်ထောင့်နား၌ မောင်းပြန်သေနတ်ကိုင် ရဲဘော်သုံးလေးဦးကို ဗိုလ်ချုပ်က လှမ်းမြင်သွားပါသည်။

ချက်ချင်း ဘာမှမပြောဘဲ ဗိုလ်ချုပ်သည် ရုံးခန်းတွင်းသို့ ရောက်တော့မှ ကျွန်တော့်အား နှစ်ယောက်ချင်းခေါ်မေးပါသည်။

'ဟေ့ကောင်၊ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင်ရဲဘော်တွေက ဘာလုပ်တာလဲ'

'ပြည်ထဲရေးဝန်ကြီးက လိုအပ်တယ်ထင်လို့ လုံခြုံရေးအစောင့်ချထားတာပါ'

ကျွန်တော်က ရှင်းပြသည်ကို ဗိုလ်ချုပ်သည် သဘောကျဟန်မတူပါ။

'မလိုပါဘူးကွာ။ ငါ့ကို ဘယ်သူကမှလည်း လုပ်ကြံမှာမဟုတ်ပါဘူး။ ငါကလည်း မစိုးရိမ်ပါဘူး။ ငါ့ရုံးခန်းရှေ့မှာ လက်နက်ကိုင်ရဲဘော်တွေ ချထားတာကို ငါမမြင်ချင်ဘူး။ ဒီတော့ မင်းကိုယ်တိုင် ခုချက်ချင်း ပြည်ထဲရေးဝန်ကြီး ဦးမြဆီသွားပြီး ငါကညွှန်ကြားတယ်လို့ပြော။ ငါ့ရုံးခန်းရှေ့က လက်နက်ကိုင်ရဲဘော်တွေကို ချက်ချင်းပြန်ရုပ်ခိုင်းလိုက်။ ကဲ မင်းအခုပဲ သွားပြောပေတော့'

ဗိုလ်ချုပ်က တိကျပြတ်သားစွာ ပြောသဖြင့် ကျွန်တော်လည်း ပြည်ထဲရေးဝန်ကြီးဌာနသို့ အမြန်သွားရောက်၍ ဝန်ကြီးပျော်ဘွယ်ဦးမြအား ဗိုလ်ချုပ်က အမိန့်ပေးလိုက်ပုံကို ပြောပြလိုက်ပါသည်။

ဝန်ကြီးဦးမြသည် အလွန်စိတ်မကောင်းဖြစ်သွားပုံ ရပါသည်။

'ခက်တော့တာပဲကွာ၊ ငါတို့က လုံခြုံရေးအတွက် လိုအပ်တယ်ထင်လို့ လက်နက်ကိုင်တပ်စိတ်ချပေးတာကို ဗိုလ်ချုပ်က မြင်သွားတာဆိုးတာပဲ၊ ဒါပေမယ့် ဘယ်တတ်နိုင်ပါ့မလဲ၊ သူ့အမိန့်ကိုလည်း တို့ကမနာခံလို့မဖြစ်ဘူး၊ ငါတော့ စိတ်မကောင်းပါဘူးကွာ'

ဤသို့ ညည်းညူရင်းနှင့်ပင် ဝန်ကြီးဦးမြသည် သက်ဆိုင်ရာသို့ တယ်လီဖုန်းဆက်၍ ဗိုလ်ချုပ်ရုံးခန်းအရှေ့မှ လက်နက်ကိုင်လုံခြုံရေးတပ်စိတ်ကို ချက်ချင်းရုပ်သိမ်းရန် အမိန့်ပေးလိုက်ရပါတော့သည်။

ထိုနေ့ ညနေဘက် ရုံးမှအိမ်သို့အပြန်တွင် ဗိုလ်ချုပ်သည် စကားများများမပြောဘဲ တစ်စုံတစ်ခုကို စဉ်းစားနေဟန်ဖြင့် ငြိမ်နေရင်းမှ ရုတ်တရက် ကောက်ကာငင်ကာ ကျွန်တော့်အား မေးခွန်းထုတ်ပါသည်။

'ဟေ့ တို့အိမ်မှာနေတဲ့ ရဲဘော်တွေမှာ လက်နက်ရှိသလား'

'မရှိပါဘူး။ ဗိုလ်ချုပ် သူတို့က ပြည်သူ့ရဲဘော်တွေဆိုတော့ တရားဝင် လက်နက်ကိုင်တပ်ဖွဲ့ဝင် မဟုတ်တဲ့အတွက် လက်နက်မရှိကြပါဘူး'

ကျွန်တော်က အမှန်အတိုင်း ပြောလိုက်ပါသည်။ သည်တော့မှ ဗိုလ်ချုပ်သည် သူ၏ စိတ်ထဲဖြစ်ပေါ်ခံစားမိပုံကို ပြောပါသည်။

'ငါကိုယ်တိုင်ကတော့ သေရမှာလည်း မကြောက်ဘူး။ ဘယ်သူကမှလည်း ငါ့ကိုလုပ်ကြံမယ်မထင်ဘူး။ ဒါပေမယ့်ကွာ အိမ်မှာရှိတဲ့ ကလေးတွေအတွက်တော့ ငါစိုးရိမ်သလိုဖြစ်မိတယ်။ ဒီတော့ လိုလိုမည်မည်ပေါ့ကွာ။ သက်ဆိုင်ရာကို ဒီနေ့ပဲ မင်းကိုယ်တိုင်သွားပြီး ငါကခိုင်းတယ်လို့ပြော။ သင့်တော်မယ့် လက်နက်နည်းနည်းပါးပါးထုတ်ယူပြီး အိမ်က ရဲဘော်တွေကို ပေးထားလိုက် ဒါပဲ'

ဤသို့ အမိန့်ပေးသဖြင့် ကျွန်တော်လည်း အိမ်ပြန်ရောက်သောအခါ သက်ဆိုင်ရာနှင့် ဆက်သွယ်အစီအစဉ်လုပ်ပြီး တော်မီဂန်းတစ်လက်၊ စတင်းဂန်းတစ်လက်၊ ခြောက်လုံးပြူးနှစ်လက်တို့ကို ကျည်ဆန်များနှင့်တကွ ထုတ်ယူကာ တာဝါလိန်းလမ်း ဗိုလ်ချုပ်အိမ်တွင်နေသော ရဲဘော်များအား ပေးထားလိုက်ပါသည်။

နိုင်ငံတော် လုပ်ကြံမှုကြီးဖြစ်ပွားခဲ့သည်မှာ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက် စနေနေ့ ဖြစ်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော အစိုးရအဖွဲ့ဝန်ကြီးများ (ကက်ဘိနက်) အစည်းအဝေးပွဲ ကျင်းပနေခိုက် မသမာသူလူသတ်သမားအဖွဲ့က ဝင်ရောက်လုပ်ကြံပစ်ခတ်ခြင်းဖြစ်သည်။

အမှန်တော့ ယင်းဝန်ကြီး အစည်းအဝေးသည် ဇူလိုင် ၁၉ ရက် စနေနေ့တွင် ကျင်းပရန်မဟုတ်ဘဲ 'ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူး နေ့' တွင် လုပ်ရမည်ဖြစ်သည်။

ဤနေရာတွင် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ အစည်းအဝေးအကြောင်း အနည်းငယ်ရှင်းရန် လိုပေလိမ့်မည်။

၁၉၄၆ ခု၊ စက်တင်ဘာလ ၂၆ ရက်နေ့က ဗိုလ်ချုပ်အောင်ဆန်း အစိုးရအဖွဲ့အာဏာကို လက်ခံရယူပြီးချိန်မှစ၍ ဝန်ကြီးအဖွဲ့အစည်းအဝေးကို အပတ်စဉ် စနေနေ့ နံနက် ၁၀ နာရီ ကျင်းပနေကျဖြစ်သည်။ ထိုအချိန်က ဂဠုန်ဦးစောသည် ဘုရင်ခံက တိုက်ရိုက်ခန့်အပ်ထားသော ဝန်ကြီးတစ်ဦးဖြစ်နေရာ သူသည်လည်း အပတ်စဉ်စနေနေ့တိုင်း ကျင်းပသော ဝန်ကြီးအဖွဲ့အစည်းအဝေးသို့ တက်ရသည်။ သို့ရာတွင် ၁၉၄၇ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗြိတိသျှအစိုးရ တို့ သဘောတူချုပ်ဆိုသော 'အောင်ဆန်း အက်တလီစာချုပ်'ကို ဂဠုန်ဦးစောနှင့် သခင်ဗစိန်တို့က သဘောမတူဘဲ ကန့်ကွက်ကြသဖြင့် ဗမာပြည် ပြန်ရောက်လာသောအခါ ဦးစောနှင့် သခင်ဗစိန်တို့သည် အစိုးရအဖွဲ့ဝင် ဝန်ကြီးအဖြစ်မှ နုတ်ထွက်သွားကြရသည်။

ထို့ကြောင့် သူတို့နှစ်ဦးသည် နောက်ပိုင်း ဗိုလ်ချုပ်ဦးဆောင်သော အစိုးရအဖွဲ့ အစည်းအဝေးများသို့ မတက်ကြတော့ချေ။

ဗြိတိန်နိုင်ငံမှ ပြန်လာပြီးနောက် ဗိုလ်ချုပ်အောင်ဆန်း အပတ်စဉ်ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) အစည်းအဝေးကို စနေနေ့မလုပ်တော့ဘဲ ဗုဒ္ဓဟူးနေ့ကျင်းပရန် ပြောင်းရွှေ့သတ်မှတ်လိုက်သည်။

ယင်းအကြောင်းကို ဂဠုန်ဦးစောကမသိ။ ဝန်ကြီးအဖွဲ့ အစည်းအဝေးသည် စနေနေ့ ၁၀ နာရီ ကျင်းပမြဲ ကျင်းပနေသည်ဟု ထင်မှတ်နေသည်။

၁၉၄၇ ခုနှစ် ဇူလိုင်လ၏ တတိယမြောက် အစည်းအဝေးကို ဇူလိုင်လ ၁၆ ရက် ဗုဒ္ဓဟူးနေ့တွင် ကျင်းပရန် သတ်မှတ်ထားပြီး ဖြစ်ရုံမက အစည်းအဝေး ဖိတ်စာများကို ဝန်ကြီးအသီးသီးထံ ဖြန့်ဝေထားပြီး ဖြစ်သည်။

သို့သော် ဇူလိုင် ၁၆ ရက် ဗုဒ္ဓဟူးနေ့တွင် တိုင်းပြုပြည်ပြု လွှတ်တော်၏ ဆပ်ကော်မတီတစ်ခုဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရေးကော်မတီ အစည်းအဝေးကျင်းပရန် ကြိုတင်သတ်မှတ်ထားပြီး ဖြစ်နေသည်။ အစည်းအဝေးနှစ်ခုတိုက်နေကြောင်းကို ကျွန်တော်က ဗိုလ်ချုပ်ထံ သတင်းပို့တင်ပြသောအခါ ဗိုလ်ချုပ်က-

'လွှတ်တော် ကော်မတီအစည်းအဝေးက အရေးကြီးတယ်၊ လူကြီးတွေလည်း ပါနေတယ်၊ ဒါကြောင့် အဲဒီ အစည်းအဝေးကို ဒီတိုင်းပဲထား၊ ကက်ဘိနက်အစည်းအဝေးကိုတော့ စနေနေ့ ပြောင်းလုပ်လိုက်၊ ဝန်ကြီးတွေဆီလည်း ဖိတ်စာသစ် ရိုက်ပြီးပေးလိုက်'

ဟု အမိန့်ပေးလိုက်ရာ 'မမေ့နိုင်သော ဇူလိုင် ၁၉ ရက်နေ့' တွင် အစိုးရအဖွဲ့ အစည်းအဝေး ကျင်းပဖြစ်သွားကာ နိုင်ငံတော်လုပ်ကြံမှုကြီးလည်း ဖြစ်ပွားခဲ့ရပါတော့သည်။

ဤသည်တို့ကား ၁၉၄၇ ခုနှစ် ဇူလိုင်လဆန်းက အမှန်တကယ်ဖြစ်ခဲ့သော ဖြစ်ရပ်များဖြစ်ရာ နေ့လယ်ပိုင်း ပြန်လည်သုံးသပ်ကြည့်သောအခါ အလွန်ဝမ်းနည်းယူကျုံးမရ ဖြစ်စရာကောင်းလောက်အောင် ကံကြမ္မာ၏လှည့်စားမှု သို့မဟုတ် အလှည့်အပြောင်းများကို တွေ့ရပါသည်။

ပထမအချက်အနေဖြင့် အကယ်၍သာ ဗိုလ်ချုပ်အောင်ဆန်းက သူ၏ရုံးခန်းရှေ့မှ လက်နက်ကိုင် လုံခြုံရေးတပ်စိတ်ကို ရုပ်သိမ်းရန် အမိန့်မပေးခဲ့လျှင်။

ဇူလိုင် ၁၉ ရက်နေ့ကျတော့ လူသတ်သမားအဖွဲ့ ဗိုလ်ချုပ်တို့အား လုပ်ကြံရန်လာသောအခါ လုံခြုံရေးတပ်စိတ်နှင့် တိုက်ပွဲ ဖြစ်ရုံသာရှိမည်။ လုပ်ကြံမှုကြီးတော့ မဖြစ်နိုင်။

တိုက်ပွဲဖြစ်လျှင် လုံခြုံရေးတပ်စိတ်က လူအင်အား၊ လက်နက်အင်အား ပိုကောင်းသဖြင့် လူသတ်သမားအဖွဲ့အား တစ်ယောက်မကျန် သုတ်သင်ချေမှုန်းပစ်နိုင်မည်မှာ သေချာသည်။

အကယ်၍သာ တိုင်းပြုပြည်ပြု လွှတ်တော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရေး ကော်မတီက ဇူလိုင် ၁၆ ရက်နေ့တွင် အစည်းအဝေးကျင်းပရန် ချိန်းမထားခဲ့လျှင် ဝန်ကြီးအဖွဲ့ (ကက်ဘိနက်) အစည်းအဝေးကို ခါတိုင်းအပတ်စဉ် ကျင်းပနေကျ ဗုဒ္ဓဟူးနေ့ (ဇူလိုင် ၁၆)တွင် ကျင်းပဖြစ်မည်။ ဗုဒ္ဓဟူးနေ့တိုင်းကျင်းပသော ဝန်ကြီးအဖွဲ့ အစည်းအဝေးအကြောင်း မသိသူ ဂဠုန်ဦးစောသည် သူ၏ လူသတ်သမားအဖွဲ့အား ဇူလိုင်လ ၁၉ ရက် စနေနေ့တွင် လွှတ်မည်ဖြစ်သည်။ သို့ဖြစ်လျှင် ဝန်ကြီးအဖွဲ့အစည်းအဝေးမရှိ၍ လုပ်ကြံမှုကြီး ဖြစ်ပွားမည်မဟုတ်ချေ။

အကယ်၍သာ လူသတ်သမားအဖွဲ့သည် ဗိုလ်ချုပ်အား အတွင်းဝန်ရုံးတွင် မလုပ်ကြံဘဲ ဗိုလ်ချုပ်၏ နေအိမ် (ဗဟန်း တာဝါလိန်း ယခု ဗိုလ်ချုပ်ပြတိုက်တည်ရှိရာ)တွင် လာရောက်လုပ်ကြံပါက သူတို့သည် ဗိုလ်ချုပ်ရှိရာ အိမ်အပေါ်ထပ်သို့ပင် တက်နိုင်မည်မဟုတ်။ ဗိုလ်ချုပ်၏အမိန့်ဖြင့် ကျွန်တော်ကိုယ်တိုင် လက်နက်တပ်ဆင်ပေးထားသော အိမ်ရှိ ရဲဘော်များနှင့် ရင်ဆိုင်တိုက်ပွဲဖြစ်မည်။ ယင်းသို့ တိုက်ပွဲဖြစ်လျှင် အိမ်မှ ပြည်သူ့ရဲဘော်များသည် ဘီဒီအေတပ်မတော်နှင့် ဖက်ဆစ်တော်လှန်ရေး တပ်သားရဲဘော်များဖြစ်၍ လက်နက်ကိုင်တွယ်မှုကျွမ်းကျင်သည့်အပြင် တိုက်ပွဲအတွေ့အကြုံလည်းရှိသောကြောင့် လူသတ်အဖွဲ့အား အလွယ်တကူပင် တွန်းလှန်တိုက်ခိုက်ပစ်နိုင်မည် ဖြစ်သည်။

သို့ရာတွင် လူသတ်အဖွဲ့သည် ဗိုလ်ချုပ်အိမ်သို့မလာဘဲ လက်နက်ကိုင်အစောင့်မရှိသော အတွင်းဝန်ရုံးသို့ သွားရောက်လုပ်ကြံခဲ့သည်။

ထို့ကြောင့်လည်း လုပ်ကြံမှုကြီး ဖြစ်မြောက်ခဲ့ရသည်။

ဗိုလ်ချုပ်ခမျာ ဖခင်တို့၏ ကြီးမားသော မေတ္တာအဟုန်ကြောင့် လူမမည်ရင်သွေးငယ်များအတွက် စိုးရိမ်မကင်းဖြစ်ကာ 'လိုလိုမည်မည်ပေါ့ကွာ'ဆိုပြီး ကျွန်တော့်အား အိမ်မှရဲဘော်များအား လက်နက်တပ်ဆင်ခိုင်းခဲ့သည်။ သူ့ကိုယ်သူအတွက်တော့ လုံးဝမစိုးရိမ်ဘဲ 'ငါက သေရမှာလည်း မကြောက် ဘူး၊ ဘယ်သူမှလည်း ငါ့ကိုလုပ်ကြံမှာ မဟုတ်ပါဘူး' ဟု ပြောခဲ့ရှာသည်။ သို့သော် တကယ်ကျတော့ သူထင်သလို မဖြစ်ခဲ့။ သူချစ်မြတ်နိုးသော ရင်သွေးငယ်များ ဘာမှမဖြစ်ဘဲ သူကိုယ်တိုင်သာ (၁၉-၇-၁၉၄၇) နေ့က မရှုမလှ 'ရေတိမ်နစ်' ကျဆုံးခဲ့ရရှာသည်။

ကံတရားက ဗိုလ်ချုပ်နှင့်တကွ ကျွန်တော်တို့ နိုင်ငံသားအားလုံးကို ဒဏ်ခတ်လိုက်သလို ပြက်ရယ်ပြု လှည့်စားလိုက်ခြင်းပေလား။

ဗုဒ္ဓရှင်တော်မြတ်ဘုရား၏ အဆုံးအမအရ ကံ၊ ကံ၏ အကျိုးကို ယုံကြည်ရမည်ဟု ညွှန်ပြထားပါသည်။ ထို့ကြောင့် မည်သို့မှ မမေ့နိုင်သော ဇူလိုင် ၁၉ ရက် စနေနေ့က ဖြစ်ရပ်အကြောင်း ပြန်ပြောသတိရမိတိုင်း

'သတ္တဝါမှန်သမျှ ကံစီမံ ဖန်တီးရာသာ လိုက်နာနာခံနေကြရသည်ပါကလား'

ဟူသော အင်္ဂုတ္တရနိကယ် အဘိဏှသုတ်တော်လာ တရားတော်သဘောအတိုင်း ဆင်ခြင်နှလုံးသွင်း၍ သံဝေဂ ဉာဏ် ပွားများကြရန်သာ ရှိပါတော့သတည်း။

# ဦးအောင်ဆန်း၏ နောက်ဆုံးနေ့

**ဒဂုန်တာရာ**

ဇူလိုင်လ ၁၉ ရက်၊ စနေနေ့ ၁၀ နာရီခွဲ။

မိုးလင်းကတည်းကပင် ကောင်းကင်သည် အုံ့ဆိုင်း ညို့မှိုင်းလျက်ရှိသည်။ တိမ်တိုက်ဟူ၍ ဘာမျှကြည်လင်စွာ မမြင်ရ။ မိုးကိုကြည့်ရသည်မှာ မြူသန်းနေသော ပင်လယ်ကြီး လို ဝိုးဝိုးဝါးဝါးနေသည်။ မိုးသည် ကင်းကင်းလွတ်လွတ် စဲသည် ဟူ၍မရှိဘဲ တဖွဲဖွဲနေလိုက်၊ တဖြိုင်ဖြိုင် ရွာချလိုက်နှင့်။ နောက် စွေ၍ နေလေသည်။

ဒီကနေ့ အတွင်းဝန်များရုံးသို့ သွားစရာရှိသည်။ တိုင်းပြု ပြည်ပြု လွှတ်တော်အထူးအရာရှိ ဦးသိန်းဟန်(ဇော်ဂျီ)က စနေနေ့ နေ့လယ်တွင် ဆောင်းပါးလာယူရန် ချိန်းထားသည်။ ဗိုလ်ချုပ်အပါးတော်မြဲ ဗိုလ်ထွန်းလှထံမှလည်း ခရီးသွား ဆောင်းပါးကို လမ်းကြုံလျှင်ယူသွားပါဟု မှာထားချက်ရှိသည်။ သို့ဖြစ်၍ ဗိုလ်ထွန်းလှထံ ဆောင်းပါးဝင်ယူရင်း ခဏတစ်ဖြုတ် စကားစမြည်ပြောပြီးနောက် ဇော်ဂျီထံသို့ သွားမည်ဟု စိတ်ကူး ထားသည်။

၁၀ နာရီလောက်ကတည်းက အဝတ်အစားလဲပြီး မိုး အတိတ်ကို စောင့်လျက်ရှိသည်။ မိုးကား မစဲနိုင်။ သို့နှင့် စားပွဲ တွင်ထိုင်ကာ အပြီးမသတ်သေးသော ကဗျာတစ်ပုဒ်ကို စပ်ရင်း ၁၁ နာရီ ထိုးသွားလေပြီ။ မိုးကား မတိတ်သေးပေ။

နောက်ဆုံးတွင် မိုးစဲလိမ့်မည်မဟုတ်ဟု စိတ်ချလိုက်ပြီး အပေါ်အင်္ကျီထပ်ဝတ်ကာ လမ်းမကြီးသို့ ထွက်ခဲ့သည်။ အဆင်သင့်တွေ့သော ဒေါင်းတံဆိပ် တာမွေဘတ်စ်ကားကို တက်စီးသည်။ ကားထဲတွင် ကြည့်မြင်တိုင်မှ လိုက်ပါလာသည် ထင်ရသော တောသားသုံးယောက်နှင့် တရုတ်မနှစ်ယောက်ကို တွေ့ရသည်။ ကားပြတင်းတံခါးများမှာ ပိတ်ထားသည်။ ခရီး သည်တို့ကား တိတ်ဆိတ်စွာ လိုက်ပါလာကြသည်။ အပြင်ဘက် တွင်ကား မိုးသည်ရွာလျက်ပင်။ ရွှံ့ဗွက် ချိုင့်ခွက်များဖြင့် ပြွမ်း သော ရန်ကုန်လမ်းကား စိုစွတ်လှသည်။

ကားသည် သိမ်ကြီးဈေးတွင် ခေတ္တရပ်ပြီး ဆက်လက်၍ တစ်ဟုန်ထိုးမောင်းလာသည်။ ခရီးသည် အဆင်းအတက် သိပ်မရှိလှ။ သို့နှင့် စပတ်(ဗိုလ်အောင်ကျော်) လမ်းရောက်လျှင် ကျွန်ုပ်သည် ဆင်းလိုက်သည်။ ကျွန်ုပ်သည် ဒါလဟိုဇီ (မဟာဗန္ဓုလ)လမ်းဘက်မှ စပတ်(ဗိုလ်အောင်ကျော်)လမ်းကို ဖြတ်ကူးလိုက်သည်။

လမ်းဘေးတွင် မော်တော်ကားများသည် ဟိုတစ်စု သည်တစ်စု ရပ်လျက်ရှိသည်။ ကားတချို့ကား သွားလာလျက်။ မိုးကာဝတ်လျက် လူများသည် သွားကြလာကြနှင့် ရှုပ်ယှက် ခတ်နေသည်။ သူရိယတိုက်ရှေ့ အဝင်တံခါးမပေါက်ကြီးတွင် ကား လူများသည် ရပ်ကာ အတွင်းသို့ မျှော်ကြည့်လိုက်၊ စကား ပြောလိုက်နှင့် နေကြသည်ကို တွေ့မြင်ရသည်။ ကျွန်တော် ကား ရုံးဆင်းချိန်မို့ လူတွေရှုပ်နေတာထင်ပါရဲ့ဟုသာ သာမန် အောက်မေ့မိသည်။

ကျွန်တော်သည် အင်မတန်အရိပ်အခြည်ကို မသိတတ်၊ မမြင်တတ်သူ ဖြစ်ချေသည်။ ခါတိုင်းကဲ့သို့ပင် ရဲရဲတင်းတင်း တံခါးပေါက်မှ အတွင်းသို့ဝင်သွားသည်။ လမ်းကူးတွင်ကား လက်နက်ကိုင်စစ်သားများ စောင့်ကြပ်လျက်ရှိသည်ကို တွေ့ရ သည်။ ခါတိုင်းလည်း စောင့်နေကျပဲဟု ထင်လိုက်မိသည်။ ကျွန်တော်သည် အတွင်းဝန်ရုံးသို့ သွားခဲ့လေပေသည်။

ညှိုးရော်သောမျက်နှာနှင့် လုံချည်အပြာဝတ်ထားသော စာရေးမနှစ်ဦးသည် သုတ်သုတ်သုတ်သုတ်နှင့် ရုံးထဲမှထွက် လာသည်။ သို့နှင့် အလယ်ဆင်ဝင်အောက် ကားဆိုက်သည့် နေရာသို့ ရောက်လာသည်။ ခါတိုင်းလို ရုံးစေများ၊ ချာပရာစီ များ ရပ်ပြနေသည်ကို အလျှင်းမတွေ့ရ။ တိတ်ဆိတ်ငြိမ်သက်၍ နေသည်။

ဗိုလ်ထွန်းလှ အခန်းသို့တက်ရန် လှေကားတစ်ထစ် နှစ်ထစ်တက်မိပြီးမှ တိတ်ဆိတ်ငြိမ်ချက်သား ကောင်းလှသည် ကို စိတ်ထင့်သွား၍ ဗိုလ်ထွန်းလှ ခေတ္တရုံးဆင်းချိန် လက်ဖက် ရည်သောက်သွားနေလိမ့်မည်ဟုတွေးကာ မတက်တော့ဘဲ ဆင်ဝင်အောက်ကို ဖြတ်သန်းကာ တစ်ဖက်ရှိ တိုင်းပြုပြည်ပြု လွှတ်တော်ရုံးခန်းသို့ လာခဲ့လေသည်။ ဇော်ဂျီထံ အပြန်မှပဲ ဝင်တော့မည်လေ။

လွှတ်တော်ရုံးဝင်ဝင်ချင်း သခင်နု၏ ရုံးခန်းတံခါးဝမှာ ပိတ်ထားသည်ကို တွေ့ရသည်။ သက္ကလတ် ခန်းဆီး အစိမ်းပုပ် ကြီးမှာလည်း ဆွဲပိတ်၍ထားသည်။ သခင်နု ရုံးခန်းကိုကျော်၍ ဇော်ဂျီ၏အခန်းသို့ ရောက်လေပြီ။ သူ့အခန်းမှာလည်း တံခါး ပိတ်ထားပြီး ခန်းဆီးအစိမ်းပုပ်ကြီးသည် ဆွဲ၍စေ့ထားသည်။ ရုံးစေသုံးယောက်မှာ နံရံကိုမှီ၍ ရပ်နေကြသည်။ ခါတိုင်းလို စကားပြောမနေကြ။ သူတို့သည် ငေးမှိုင်တွေဝေ၍ တစ်မျိုးကြီး ဖြစ်နေသည်ဟု အောက်မေ့လိုက်သည်။

ကျွန်တော်က ငိုင်တိုင်တိုင်နေသော ရုံးစေတစ်ဦးအား 'ဦးသိန်းဟန်ရှိသလား' ဟု မေးသည်။

'ရှိပါတယ် ခင်ဗျ' ဟု ခပ်တိုးတိုး ခပ်အေးအေးဖြေသည်။ သည်တော့မှ မျက်နှာ ပျက်နေကြောင်း အသေအချာ သိလိုက် တော့သည်။ စိတ်ထဲတွင်ကား မရှင်း။

တံခါးစေ့ထားသဖြင့် အတွင်းသို့ ရုတ်တရက် မဝင်ဝံ့ သေးဘဲ ရပ်ကာ ရုံးစေဘက်သို့ တစ်ဖန်လှည့်၍ 'အထဲမှာ အစည်းအဝေးလုပ်နေသလား' ဟု မေးရသည်။

ရုံးစေသည် ဘာမှမပြောဘဲ အသာအယာ စေ့ထားသော တံခါးကိုဖွင့်ပေးသည်။ လှမ်းကြည့်လိုက်ရာ သူ၏ စားပွဲတွင် ထိုင်နေသော ဇော်ဂျီကိုတွေ့မှ ထီးကိုထောင်ပြီး အတွင်းသို့ ဝင်လိုက်သည်။

ရုံးခန်းကား တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။ စေ့ထား သော ပြတင်းတံခါးမှ ပြာစိမ်းစိမ်းမှန်ရောင်သည် ရိုက်ဟပ် သဖြင့် အခန်းသည် စိမ်းပြာပြာဖြစ်နေသည်။ အခန်းထိပ်ရှိ စားပွဲကြီးတွင်ကား တိုင်းပြုပြည်ပြုလွှတ်တော် အကြံပေး အရာရှိ ဝတ်လုံဦးချစ်ထွန်းသည် ခေါင်းငိုက်ကာ ငေးမှိုင်နေ လျက်ရှိသည်။

ဇော်ဂျီသည် ကျွန်တော်ဝင်လာသည်ကို မြင်သောအခါ ဆိတ်ဆိတ်ပင်။ စကားမမြွက်ဟဘဲ ထိုင်ရန် ကုလားထိုင်ကိုသာ လက်ဖြင့်ညွှန်ပြသည်။ သူသည် ငေးငိုင်၍နေသည်။ အတန် ကြာ တိတ်ဆိတ်လျက်ရှိသည်။ ကျွန်တော်ကား ခါတိုင်းလှုပ်ရှား ဆူညံ၍နေတတ်သော အတွင်းဝန်များရုံးသည် ဘာကြောင့် ယခုလို အုံ့မှိုင်းရီဝေ၍နေသည်၊ ဆိတ်ငြိမ်၍နေသည်ကို အံ့သြ လျက်ရှိသည်။ အတန်ကြာဆိတ်နေရာမှ 'အားလုံးတော့ ဒုက္ခ ဖြစ်ကုန်ပြီ' ဟု ဇော်ဂျီက တိုးတိုးညည်းလေသည်။ ကျွန်တော် ကား ဘာမှန်းမသိသေးသဖြင့် ကြောင်နေရာ သူက အကဲခတ်မိ ၍ နေရာမှထကာ လက်ပြ၍ အပြင်သို့ခေါ်ခဲ့သည်။ ကျွန်တော် သည် ထိတ်ခနဲဖြစ်သွားသည်။

'လက်ဖက်ရည်ဆိုင် သွားရအောင်'

မိုးတဖွဲဖွဲတွင် ရုံးခန်းအပြင်ဘက် မြေနီလမ်းလေးပေါ် ရောက်မှ ကျွန်တော်မနေနိုင်၍ 'ဘာဖြစ်လို့လဲ ဆရာ' ဟု မေးမိ သည်။

'မင်း မကြားသေးဘူးလား' ဟု ဇော်ဂျီက အံ့သြနေသည်။

'ဟင့်အင်း၊ ကျွန်တော်အခုပဲ ဘတ်စ်ကားပေါ်က ဆင်းပြီး ရုံးကိုတန်းလာတာ'

ဒီတော့မှ ဇော်ဂျီက ဖြစ်ပုံကိုပြောပြသည်။ ခြသေ့်တပ် စစ်ယူနီဖောင်းကို ဝတ်ဆင်ထားသော လက်နက်ကိုင် လူလေးယောက်သည် ကျွန်တော် ဖြတ်လာခဲ့သော အလယ် ဆင်ဝင်အောက်မှ တက်လာကာ ဦးအောင်ဆန်း၏ ရုံးခန်းတွင်း သို့ အတင်းတွန်းဝင်၍ အစည်းအဝေး ပြုလုပ်လျက်ရှိသော အမှုဆောင်ဝန်ကြီးများအား စတင်းဂန်းဖြင့် ပစ်ခတ်ကြပြီး မည်သူမျှ ဖမ်းဆီးခြင်းမခံရဘဲ ဂျစ်ကားဖြင့် ထွက်ပြေးလွတ် မြောက်သွားသည်။ ကျွန်တော် မရောက်မီ တစ်နာရီကျော် ကျော်ခန့်က ဖြစ်သည်။

ကျွန်တော်သည် သည်သတင်းကို ကြားသောအခါ ထိတ်လန့်တုန်လှုပ်၍ သွားသည်။ အသားများ တဆတ်ဆတ် တုန်၍လာသည်။

အတွင်းဝန်ရုံး လက်ဖက်ရည်ဆိုင်ထဲတွင်ကား စာရေး စာချီ စသော ရုံးသားတို့သည် ညှိုးငယ်သော မျက်နှာဖြင့် ဆိတ်ငြိမ်စွာ စားသောက်၍ နေကြသည်ကို တွေ့မြင်ရသည်။ တခြားစားပွဲရှိ နိုင်ငံရေးရာ အတွင်းဝန် ကိုကျော်မြင့်ကလေးက လှမ်း၍ နှုတ်ဆက်လိုက်သည်။ သူသည် ခပ်အေးအေး ခပ်တွေတွေပင် လက်ဖက်ရည်ကို သောက်နေသည်။

'အင်မတန်နှမြောဖို့ ကောင်းတယ်ဗျာ'

'သိပ်ပြီး ရက်စက်ကြမ်းကြုတ်တဲ့ နိုင်ငံရေးလုပ်ကြံမှုပဲ' စသည်ဖြင့် လူအချို့သည် ညည်းတွားလျက်ရှိကြသည်။ ဇော်ဂျီက 'အမျိုးသား ပျက်စီးခြင်းတစ်ရပ်ပဲ' ဟု တသသ ပြောသည်။

'ကျွန်တော် ရုံးဝင်းထဲ ဝင်လာတော့ လက်နက်ကိုင် ပုလိပ် တွေကို တွေ့တယ်။ ဒါပေမယ့် ကျွန်တော်ဝင်လာတာ မတား ကြပါဘူး။ ဆင်ဝင်အောက်အဝင်မှာတောင် အသိ စာရေး တစ်ယောက်နဲ့ တွေ့သားပဲ။ သူကလည်း ဘာမှမပြောဘူး'

'လူတွေဟာ မပြောရက်ကြဘူး' ဟု ဇော်ဂျီက ဆိုလေ သည်။

လက်ဖက်ရည်သောက်နေကြစဉ် ခုတင်ပဲ ဆေးရုံကပြန် လာသော ရုံးသားတစ်ဦး အပါးကပ်လာ၍ 'ဘယ့်နှယ်လဲ'ဟု ကျွန်တော်တို့ကဝိုင်း၍မေးမြန်းသည်။သူက မိုင်းပွန်စော်ဘွား ကြီးမှတစ်ပါး အားလုံးဆုံးရှာပြီဟု ပြောသည်။ သူသည် အသံ တုန်နေ၍ မျက်နှာမှာ ဖြူဖပ်ဖြူရော် ဖြစ်နေသည်။

'ဗိုလ်ချုပ်ကော'ဟု တစ်ယောက်က တိုးတိုးမေးသည်။

'မျက်နှာကို အဝတ်နဲ့ ဖုံးထားတယ်'

ကျွန်တော်လည်း ကြာကြာမနေနိုင်ဘဲ ဂျူဒါအီစကယ် (သိမ်ဖြူ) လမ်းတံခါးပေါက်မှကျော်၍ အပြင်ဘက်လမ်းသို့ ထွက်ခဲ့သည်။ မိုးသည် တစိမ့်စိမ့်ရွာလျက်ပင် ရှိသည်။ လူ တစ်အုပ်သည် မိုးရွာထဲတွင် ထီးဆောင်း၍၊ တချို့က ထီးမပါဘဲ၊ တချို့ ပလက်ဖောင်းပေါ်တွင်ရပ်ကာ အတွင်းဝန်ရုံးဘက်သို့ မျှော်ကြည့်နေကြသည်။ လူတစ်ယောက် ကျွန်တော့် လက်မောင်းကို ဆွဲကိုင်၍ 'ဒီမယ် ခုနက ဝန်ကြီးတွေ သေနတ် ပစ်ခံရတယ် ကြားတယ်၊ ဟုတ်သလားခင်ဗျာ' ဟု မေးသည်။ သူကား အကြောင်းမျိုးစုံကို သိချင်နေပေလိမ့်မည်။

'ဟုတ်ကဲ့' ဟူ၍သာ ဖြေကြားပြီး တစ်ဖက်သို့ ဖြတ်ကူး၍ အသင့်တွေ့ရသော ဒေါင်းတံဆိပ်ကားကို တက်စီးလိုက်သည်။ ကားသည် လမ်းမတော်သို့ ပြေးလျက်ရှိသည်။

ကားထဲတွင် လူ မနည်းလှပေ။ ခရီးသည်အားလုံး မျက်စိ မျက်နှာမကောင်းကြ။ ခပ်ရွယ်ရွယ်မိန်းမပျိုတစ်ဦးက 'ဖြစ်မှ ဖြစ်ရလေနော်၊ ဖြစ်မှဖြစ်ရလေနော်' ဟု မြည်တမ်းလျက် ရှိသည်။

ဈေးသည်ဟု ထင်ရသော ခပ်အိုအိုမိန်းမကြီး နှစ်ယောက် ကား 'ဗိုလ်ချုပ်အသက်ရှင်ပါစေတော်၊ ဗိုလ်ချုပ် အသက်ရှင် ပါစေတော်' ဟု ဆုတောင်း၍နေကြသည်။

ယခုမှပင် သိရသော မိန်းမတစ်ယောက်က မေးမြန်းသည် ကို 'မပြောကြနဲ့၊ မပြောကြနဲ့' အသာလက်ကုတ်၍ တီးတိုး တားမြစ်သည်။ သူတို့သည် မပြောရက်ကြ။

သန့်ပြန့်စွာ ဝတ်စားထားသော တရုတ်တစ်ဦးက 'အားကီး ရက်စက်တာပဲ'ဟု ကျွန်တော့်ဘက်သို့ လှည့်၍ ရေရွတ်လျက်ရှိသည်။ မျက်နှာထားတင်းတင်းနှင့် ဘတ်စ်ကား ဒရိုင်ဘာသည် တောက်ခေါက်လိုက်သည်။

သိမ်ကြီးဈေးသို့ ရောက်သောအခါ လူသွားလူလာ ကင်းရှင်းနေပြီ။ ဈေးဆိုင်များမှာ ပိတ်ထားလေပြီ။ သတင်း သည် တစ်မုဟုတ်ချင်း ပျံ့နှံ့၍သွားလေပြီ။ မော်တော်ကား၊ လန်ချားတို့ကား ခပ်မြန်မြန်သွားလာကြသည်။

ကားပေါ်မှ ဆင်း၍ လမ်းထဲသို့ ဝင်လာသောအခါ အိမ်ဝ တွင် လူတို့သည် မှိုင်းတိုင်းတိုင်းနှင့်ရပ်ကာ ကြည့်နေကြသည် ကို တွေ့မြင်ရသည်။ လူတို့သည် အငြိမ်မနေနိုင်ကြ။ မိုးသည် မစဲဘဲ ရွာလျက်ပင်။

လူတို့သည် 'ဖြစ်မှဖြစ်ရလေ၊ ဖြစ်မှဖြစ်ရလေ' ဟု တတွတ်တွတ် မြည်တမ်းရင်းပင် ညနေစောင်းလာတော့ သည်။ ဗိုလ်ချုပ်ဆုံးကြောင်းကား ညနေသတင်းစာများမှ ကြားရလေပြီ။ မည်သူ့မျက်နှာကြည့်ကြည့်၊ မျက်နှာ ညှိုးငယ် နွမ်းလျစွာနှင့်။ လမ်းမပေါ်မှ စက်ပြင်ဆရာတစ်ဦး၏ မိန်းမ ပါးစပ်မှ 'ကျုပ်တို့တော့ ထမင်းလည်း မချက်ချင်တော့ဘူး၊ စားချင်စိတ်လည်း မရှိတော့ပါဘူးရှင်' ဟူသော အသံသည် သဲ့သဲ့မျှ ပေါ်ထွက်လာသည်။

နေဝင်မီးငြိမ်းအမိန့် ထုတ်ထားသဖြင့် ညဥ့်ဦးသည် တိတ်ဆိတ်ကာ မှောင်လှသည်။ အိမ်သားများဆုံတိုင်း ညနေ ခင်းက အကြောင်းကိုသာ ပြောကြသည်။ ရှိုက်သံ၊ တမ်းတသံ၊ ညည်းညူသံ၊ တသသံ။

တိတ်ဆိတ်မှောင်မည်းသဖြင့် စောစောအိပ်ရာဝင်ကြ သော်လည်း အိပ်မပျော်နိုင်ကြ။ နေ့ခင်းကဟာ အိပ်မက်ပဲ ဖြစ်ကြပါစေတော့ဟု မိန်းမများ ဆုတောင်းကြသည်။ ညဥ့်နက် သော်လည်း ချောင်းဟန့်သံ၊ လူးလွန့်သံတို့သည် ဆက်၍နေ သည်။ ရှဲခနဲ မီးခြစ်၍ နောက်ဖေး ထကြပြန်သည်။ တစ်ရေးနိုး ဆုံလျှင် 'ဘယ်တော့များမှ မေ့ပျောက်ပါ့မလဲနော်' ဟု အိပ်ချင် သံဖြင့် ဆိုကြသည်။ တစ်ရေးနိုးတိုင်း သတိရလျက်ရှိသည်။

မကြာခဏ အိပ်မက်ပြီးနိုးသည်။ သို့နှင့်ပင် တအောက် မေ့မေ့တသသနှင့် ထိုညကို လွန်မြောက်ရလေသည်။

[တာရာမဂ္ဂဇင်း၊ အတွဲ (၁)၊ အမှတ် (၆)၊ ဩဂုတ်လ ၁၉၄၇]

# အစိုးရအဖွဲ့၏ ကြေညာချက်

၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့ နံနက် ၁၀ နာရီ ၄၅ မိနစ်အချိန်တွင် မြန်မာနိုင်ငံတော် အစိုးရဝန်ကြီးများ အစည်းအဝေး ကျင်းပနေစဉ် လွတ်လပ်ရေး သစ္စာဖောက်နှင့် နယ်ချဲ့သမား၏ လက်ပါး စေများဖြစ်ကြသော လူတစ်စုတို့က ဗိုလ်ချုပ်နှင့်တကွ အခြားဝန်ကြီး ခြောက်ဦး၊ အတွင်းဝန်တစ်ဦးနှင့် သက်တော်စောင့်တစ်ဦးတို့အား ရက်စက်စွာ သတ်ဖြတ်ခြင်းခံခဲ့ရသည်ကို တိုင်းပြည်မှ သိရှိကြပြီဖြစ် ကြောင်း။

အထက်ဖော်ပြပါလုပ်ကြံမှုကြီးမှာ မြန်မာနိုင်ငံတော် လွတ်လပ်ရေး လုပ်ငန်းစဉ်များကို ပြိုကျပျက်စီးစေရန်နှင့် နိုင်ငံတော်၏ အုပ်ချုပ်ရေး အာဏာကို ဖက်ဆစ် ဆန်ဆန် သိမ်းပိုက်ရယူရန်ဖြစ်သည်ကို အစိုးရတို့က ခိုင်လုံသည့် အထောက်အထားများ ရရှိထားသည်ဖြစ် ကြောင်း။

ဤအကြောင်းအချက်များအရ ဗိုလ်ချုပ်အောင်ဆန်းသည် ဖဆပလ ကိုယ်စားလှယ်အစိုးရ၏နေရာတွင် တစ်ဗိုလ်ကျ တစ်ဗိုလ်တက်လမ်းစဉ် အတိုင်း ဖဆပလအဖွဲ့ချုပ်ကြီးကပင် ဦးဆောင်လျက် အစိုးရအဖွဲ့ကို ဆက်လက်တည်မြဲစေရန် ချက်ချင်းလိုအပ်သည့်အတိုင်း ၁၃၀၉ ခု၊ ဝါခေါင်လဆန်း ၂ ရက် စနေနေ့ ညနေ ၆ နာရီအချိန် မှာပင်လျှင် ဖဆပလ အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ သခင်နုခေါင်းဆောင်၍ လူသစ်ဖြည့်လျက် ဖဆပလ ကိုယ်စားလှယ်အစိုးရအဖွဲ့ကို ဆက်လက်တည်မြဲစေနိုင်ပြီ ဖြစ်ကြောင်း။

ဗိုလ်ချုပ်တို့အား လုပ်ကြံခြင်းဖြင့် နိုင်ငံလုံးဝလွတ်မြောက်ရေးကို လည်းကောင်း၊ အခြားကြီးလေး များပြားလှသည့် ထူထောင်ရေးလုပ်ငန်း များကိုလည်းကောင်း နှေးကွေးပျက်ပြားခြင်းမဖြစ်စေဘဲ ဗိုလ်ချုပ်ကိုယ်ပိုင် ဦးစီးချထားခဲ့သော လုပ်ငန်းစဉ်အတိုင်း တစ်သဝေမတိမ်း ဆက်လက် ဆောင်ရွက်ရန် အစိုးရအဖွဲ့က လုံးဝတာဝန်ယူကြောင်း။

လုံးဝလွတ်လပ်ရေးကို အမြန်ဆုံးရရှိနိုင်ရန်အတွက် ကျွန်တော်တို့၏ တစ်ခု တည်းသော အားကိုးရာမှာလည်း အအက်မရှိသော စည်းလုံး ညီညွတ်ရေးပင်ဖြစ်ရာ မြန်မာ့လူထုကြီးကလည်း ရှေ့ကထက် ဆတက် ထမ်းပိုးတိုး၍ ကျောချင်းကပ် ရင်ချင်းအပ်ကြရန် ကျွန်ုပ်တို့က လေးနက်စွာ တိုက်တွန်းလိုက်ပါကြောင်း။

ယခု ဖွဲ့စည်းပြီးခဲ့သော ဖဆပလကိုယ်စားလှယ်အစိုးရသည် နိုင်ငံ တော်တိုင်းရင်းသားအားလုံး၏ အသက်စည်းစိမ်ကို ကာကွယ်စောင့် ရှောက်ရန် လုံးဝတာဝန်ယူပါကြောင်း။ လွတ်လပ်ရေးလုပ်ငန်းကို အနှောင့် အယှက်ဖြစ်စေမည့် အချင်းချင်း ဆူပူသောင်းကျန်းခြင်း၊ လုယက်တိုက်ခိုက် သတ်ဖြတ်ခြင်းများကို လုံးဝရှောင်ရှားကြ၍ တိုင်းပြည်ငြိမ်ဝပ်ပိပြားရေး ကို ဆောင်ရွက်ရာတွင် အစိုးရအဖွဲ့နှင့် တစ်စည်းတစ်လုံးတည်း ပူးပေါင်း ဆောင်ရွက်ကြပါရန် နိုင်ငံတော်တိုင်းရင်းသားအားလုံးတို့အား အစိုးရ အဖွဲ့က လေးနက်စွာ မေတ္တာရပ်ခံအပ်ပါကြောင်း။

**(ပြည်သူ့ဟစ်တိုင်၊ ၂၃-၇-၄၇)**

# ရှမ်းအမျိုးသားများက ဝမ်းနည်းခြင်း

**ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်**
**ဌာနချုပ် အရေးပေါ် ထုတ်ပြန်ကြေညာချက်**

သတ္တိကင်းမဲ့ စုတ်ပဲ့နုံချာသော လူမသမာတို့၏ ညစ်ညမ်းသောလုပ်ကြံမှုကြောင့် ကွယ်လွန်ကြရ ရှာသော ဗိုလ်ချုပ်အောင်ဆန်းအမှူးပြုသည့် မြန်မာအမျိုးသားခေါင်းဆောင်ကြီး ငါးဦးနှင့် ငါတို့၏ အမျိုးသားခေါင်းဆောင်ကြီး အာဇာနည် မိုင်းပွန်စော်ဘွားကြီးအတွက် ငါတို့သည် အထူးနှမြောတသ ဝမ်းနည်းကြေကွဲကြကာ ယူကျုံးမရဖြစ်ရပါကြောင်း။

အမျိုးသား ညီညွတ်သွေးစည်းရေး၊ တိုင်းပြည်နှင့် လူမျိုးတို့၏ လုံးဝလွတ်လပ်ရေးအတွက် သက်စွန့် ကြိုးပမ်း ထမ်းရွက်သွားကြရှာသော သားကောင်းရတနာ အာဇာနည်ပုဂ္ဂိုလ်ကြီးတို့အား ငါတို့ ချီးကျူးပါ၏။ ရိုသေကိုင်းညွတ် အလေးပြုပါ၏။

တိုင်းပြည်နှင့် လူထု၏ရန်သူကို လူသတ်သမားတို့အား ပြင်းပြင်းထန်ထန် ရှုတ်ချသည့်ပြင် တိုင်းပြည် နှင့်လူထု၏ လုံးဝလွတ်မြောက်ရေးလုပ်ငန်းကို ဖြစ်မြောက်အောင်မြင်သည်အထိ သစ္စာရှိစွာ ကြိုးပမ်း ဆောင်ရွက်ခြင်းအားဖြင့် ငါတို့သည် ငါတို့၏ ခေါင်းဆောင်ကြီးများအတွက် လက်စားချေ တုံ့ပြန်ကြကုန်အံ့။

ဒို့ ရှမ်းတိုင်းရင်းသားအပေါင်းတို့၊ ငါတို့ ရှမ်းလူမျိုးတို့၏သွေးကား မြေသို့ကျခဲ့လေပြီ။ ငါတို့ ခေါင်းဆောင်ကြီးများချပေးခဲ့သော လမ်းစဉ်အတိုင်း အမျိုးသားချင်း သွေးစည်းရေး၊ ညီညွတ်ရေးကို ပိုမိုခိုင်ခံ့အောင် တည်ဆောက်၍ နယ်ချဲ့စနစ်အောက်မှ လုံးဝလွတ်လပ်ရေးပန်းတိုင်သို့ တညီတညွတ် တည်း ချီတက်ကြကုန်အံ့။

**ဗဟိုအမှုဆောင်အဖွဲ့**
**ရှမ်းပြည်နယ် ပြည်သူ့လွတ်လပ်ရေးအဖွဲ့ချုပ်**
**ဌာနချုပ်၊ တောင်ကြီးမြို့**
**(ဗမာ့ရှေ့ဆောင်၊ ၂၃-၇-၄၇)**



ကိုအောင်ဆန်း ကျောင်းသားဘဝက ရန်ကုန်တက္ကသိုလ်မဂ္ဂဇင်း အယ်ဒီတာအဖြစ်ဆောင်ရွက်စဉ် အယ်ဒီတာအဖွဲ့ဝင်များနှင့်အတူ တွေ့ရစဉ်



၁၉၄၆ ခုနှစ် မြို့တော်ခန်းမရှေ့(ယခင် ဟစ်တိုင်) တွင် ဗိုလ်ချုပ်အောင်ဆန်းမိန့်ခွန်းပြောကြားရာသို့ လာရောက်ကြသည့် ပရိသတ်များ



လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် သခင်နုတို့ကို တွေ့ရစဉ်



ဗိုလ်ချုပ်အောင်ဆန်းနှင့် ဇနီး ဒေါ်ခင်ကြည်တို့ မိသားစု



လွတ်လပ်ရေး ကြိုးပမ်းစဉ်ကာလ မြန်မာ့တပ်မတော်အား ဗိုလ်ချုပ်အောင်ဆန်း တပ်စစ်ဆေးနေမှု

# မြန်မာ့လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမိုင်းဝင်ပုံရိပ်များ



ဗိုလ်ချုပ်အောင်ဆန်းအား ကချင်တိုင်းရင်းသူများနှင့်အတူ တွေ့ရစဉ်

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ လုပ်ကြံခံရပြီးနောက် ရန်ကုန်မြို့တွင် ဈာပနအခမ်းအနား ကျင်းပစဉ်





ဗိုလ်ချုပ်အောင်ဆန်း၏ အားမာန်အပြည့် ဝင့်ကြွားဟန်



လွတ်လပ်ရေးကြိုးပမ်းစဉ်ကာလ ဗိုလ်ချုပ်အောင်ဆန်းနှင့် မဟာမိတ်ဗြိတိသျှတပ် အရာရှိများ တွေ့ရစဉ်



မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့်အဖွဲ့ အင်္ဂလန်သို့ သွားရောက်စဉ်

# ဘာတွန်ရော့တ်၌ ရေတပ်အရာခံဗိုလ်ဟောင်းက ရဲအရာရှိများကို သေနတ်ဖြင့်ပစ်ခတ်



**ဘာတွန်ရော့တ် ဇူလိုင် ၁၈**
တနင်္ဂနွေနေ့က ဘာတွန်ရော့တ်၌ဆုတံဆိပ်ချီးမြှင့်ခြင်းခံထားရသူ ရေတပ်အရာခံဗိုလ်ဟောင်းတစ်ဦးက ရဲများကိုသေနတ်ဖြင့်ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ရဲသုံးဦးသေဆုံးခဲ့သည်။

အဆိုပါဖြစ်ရပ်သည် ပြီးခဲ့သည့်နှစ်ပတ်အကြာက လူမည်းအမျိုးသားတစ်ဦးကို ရဲများက သေနတ်ဖြင့်ပစ်ခတ်လိုက်သည့်အတွက် နိုင်ငံတစ်ဝန်း ဆူပူအုံကြွမှုများ ဖြစ်ပွားခဲ့ပြီးနောက် ထပ်မံပေါ်ပေါက်လာခြင်း ဖြစ်သည်။

ဝတ်ရုံနက်ဝတ်ဆင်ထားပြီး ရိုင်ဖယ်သေနတ်ကိုင်ဆောင်ထားသည့် သေနတ်သမားသည် ချောင်းမြောင်းတိုက်ခိုက်မှုပုံစံမျိုးဖြင့် ရဲများစုဝေးနေရာသို့ ရောက်ရှိလာပြီး သေနတ်ဖြင့်ပစ်ခတ်ကာ မိနစ်ပိုင်းအတွင်းမှာပင် ကိုယ်တိုင်သေနတ်ဖြင့်အဆုံးစီရင်သွားခဲ့ကြောင်း မြို့တော်ဝန်ဒစ်ပ်ဟိုလ်ဒင်ကပြောသည်။

ဘာတွန်ရော့တ်ရဲဌာနချုပ်မှ အရာရှိနှစ်ဦးနှင့် လက်ထောက် ခရိုင်ဥပဒေအရာရှိတစ်ဦး သေဆုံးပြီး နောက်ထပ်ခရိုင်လက်ထောက် ဥပဒေအရာရှိတစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့သည်။ ကျန်ရဲများမှာ ဒဏ်ရာအနည်းငယ်ရရှိပြီး အသက်ဘေးမှလွတ်မြောက်ခဲ့သည်။

လူဝီစီယားနား ရဲဌာနချုပ် အကြီးအကဲဖြစ်သည့် ဗိုလ်မှူးကြီး မိုက်အက်ဒမွန်ဆန်က သေနတ်သမားသည် မည်သည့်အဖွဲ့အစည်းမျှမပါရှိဘဲ တိုက်ခိုက်မှုကို တစ်ကိုယ်တော်လုပ်ဆောင်ခဲ့ကြောင်း သတင်းစာရှင်းလင်းပွဲ၌ ပြောကြားခဲ့သည်။

**(ရိုက်တာ)**

# ဥရောပသမဂ္ဂမှ မိတ်ဆွေများကို ဗြိတိန်စွန့်ခွာမည်မဟုတ်ဟု ဘောရစ်ဂျွန်ဆန်ပြောကြား

**လန်ဒန် ဇူလိုင် ၁၈**
ဗြိတိန်နိုင်ငံသည် ဥရောပသမဂ္ဂမှ ခွဲထွက်မည်မှန်သော်လည်း ဥရောပကို အပြီးစွန့်ခွာသွားခြင်းမဟုတ်သလို ဥရောပမှ မိတ်ဖက်နိုင်ငံများကို ပစ်ပယ်လိုက်ခြင်းလည်း မဟုတ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘရပ်ဆဲလ်၌ ပြောကြားခဲ့သည်။



မကြာသေးမီက နီစ်၌ ဖြစ်ပွားခဲ့သည့် လော်ရီကားတိုက်ခိုက်မှုကဲ့သို့သော အကြမ်းဖက်ဖြစ်ရပ်မျိုးကို ဥရောပနိုင်ငံအားလုံးက အတူပူးပေါင်းဆောင်ရွက်ကာ တုံ့ပြန်သင့်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဝန်ကြီး ဘောရစ်ဂျွန်ဆန်က ပြော သည်။

မစ္စတာဂျွန်ဆန်က ၎င်းအနေဖြင့် တူရကီ၌ ဖြစ်ပွားခဲ့သည့် အာဏာသိမ်းတိုက်ခိုက်မှုအပြီးတွင် တူရကီ၌ အဖက်ဖက်က မျှတစွာထိန်းချုပ်နိုင်မည့် အခြေအနေမျိုးကိုမြင်တွေ့ရန် လိုလားပါသည်ဟုဆိုသည်။

ဘောရစ်ဂျွန်ဆန်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဂျွန်ကယ်ရီနှင့် ဥရောပသမဂ္ဂမှ ဆွေးနွေးဖက်ခေါင်းဆောင်များနှင့် တွေ့ဆုံရန် ဘရပ်ဆဲလ်သို့ ရောက်ရှိခဲ့သည်။

ဆွေးနွေးပွဲသို့ အလာခရီးတွင် အရေးပေါ်လေယာဉ် ဆင်းသက်ရပ်နားမှုကြောင့် မစ္စတာဂျွန်ဆန်၏ခရီးစဉ် နောက်ကျခဲ့ရကြောင်း သိရသည်။

**(ဘီဘီစီ)**

# အာဏာသိမ်းရာတွင် မအောင်မြင်သော တူရကီတပ်ဖွဲ့ဝင်ရှစ်ဦး ဂရိတရားရုံးတွင် အမှုရင်ဆိုင်ရမည်

**အန်ကာရာ ဇူလိုင် ၁၈**
အာဏာသိမ်းရာတွင်မအောင်မြင်သော တူရကီတပ်ဖွဲ့ဝင်ရှစ်ဦး ဂရိသို့ စစ်ရဟတ်ယာဉ်ဖြင့် ထွက်ပြေးတိမ်းရှောင်ခဲ့သော်လည်း ဂရိတရားရုံးတွင် အမှုရင်ဆိုင်ရမည်ဖြစ်ကြောင်း အနာဒိုလူ သတင်းအေဂျင်စီက ဇူလိုင် ၁၇ ရက်တွင် သတင်းထုတ်ပြန်ခဲ့သည်။

အာဏာသိမ်းရာတွင် ကူညီသူများသည် တရားမဝင် ဝင်ရောက်ခိုလှုံခွင့်ပြုခြင်းနှင့် တူရကီနှင့်ဂရိ နှစ်နိုင်ငံဆက်ဆံရေးပျက်ပြားစေမှု စသည့်စွဲချက်များကို ရင်ဆိုင်ရမည်ဖြစ်ကြောင်း တပ်ဖွဲ့ဝင်များ၏ ဥပဒေအကျိုးဆောင် လီယာမာရီနာကီက ပြောကြားခဲ့သည်။

ပါဝင်ခဲ့သည့် တပ်ဖွဲ့များကို အစိုးရရှေ့နေထံမှောက် အရောက်ပို့ပေးရမည်ဖြစ်ပြီး တနင်္ဂနွေနေ့တွင် ရုံးတင်စစ်ဆေးမည်ဖြစ်ကြောင်း ၎င်းဥပဒေအကျိုးဆောင်က ပြောသည်။ တပ်ဖွဲ့ဝင်များ ထွက်ပြေးတိမ်းရှောင်ရာတွင်သုံးသော ဘလက်ဟော့ခ် အမျိုးအစား စစ်ရဟတ်ယာဉ်ကို တူရကီသို့ ပြန်ပေးမည်ဖြစ်ကြောင်း သိရသည်။

စနေနေ့အစောပိုင်းက စစ်ရဟတ်ယာဉ်သည် ဂရိ-တူရကီနယ်စပ်အနီးရှိ အလက်ဇန်ဒရိုပိုလီလေဆိပ်တွင် ဆင်းသက်ကာ ရဟတ်ယာဉ်ပေါ်ပါသူရှစ်ဦးက နိုင်ငံရေးခိုလှုံခွင့်တောင်းခံရာ ဂရိရဲများက ဖမ်းဆီးလိုက်ခြင်းဖြစ်သည်။

**(ဆင်ဟွာ)**

# ဗီယက်နမ်နိုင်ငံတွင် ဆယ်ကျော်သက်များကြား ကိုယ်ဝန်ဖျက်ချနှုန်းမြင့်မားနေဆဲဖြစ်

**ဟန်နွိုင်း ဇူလိုင် ၁၈**
ဗီယက်နမ်နိုင်ငံတွင် နှစ်စဉ်ဆယ်ကျော်သက် ၆၀၀၀ ခန့် ကိုယ်ဝန်ဖျက်ချမှုများကို ကျူးလွန်ခဲ့ကြသည်ဟု လူဦးရေနှင့် မိသားစုစီမံကိန်းဆိုင်ရာရုံးက ဇူလိုင် ၁၈ ရက်တွင် စာရင်းထုတ်ပြန်ခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်၌ ဖော်ပြခဲ့သည်။

၂၀၁၅ခုနှစ် တစ်နှစ်တည်းတွင်ပင် ဗီယက်နမ်တွင် ကိုယ်ဝန်ဖျက်ချသည့် ဖြစ်မှုပေါင်း ၂၈၀၀၀၀ ခန့် ဖြစ်ပွားခဲ့ပြီး ၂ ရာခိုင်နှုန်းခန့်မှာ ဆယ်ကျော်သက်မိခင်လောင်းများဖြစ်ကြောင်း လူဦးရေနှင့် မိသားစုစီမံကိန်းဆိုင်ရာရုံး၏ ထုတ်ပြန်ချက်ကို ကိုးကား၍ ပိုင်အိုနီးယား အွန်လိုင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

ဤလူဦးရေပမာဏမှာ ကျန်းမာရေးဆိုင်ရာအရ ဆေးရုံ၊ ဆေးပေးခန်းများတွင် တစ်ဦးချင်းလာရောက်တိုင်ပင်ရာမှ စာရင်းကောက်ယူထားသော လူဦးရေပမာဏသာ ဖြစ်ကြောင်း ယင်းအွန်လိုင်းသတင်းစာတွင် ဖော်ပြခဲ့သည်။

အမှန်တကယ် ဖြစ်ပွားနေသော ကိုယ်ဝန်ဖျက်ချနှုန်းမှာ ကောက် ယူထားသော စာရင်းထက်ပိုမိုများပြားနိုင်ကြောင်း ပိုင်အိုနီးယားသတင်းစာတွင် ထပ်မံဖော်ပြခဲ့သည်။

လူဦးရေနှင့် မိသားစုစီမံကိန်းဆိုင်ရာရုံး၏ သတင်းအချက်အလက်နှင့် ပညာပေးဌာနမှ ဌာနအကြီးအကဲ ဒင်ဟွာဒေါင်က ကိုယ်ဝန်ဖျက်ချနှုန်းသည် ယခင်နှစ်များနှင့် နှိုင်းယှဉ်လျှင် အကျဘက်သို့ ဦးတည်လာသော်လည်း ဆယ်ကျော်သက်များကြား ကိုယ်ဝန်ဖျက်ချနှုန်းမှာမူ ဆက်လက်မြင့်မားနေဆဲဖြစ်ကြောင်း ပြောကြားခဲ့သည်။

**(ဆင်ဟွာ)**

# အသိမ်းပိုက်ခံ ဂိုလန်ကုန်းမြင့်လေပိုင်နက်ထဲသို့ဝင်လာသော ဆီးရီးယားဒရုန်းယာဉ်အား ဒုံးကျည်ဖြင့်ပစ်ချရန် အစ္စရေးကြိုးစား

**ဂျေရုစလင် ဇူလိုင် ၁၈**
အစ္စရေးထိန်းချုပ်ခံ ဂိုလန်ကုန်းမြင့်ဝေဟင်တွင် လူလိုက်ပါခြင်းမရှိသော ဆီးရီးယား လေယာဉ် (ဒရုန်း) တစ်စင်းကို အစ္စရေးတို့က ဇူလိုင် ၁၇ ရက်က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ချရန်ကြိုးစားခဲ့ရာ မအောင်မြင်ခဲ့ကြောင်း အစ္စရေးစစ်ဘက်က ပြောကြားခဲ့သည်ဟု ဆင်ဟွာသတင်းတစ်ရပ်တွင်ဖော်ပြပါရှိသည်။



လေကြောင်းရန်ကာကွယ်ရေး ဒုံးကျည်နှစ်စင်းဖြင့် ဆီးရီးယားမှတစ်ဆင့် အစ္စရေးလေပိုင်နက်ထဲသို့ ဝင်ရောက်လာသော အဆိုပါဒရုန်းလေယာဉ်ကို ဦးတည်ပစ်ခတ်ခဲ့ကြောင်း အစ္စရေးကာကွယ် ရေးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြခဲ့သည်။

ဒုံးကျည်များသည် ဒရုန်းယာဉ်ကို ထိမှန်ခြင်းမရှိဘဲ ယင်းဒရုန်းယာဉ်သည် ဆီးရီးယားနိုင်ငံဘက်သို့ ပျံသန်းသွားခဲ့ကြောင်း အစ္စရေးကာကွယ်ရေးဌာန ပြောရေးဆိုခွင့်ရှိသူက ဆက်လက်ပြောကြားခဲ့သည်။

၁၉၆၇ခုနှစ်က ဖြစ်ပွားခဲ့သည့် စစ်ပွဲတွင် ဆီးရီးယားတို့လက်မှ ဂိုလန်ကုန်းမြင့်ကို အစ္စရေးတို့က သိမ်းပိုက်ခဲ့သည်။

နယ်စပ်ဒေသသို့ ရောက်လာသော ဒဏ်ရာရ ဆီးရီးယားစစ်သားများကို ကူညီသည်မှလွဲ၍ အခြားကိစ္စရပ်များတွင် အစ္စရေးသည် ဆီးရီးယားပြည်တွင်းစစ်တွင် ပါဝင်စွက်ဖက်မှုမပြုရေးမူကို ကိုင်ဆွဲထားသည်။

အစ္စရေးသည် လွန်ခဲ့သောနှစ်အနည်းငယ်က အီရန်နှင့် ဆီးရီးယားတို့မှ လက်နက်များကို လက်ဘနွန် ဟစ်ဘိုလာ စစ်သွေးကြွအုပ်စုများဆီသို့ လွှဲပြောင်းပေးမှုကို နှောင့်ယှက်ဟန့်တားလိုသောကြောင့် ဆီးရီးယားတွင် လေကြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့သည်။

**(ဆင်ဟွာ)**



# ပိုမိုကောင်းမွန်အောင် စိတ်ကူးများဖြင့် ပူးပေါင်းဆောင်ရွက်

**ရန်ကုန် ဇူလိုင် ၁၈**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားကို ယခုထက်ပိုမိုတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လိုသည့် စိတ်ဓာတ်များနှင့် အရာထမ်း၊ အမှုထမ်းများ၏ စိတ်ကူးစိတ်သန်းများဖြင့် စုပေါင်း၍ အားလုံးဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြောကြားသည်။

ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ပြည်လမ်းရှိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား စတူဒီယိုအတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ထိုသို့ပြောကြားခြင်းဖြစ်သည်။

ဆက်လက်၍ တစ်ဦးတစ်ယောက်ချင်းစီဖြစ်စေ၊ အဖွဲ့လိုက်ဖြစ်စေ မိမိတို့၏ စိတ်ကူးစိတ်သန်းများကို နှုတ်အားဖြင့်ဖြစ်စေ၊ စာအားဖြင့်ဖြစ်စေ အကြံပြုရေးသားပေးပို့ကြစေလိုကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့သည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားဝင်းအတွင်းရှိ မီတာ ၂၀၀ တာဝါနှင့် လွှင့်စက်ခန်းတွင် ရုပ်မြင်သံကြားနှင့် FM ရေဒီယိုထုတ်လွှင့်နေမှုများနှင့် 9 မီတာ ဂြိုဟ်တုမြေပြင်စခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်ဆိုင်တိုးချဲ့ဆိုင်သစ် ပြင်ဆင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)**

အဆိုပါ စာပေဗိမာန်စာအုပ်ဆိုင် တိုးချဲ့ဆိုင်သစ်ဖွင့်ပွဲကို နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲတော်ကျင်းပမည့် ဇူလိုင် ၂၉ ရက်တွင် တစ်ပြိုင်တည်းဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် ပြင်ဆင်ရေးဆွဲရာတွင် NCA လက်မှတ်မထိုးရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံတွင် တက်ရောက်နိုင်မည့် နည်းလမ်းဖြစ်ဟု DPN အဖွဲ့ခေါင်းဆောင်ခူဦးရယ် ဆို

**သတင်း-ရဲခေါင်ညွှန့်၊ ဓာတ်ပုံ-ဖိုးထောင်**

**ရန်ကုန် ဇူလိုင် ၁၈**

"လာမည့် သြဂုတ်လဆန်းတွင် ဆောင်ရွက်မည့် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ပြင်ဆင်ရေးဆွဲသည့် Framework Review တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာစာချုပ် (NCA) လက်မှတ်ရေးထိုးထားခြင်း မပြုရသေးသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များပါဝင်မှသာ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံတွင် ပါဝင်လာနိုင်မည့် နည်းလမ်းဖြစ်သည်" ဟု ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) က ဖွဲ့စည်းထားသည့် နိုင်ငံရေးဆိုင်ရာ ညှိနှိုင်းဆွေးနွေးရေး ကိုယ်စားလှယ်အဖွဲ့ (Delegation for Political Negotiation – DPN) အဖွဲ့ခေါင်းဆောင် ခူဦးရယ်က ပြောကြားလိုက်သည်။

DPN အဖွဲ့ခေါင်းဆောင် ခူဦးရယ်သည် ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်မြို့ချက်ထရီယံ ဟိုတယ်တွင် ပြုလုပ်သည့် UNFC ခေါင်းဆောင်များပါဝင်သည့် ကိုယ်စားလှယ် အဖွဲ့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် လာရောက်တွေ့ဆုံသည့် ခရီးစဉ်၊ DPN ကိုယ်စားလှယ်အဖွဲ့ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ -( ၂၁ )ရာစုပင်လုံ အကြိုပြင်ဆင်ရေးကော်မတီ တွေ့ဆုံသည့် ခရီးစဉ် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့ခြင်း ဖြစ်သည်။ **(အပေါ်ယာပုံ)**

ခူဦးရယ်က "ကျွန်တော်တို့ အစိုးရကိုယ်စားလှယ်နဲ့ တွေ့ဆုံတာမှာ ကျွန်တော်တို့ UNFC က တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့ ခုနစ်ဖွဲ့ကို ကိုယ်စားပြုတယ်။ ဇူလိုင် ၂၀ ရက်နေ့ ချင်းမိုင်မှာ ကျွန်တော်တို့ကို ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံအကြိုပြင်ဆင်ရေးကော်မတီက လာရောက်တွေ့ဆုံ ဆွေးနွေးမယ်။ အဲ့ဒါကတော့ နိုင်ငံရေးမူဘောင်ဆိုင်ရာ ဆွေးနွေးသုံးသပ်မှုတွေမလုပ်ခင် အကျေအလည်ဆွေးနွေးပြီး ဘယ်လိုပုံစံသွားမလဲ၊ Framework ကို ဘယ်လိုပါဝင်မလဲ ဆိုတာ ဆွေးနွေးဖို့ပါ။ အသေးစိတ်ကတော့ ဆုံတဲ့နေ့မှာ ထပ်ဆွေးနွေးပါမယ်။ Framework မပြီးရင် အချောမသတ်နိုင်ရင် ကျွန်တော်တို့ မျှော်လင့်တဲ့ ညီလာခံဖြစ်ဖို့ အကြောင်းမရှိပါဘူး။ နိုင်ငံရေးမူဘောင်ဆိုင်ရာ ဆွေးနွေးသုံးသပ်မှုတွေမှာ မလွဲမသွေ ပါဖို့လိုမှာပါ။ ရှင်းရှင်းပြောရရင် ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ-(၂၁)ရာစုပင်လုံ ဖြစ်မြောက်ဖို့ဆိုတာ Framework ပေါ်မှာ အများကြီးမူတည်ပါတယ်"ဟု ပြောသည်။

ယခင် အစိုးရလက်ထက် နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင် (Political Framework) ရေးဆွဲစဉ်က NCA စာချုပ်လက်မှတ်ရေးထိုးထားခြင်းမပြုရသေးသည့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများ မပါဝင်ကြောင်း၊ Framework သည် NCA စာချုပ်တွင် ပါဝင်သည့် ပုဒ်မပြဋ္ဌာန်းချက် လမ်းပြမြေပုံ ခုနစ်ချက်အရ ဖြစ်ပေါ်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ယခင်နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာ မူဘောင်ရေးဆွဲရာတွင် မပါဝင်ခဲ့သည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများအနေဖြင့် ပါဝင်ဖို့ လိုအပ်ကြောင်းကို အဆိုပါသတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

ခူဦးရယ်က "ဒါကြောင့် သြဂုတ်လ ပထမပတ်အစောပိုင်းမှာ Review လုပ်ဖို့ ကျွန်တော်တို့ကို ဖိတ်စာပို့ထားတာရှိပါတယ်။ ဒါကြောင့် ဒီကိစ္စကို ကျွန်တော်တို့အနေနဲ့ တရားဝင်သဘောတရားတစ်ခုခု သို့တည်းမဟုတ် အခြေခံနားလည်မှုတစ်ခုခုရယူထားဖို့ လိုတယ်လို့ ကျွန်တော်တို့ဘက်က သုံးသပ်ပါတယ်။ အစိုးရအဖွဲ့နိုင်ငံရေးမူဘောင်ဆိုင်ရာ သုံးသပ်ချက်တွေမှာ ကျွန်တော်ပါဝင်မယ်။ Review သုံးသပ်ချက်တွေ ပြန်လုပ်ပြီး အဲ့ဒီကနေမှ သဘောတူညီမှုယူပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကို အတူတကွသွားဖို့ဆိုတဲ့ သဘောမျိုးဖြစ်ပါတယ်" ဟု ဆိုသည်။

ညီညွတ်သော တိုင်းရင်းသားလူမျိုးစု ဖက်ဒရယ်ကောင်စီ (UNFC) ကိုယ်စားလှယ်များအနေဖြင့် NCA လက်မှတ်မထိုးထားသေးသည့် အဖွဲ့များတွင် မတူညီသည့် ပုံစံများရှိနေပြီး အစိုးရနှင့် ပြည်နယ်အဆင့်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး bilateral agreement သဘောတူထားသော အဖွဲ့အစည်း၊ အစိုးရနှင့် သဘောတူညီမှုရယူထားခြင်း မရှိသောအဖွဲ့အစည်း၊ မြေပြင်တွင် တပ်မတော်နှင့် ထိတွေ့မှုဖြစ်ပွားနေသော



အဖွဲ့အစည်းများ ရှိနေသောကြောင့် (၂၁)ရာစုပင်လုံတွင် ပါဝင်ရာ၌ လေ့လာသူ၊ တင်းပြည့်ကျပ်ပြည့် ပါဝင်ခွင့်ရှိသူစသည့် မည်သည့်အခြေအနေဖြင့် ပါဝင်ရမည်ဆိုသည့် ဆွေးနွေးအဖြေရှာရန် အစိုးရကိုယ်စားလှယ်များအား မေတ္တာရပ်ခံထားကြောင်း သိရသည်။

ခူဦးရယ်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လက်ရှိတွေ့ကြုံနေသည့် အခက်အခဲများနှင့်ပတ်သက်၍ "ကျွန်တော်တို့ရဲ့အခက်အခဲကိုလည်းပဲ အစိုးရဘက်က ကိုယ်စားလှယ်တွေ နားလည်သဘောပေါက်တယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်။ ကျွန်တော်တို့အနေနဲ့ အစိုးရကိုယ်စားလှယ်တွေကို တိုက်တွန်းတာကတော့ တွေ့ဆုံဆွေးနွေးခြင်း တစ်ခါမျှ မပြုလုပ်ရသေးတဲ့ အဖွဲ့တွေကို တွေ့ဆုံဖို့လိုသလို၊ နောက် မြေပြင်မှာ ထိတွေ့မှုဖြစ်နေတဲ့ အဖွဲ့သုံးဖွဲ့နဲ့ကတော့ ဆက်စပ်ဆောင်ရွက်မှုတွေ ရှိနေလောက်ပြီလို့ ယေဘုယျ နားလည်ထားပါတယ်။ ထိတွေ့မှုဖြစ်နေတာက ဖြစ်နေတာပဲ။ ဒါပေမယ့် ဒါတွေရပ်တန့်သွားအောင် ညှိနှိုင်းဆောင်ရွက်ဖို့တော့ လိုမယ်လို့ အကြိမ်ကြိမ် မေတ္တာရပ်ခံပါတယ်။ ဒီကိစ္စကိုလည်းပဲ တပ်မတော်နဲ့ အစိုးရအဖွဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေလိမ့်မယ်လို့ ကျွန်တော်တို့ နားလည်ထားပါတယ်"ဟု ဆိုသည်။

၎င်းက ဆက်လက်၍ "ရှိခဲ့တဲ့အတွေ့အကြုံနဲ့ သင်ခန်းစာကို ယူပြီး မိုင်ဂျာယန်မှာ အကောင်းဆုံးဆွေးနွေးမှာပါ။ ရှိခဲ့တဲ့ အတွေ့အကြုံကို သင်ခန်းစာမယူဘူးဆိုရင် ကျွန်တော်တို့ အပြစ်ပါပဲ" ဟု ပြောသည်။

ဇူလိုင် ၂၆ ရက်မှ ၂၉ ရက်အထိ မိုင်ဂျာယန်တွင် ပြုလုပ်မည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ၏ ညီလာခံတွင် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ တက်ရောက်နိုင်ရေးအတွက် အကြိုညှိနှိုင်းမည်ဖြစ်ပြီး အနာဂတ် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးဆိုင်ရာ ဘုံသဘောတူညီချက်ရယူမည်ဖြစ်ကြောင်း အဆိုပါသတင်းစာရှင်းလင်းပွဲမှ သိရသည်။

*** *ကျော်ဖုံးမှ***

၂၀၁၅ ဇန်နဝါရီ ပထမအပတ်မှ စတင်တည်ဆောက်ခဲ့ရာ ရေကြီးမှုဖြစ်စဉ်ကြောင့် တည်ဆောက်ရေးလုပ်ငန်းများကို သုံးလခန့်ရပ်ဆိုင်းခဲ့ရသဖြင့် သတ်မှတ်ချိန်ထက် ပိုကြာခဲ့ကြောင်းသိရသည်။

"ဒီနေ့အထိ ၉၀ ရာခိုင်နှုန်း ပြီးသွားပြီ။ ဒီလကုန်မှာ ရထားတွေ ဖြတ်သန်းလို့ရပါပြီ။ ၂၀၁၅ ဇူလိုင်မှာ တစ်ပြည်လုံးရေကြီးတော့ သုံးလလောက်နားရတယ်။ မြစ်ငယ်မြစ်မှာ မြစ်ရေတက်လာပြီး ဘိုးပိုင်တည်ဆောက်မှုတွေ အခက်အခဲဖြစ်တယ်။ အခြားအကြောင်းကြောင့် ကြန့်ကြာတာ မရှိပါဘူး"ဟု ၎င်းက ပြောသည်။

ရထားလမ်း-တံတားသစ် တည်ဆောက်ရာတွင် ငွေကျပ် သန်းငါးထောင်ကျော်ကုန်ကျကြောင်း၊ အလားတူခပေါင်း တံတားကိုလည်း တည်ဆောက်လျက်ရှိရာ အဆိုပါတံတားနှစ်စင်း ဖွင့်လှစ်ပြီးပါက ရန်ကုန်-မန္တလေးရထား ခုတ်မောင်းချိန် လျှော့ချနိုင်မည်ဟု ဆိုသည်။

"၂၀၁၄ ခုနှစ် သြဂုတ်လက မြေတိုင်းတာရေးလုပ်တယ်။ တံတားတစ်ခုတည်းဆိုတော့ အစုန်/အဆန် ရထားနှစ်စင်းအတွက် မြစ်ငယ်နဲ့ မြို့ဟောင်းဘူတာကြား အချိန်စောင့်ရလို့ ကြန့်ကြာမှုရှိတယ်။ တံတားအသစ်ပြီးသွားရင် ရထားလမ်း နှစ်လမ်းဖြစ်သွားပြီး စောင့်စရာ မလိုတော့ဘူး"ဟု စီမံကိန်းအင်ဂျင်နီယာ ဦးလှစိုးမြင့်က စီမံကိန်းစတင်စဉ်က ပြောကြားခဲ့သည်။

အဆိုပါ ရထားသံလမ်းတံတားသည် ယခင်တံတားဟောင်းမှ အရှေ့ဘက် ၁၇ မီတာ ကွာဝေး၍ အရှည် ၇၂ ပေရှိကြောင်း၊ ဘိုးပိုင်ပေါင်း ၅၀ ပါဝင်ပြီး Substructure က RC ကွန်ကရစ်တိုင်များ အသုံးပြု၍ Super Structure မှာ ပေ ၁၅၀၊ Steel Box Girder(4-Nos)နှင့် ပေ ၄၀-Steel Girder(2-Nos)တို့ ဖြစ်ကြောင်း သိရသည်။

# နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီစာအုပ်ဈေးရောင်းပွဲ ဆိုင်းဘုတ်တပ်ဆင်

**ရန်ကုန် ဇူလိုင် ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ ဦးဆောင်မှုဖြင့် ပထမအကြိမ် "နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲနှင့် မိုးရာသီ စာအုပ်ဈေးရောင်းပွဲ" ကျင်းပမည့် နေ့ရက်၊ နေရာများ ဖော်ပြထားသည့် အသိပေးဆိုင်းဘုတ်ကို ယမန်နေ့ မွန်းလွဲပိုင်းမှစတင်ကာ ရန်ကုန်မြို့ သိမ်ဖြူလမ်း ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံရှေ့၌ တစ်နေရာ၊ သိမ်ဖြူလမ်းနှင့် အနော်ရထာလမ်းထောင့် နှစ်နေရာတို့၌ တပ်ဆင်အသိပေးထားကြောင်း တွေ့ရသည်။

" နိုင်ငံရေးစာပေစာတမ်းဖတ်ပွဲ"ကို ဇူလိုင် ၂၉ ရက်မှ ၃၁ ရက်အထိ သိမ်ဖြူလမ်း ဗဟို ပုံနှိပ်စက်ရုံခန်းမ၌ တတ်သိပညာရှင်များက နိုင်ငံရေးစာပေစာတမ်း ၁၈ စောင် ဖတ်ကြားဆွေးနွေးကြမည်ဖြစ်သည်။ ယင်းနေ့များတွင်ပင် မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက ဗဟိုပုံနှိပ်စက်ရုံဝင်း၌ မိုးရာသီ စာအုပ်ဈေးရောင်းပွဲများကို ကျင်းပမည်ဖြစ်သည်။ ဈေးရောင်းပွဲတွင် ဆိုင်ခန်း ၁၅၈ ခန်းတွင် နေ့စဉ်နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း နိုင်ငံရေး စာအုပ်စာပေများ အပါအဝင် ဘာသာရပ်ဆိုင်ရာ စာအုပ်မျိုးစုံကို ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

နိုင်ငံရေးစာပေ စာတမ်းဖတ်ပွဲသို့ နိုင်ငံရေးစာပေ စိတ်ဝင်စားသူ မည်သူမဆို တက်ရောက်လေ့လာနိုင်ကြောင်းနှင့် မိုးရာသီစာအုပ်ဈေးပွဲတော်မှ စာအုပ်များကို ဈေးနှုန်းချိုသာစွာ စိတ်ကြိုက်ရွေးချယ်ဝယ်ယူအားပေးနိုင်ကြောင်း သိရသည်။

**ကိုချစ်**

# မြန်မာနိုင်ငံရဲ့ အေဆမ်မှာပါဝင်မှုအခန်းကဏ္ဍဟာ တစ်ဆင့်တစ်ဆင့်နဲ့ ပိုပြီးတော့မြင့်တက်လာ

**နေပြည်တော် ဇူလိုင် ၁၈**

(၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးကို မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ ဇူလိုင် ၁၅ ရက်နှင့် ၁၆ ရက်တို့က ကျင်းပခဲ့ရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်အပါအဝင် အာရှ-ဥရောပ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ အဆင့်မြင့် ကိုယ်စားလှယ် ၆၀ ကျော်၊ နိုင်ငံအကြီးအကဲ ၁၁ဦး၊ အစိုးရအဖွဲ့ခေါင်းဆောင် ၂၃ ဦးနှင့် နိုင်ငံကိုယ်စားပြုဝန်ကြီးများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် အူလန်ဘာတာကြေညာချက်နှင့် ဥက္ကဋ္ဌ၏ ထုတ်ပြန်ချက်တို့ကိုလည်း ထုတ်ပြန်ခဲ့သည်။

ယင်းထိပ်သီးအစည်းအဝေးသို့ နိုင်ငံတော်သမ္မတနှင့်အတူ အဖွဲ့ဝင်အဖြစ် လိုက်ပါသွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က အစည်းအဝေး အတွေ့အကြုံနှင့် ပတ်သက်၍ အောက်ပါအတိုင်း ပြောကြားခဲ့သည် -

**ဦးကျော်တင်**

**ဒုတိယဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီးဌာန**

ဒီနှစ်ကတော့ နှစ်ပေါင်း ၂၀ ကာလအတွင်းမှာ အာရှနဲ့ ဥရောပ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ပတ်သက်ပြီးတော့ ဆောင်ရွက်ခဲ့တာတွေကို ပြန်လည်သုံးသပ်တယ်။ လာမယ့် တတိယ ဆယ်စုနှစ်ကာလမှာ အာရှ-ဥရောပအနေနဲ့ ဘာတွေ ပူးပေါင်းဆောင်ရွက်ပြီး ဘယ်လိုအကောင်အထည်ဖော်ကြမယ်ဆိုတာတွေကို ဆွေးနွေးညှိနှိုင်းကြပါတယ်။

ထူးခြားချက်ကတော့ ပြင်သစ်နိုင်ငံ နိစ်မြို့မှာ အကြမ်းဖက်မှုတွေ ဖြစ်ပွားခဲ့တဲ့အတွက်ကြောင့် ဒီကနေပြီး အကြမ်းဖက်မှု နှိမ်နင်းရေးနဲ့ ပတ်သက်လို့ သီးခြားကြေညာစာတမ်းတစ်ခု



ထုတ်ခဲ့တယ်။ အူလန်ဘာတာ ကြေညာစာတမ်းဆိုတာလည်း ထုတ်ပြန်ခဲ့တယ်၊ ဥက္ကဋ္ဌရဲ့ Chair’s Statement ဆိုတာ တစ်ခုလည်း ထုတ်ပြန်ခဲ့တယ်။ အူလန်ဘာတာ ကြေညာစာတမ်းဆိုတာကလည်း အာရှနဲ့ဥရောပဒေသကြီး နှစ်ခုကြားမှာ ပူးပေါင်းဆောင်ရွက်မှု အဓိက သုံးခုရှိတယ်။ Political Dialogue ဆိုတဲ့ နိုင်ငံရေးရာဆွေးနွေးပွဲ၊ နောက်ပြီးတော့ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ပြည်သူချင်း ပူးပေါင်းဆောင်ရွက်မှုဆိုတဲ့ ကဏ္ဍတွေနဲ့ ပတ်သက်ပြီးတော့ ဆွေးနွေးဖို့ရှိပါတယ်။

အာရှ-ဥရောပ ဖောင်ဒေးရှင်းဆိုတဲ့ အဖွဲ့တစ်ဖွဲ့ရှိတယ်။ သူက အတွင်းရေးမှူးချုပ်ရုံးဆိုတော့ အာရှ-ဥရောပ နိုင်ငံအကြောင်းကို ကမ္ဘာကသိအောင်လုပ်တယ်။ ပြည်သူတွေဆီက ထိတွေ့ဆောင်ရွက်မှုတွေ ပေးတယ်။ အဲဒီအဖွဲ့အစည်းကနေ လုပ်ပေးနေတယ်။ ဒီနှစ်မှာ ထူးခြားတာက မြန်မာနိုင်ငံက အာရှအုပ်စုမှာဆိုရင် အရှေ့တောင်အာရှ ၁၀ နိုင်ငံရယ်၊ အာရှနိုင်ငံတွေရယ် အုပ်စုနှစ်စုရှိတယ်။

အဲဒီထဲမှာ မြန်မာနိုင်ငံက အာဆီယံ ၁၀ နိုင်ငံရဲ့ညှိနှိုင်းရေးမှူး တာဝန်ယူထားပါတယ်။ ညှိနှိုင်းရေးမှူးတာဝန် ဆောင်ရွက်တဲ့ အနေနဲ့လည်း နောက်နှစ်မှာ အာရှ-ဥရောပ နိုင်ငံခြားရေးဝန်ကြီးများအဆင့် (၁၃)ကြိမ်မြောက် အစည်းအဝေးကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပပေးဖို့ ရှိပါတယ်။

မြန်မာနိုင်ငံရဲ့ အေဆမ်မှာ ပါဝင်မှုအခန်းကဏ္ဍဟာ တစ်ဆင့်တစ်ဆင့်နဲ့ ပိုပြီးတော့ မြင့်တက်လာတာကို တွေ့ရှိရပါတယ်။ ကျွန်တော်တို့နိုင်ငံကလည်း ဒီမိုကရေစီ အစိုးရသစ်တက်ရောက်လာတဲ့အခါကျတော့ ဥရောပနိုင်ငံတွေ တော်တော်များများကလည်း မြန်မာနိုင်ငံနဲ့ ထိတွေ့ဆွေးနွေးပြီးတော့ ကူညီပံ့ပိုးပေးလိုတဲ့ ခေါင်းဆောင်တွေလည်း အလွန်များပြားလာတဲ့အတွက် ကျွန်တော်နဲ့၊ သမ္မတကြီးနဲ့ တွေ့ဆုံဆွေးနွေးပြီးတော့ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စတွေကိုလည်း ညှိနှိုင်းဆွေးနွေးနိုင်ခဲ့ပါတယ်။ ကျွန်တော်တို့နိုင်ငံအတွက် နိုင်ငံ့ဂုဏ်ကိုလည်း မြှင့်တင်ပေးနိုင်ခဲ့ပါတယ်။ နှစ်နိုင်ငံ ဆက်ဆံရေးတွေ တိုးမြှင့်နိုင်တဲ့အတွက်လည်း တန်ဖိုးရှိတဲ့ အစည်းအဝေးတစ်ခုလို့ ကျွန်တော့်အနေနဲ့ သုံးသပ်ပါတယ်။

**(သတင်းအဖွဲ့)**

## ဗိုလ်ချုပ်ကိုချစ်တယ်ဆို

☆ တို့ဗိုလ်ချုပ် ဗိုလ်ချုပ်ကို<br>ချစ်ကြတယ်ဆို<br>ချစ်တယ်ဆို ဗိုလ်ချုပ်စကား<br>ဦးထိပ်ပန်ထား။

☆ ဗိုလ်ချုပ်စကား မှတ်သားကာ<br>လေးစားလိုက်နာ၊<br>ကိုယ်ကျရာ တာဝန်များ<br>အားထုတ်ကြိုးစား။

☆ စွမ်းပကား ကိုယ်စီကိုယ်စီ<br>အားမာန်မြှင့်ချီ၊<br>ဖွံ့ဖြိုးစည် ညီအောင်ပြု<br>တို့ပြည်ထောင်စု။

☆ ပြည်ထောင်စု အဓွန့်ရှည်<br>ငြိမ်းချမ်းရမည်၊<br>စည်းလုံးညီ ချစ်ကြည်ရေး<br>စိတ်ကောင်းကိုမွေး။

☆ ဗိုလ်ချုပ်သွေး မွေးလို့ရယ်<br>ရဲစွမ်းရမယ်၊<br>ကမ္ဘာ့အလယ် ထည်ဝါဝင့်<br>မျိုးရိုးဂုဏ်မြှင့်။ ။

ရေနံ့သာမောင်ကျော်ညွန့်

# ရေစကြိုမြို့နယ် မြေမလှကျေးရွာတွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တု စိုက်ထူမည်



**ရေစကြို ဇူလိုင် ၁၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ရေစကြိုမြို့နယ် တောင်ဦးအုပ်စု မြေမလှကျေးရွာ၌ ဇူလိုင် ၁၉ ရက်(အာဇာနည်နေ့)တွင် ဗိုလ်ချုပ်အောင်ဆန်းရုပ်တုကို စိုက်ထူမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရုပ်တုကို ပန်းပု အောင်မျိုးသူက ထုလုပ်ခဲ့ခြင်းဖြစ်ပြီး ၎င်းက "ကျွန်တော့်ရဲ့ ရည်ရွယ်ချက်ကတော့ လွတ်လပ်ရေးဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းဟာ ကျွန်တော်တို့နိုင်ငံ၊ လူမျိုးနဲ့ ဘာသာ သာသနာအတွက် သူ့ကျွန်မခံလိုတဲ့စိတ်ဓာတ်၊ သူတစ်ပါး လက်အောက်ခံဘဝကနေ လွတ်မြောက်လိုတဲ့စိတ်ဓာတ်နဲ့ ကြိုးပမ်းဆောင်ရွက်ခဲ့တယ်။

ကျွန်တော်တို့နိုင်ငံ လွတ်လပ်ရေးအတွက် အမျိုးမျိုးအဖုံဖုံကြိုးပမ်းခဲ့ပြီး ကျွန်တော်တို့တစ်တွေ လွတ်လပ်စွာ နေထိုင်နိုင်ရေးအတွက် သူ့အသက်ကိုတောင် ပေးဆပ်ခဲ့တဲ့သူဖြစ်တယ်။ ဒါကြောင့် ကျွန်တော်အပါအဝင် မြေမလှ ရွာသူရွာသားတွေ ထာဝရမမေ့ပျောက်စေလိုလို့ ဒီရုပ်တုကို စိုက်ထူဖို့ စီစဉ်ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်၊ ကျွန်တော့်ကို ပန်းပုပညာသင်ကြားပေးခဲ့တဲ့ ကျွန်တော့်ရဲ့ဦးလေး ဆရာဦးသိန်းဝင်းအောင်ကိုလည်း အထူးကျေးဇူးတင်မိပါတယ်။ ရုပ်တုက ပုံအမြင့် လေးပေနဲ့ အောက်ခံအမြင့် ငါးပေ ရှိပါတယ်"ဟု ပြောပြသည်။

ဗိုလ်ချုပ်အောင်ဆန်းရုပ်တု စိုက်ထူနိုင်ရန် ရွာသူရွာသူများကလည်း လိုအပ်သည်များကို တစ်ဖက်တစ်လမ်းက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသည်။ ရုပ်တုကို ရေစကြိုမြို့နယ် တောင်ဦးတောင်မှ သဘာဝထွက် သဲကျောက်ဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး ရုပ်တုထုလုပ်ရန် ၁၀ ရက်ခန့် ကြာမြင့်ခဲ့ကြောင်း သိရသည်။

**(ကိုပြည့်)**

# မန္တလေး၌ အာဇာနည်နေ့အကြို လုံခြုံရေးများဆောင်ရွက်

**မန္တလေး ဇူလိုင် ၁၈**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရက်၁၀၀ စီမံချက်၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး၊ ဝါဆိုလပြည့်နေ့နှင့် (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို လုံခြုံရေးဆောင်ရွက်မှုနှင့် မလိုလားအပ်သော ဖောက်ခွဲဖျက်ဆီးမှုများ မဖြစ်ပေါ်စေရေးအတွက် ရည်ရွယ်၍ အမှတ် (၁၄) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ( ပလိပ်)မှ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး မြတ်ကျော်သူနှင့်တပ်ဖွဲ့ဝင်များ၊ အမရပူရ မြို့နယ်ရဲတပ်ဖွဲ့မှ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး တင်အေးကျော်၊ မြို့မရဲစခန်းမှူး ဒုတိယရဲမှူးမြင့်လွင်နှင့် တပ်ဖွဲ့ဝင်များ၊ ရွှေကြက်ယက် အုပ်ချုပ်ရေးမှူး ဦးဆက်အောင်နှင့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ အရန်မီးသတ် ဒုတပ်ခွဲမှူးဦးချစ်မောင်နှင့်တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီခွဲ မှ ၁၁ နာရီခွဲ အထိ အမရပူရမြို့နယ်ရှိ စစ်ကိုင်းတံတား (ရတနာပုံ)၌ ယာဉ်များရပ်တန့်၍ ဖောက်ခွဲရေးပစ္စည်းများနှင့်တရားမဝင်ကုန်ပစ္စည်းများ သယ်ဆောင်လာခြင်းရှိ မရှိ ပိတ်ဆို့ ရှာဖွေစစ်ဆေးရေးဆောင်ရွက်ကြောင်း သိရသည်။ **တင်မောင်(မန်းကိုယ်ပွား)**



# အာဇာနည်နေ့အထိမ်းအမှတ်သက်ကြီးပူဇော်

**နေပြည်တော် ဇူလိုင် ၁၈**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ် အောင်ဇမ္ဗူရပ်ကွက်ရှိ ရွှေလရောင်ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့က ကြီးမှူး၍ (၆၉)နှစ်မြောက်အာဇာနည်နေ့အထိမ်းအမှတ် သက်ကြီးပူဇော်ပွဲအခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ရွှေလရောင်ပြည်သူ့အကျိုးပြုပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးနေဝင်းအောင်က အဘိုးအဘွား ၁၅ ဦးကိုအဝတ်အထည်နှင့် ဆေးဝါးပစ္စည်းများ ပေးအပ်လှူဒါန်းခဲ့ပြီး အသက်(၉၅)နှစ်အရွယ်ရှိ အဘိုးဦးရိုးဖေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။ **ခင်ဇော်(မင်္ဂလာ)**

# အာဇာနည်နေ့အထိမ်းအမှတ် သန့်ရှင်းရေးဆောင်ရွက်

**မိုးညို ဇူလိုင် ၁၈**

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ပန်းခြံအတွင်းရှိ အာဇာနည်နေ့အထိမ်းအမှတ်ကျောက်တိုင် ဆေးသုတ်ခြင်း၊ ပန်းခြံရှေ့ဆိုင်းဘုတ်တွင် အာဇာနည်ကိုးဦး၏ဓာတ်ပုံများတပ်ဆင်ခြင်း၊ ပန်းခြံသန့်ရှင်းသာယာလှပရေးဆောင်ရွက်မှုကို ဇူလိုင် ၁၆ ရက်က ဆောင်ရွက်ခဲ့သည်။ ယင်းဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်မျိုးမင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ အမှုဆောင်အရာရှိ ဦးသိန်းကျော်နှင့် ဝန်ထမ်းများ ပူးပေါင်းဆောင်ရွက်ခဲ့သည်။ **သန့်ဇော်(ပြန်/ဆက်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၁၉-၇-၂၀၁၆ (အင်္ဂါနေ့) (၁၃၇၈ခုနှစ်၊ ဝါဆိုလပြည့်၊ ဥပုသ်နေ့)

**နံနက်ပိုင်း**

| | |
|---|---|
| ၆ း ၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၆ း ၁၅ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ဓမ္မရောင်ခြည်ကျောင်းတိုက်၊ ပဓာန နာယကဆရာတော်၊ ဘဒ္ဒန္တအဂ္ဂဓမ္မ (အဂ္ဂမဟာပဏ္ဍိတ၊ ဒွိပိဋကဓရ) ဟောကြားတော်မူအပ်သော ဓမ္မစကြာနှင့် ဝါတွင်းသုံးလမြတ်သီလတရားတော် |
| ၇ း ၁၅ | **၂၀၁၆ခုနှစ်၊ (၆၉)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတိုက်ရိုက် ထုတ်လွှင့်မှုအစီအစဉ်** |
| ၉ း ၃၀ | ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက အဂ္ဂမဟာပဏ္ဍိတ ဥက္ကဋ္ဌဆရာတော် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ဇန်းမော်ကျောင်းတိုက်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးတိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထသီလ ခံယူဆောက်တည်ခြင်း။ |
| ၁၀ း ၁၀ | "လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်းများ" |
| ၁၀ း ၃၇ | **ဗိုလ်ချုပ်အောင်ဆန်းနှင့်ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်များအား ဂါရဝအလေးပြုအစီအစဉ်** |
| ၁၁း၀၀ | "ပြန်ပြောင်းအောက်မေ့ အာဇာနည်နေ့" |
| ၁၄း၅၀ | သမိုင်းထဲက နေ့တစ်နေ့ (သို့) သမိုင်းထဲက အာဇာနည် |
| ၁၆ း ၃၅ | "မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှု တစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ဘဝတစ်စိတ်တစ်ဒေသ" |
| ၁၇း၃၀ | တိုင်းပြည်အတွက် အသက်ပေးကာ လွတ်လပ်ရေးကို အရယူလို့ မမေ့နိုင်တဲ့ တို့ဗိုလ်ချုပ် |
| ၁၈ း ၃၅ | သီတဂူဆရာတော် ဒေါက်တာဘဒ္ဒန္တဉာဏိဿရ၏ ဓမ္မစကြာတရားတော် |
| ၁၉ း ၄၅ | "အာဇာနည်နေ့စကားသံ" |
| ၂၀ း ၀၀ | ပြည်တွင်းသတင်း |
| ၂၀ း ၃၅ | "အာဇာနည်နေ့အစီအစဉ်" |
| ၂၁ း ၀၀ | မြတ်ဗုဒ္ဓမဇ္ဈိမ၏ အနှိုင်းမဲ့ရတနာ |

# သမိုင်းဝင် ခေါင်းလောင်းများ

မောင်သာ(ရှေးဟောင်းသုတေသန)

မြန်မာအဘိဓာန်တွင် ခေါင်းလောင်းကို 'ကြေး၊ငွေစသည်ဖြင့် သွန်းလုပ်ထားသည့် လုံးပတ်ဝန်း၍ အဝကားသော တီးခတ်စရာပစ္စည်း'ဟုလည်းကောင်း၊ 'အခေါင်းအတွင်းရှိ အဆန်ကိုခတ်လှုပ်၍ အသံမြည်စေသော ခွက်ပုံသတ္တုကိရိယာဟု'လည်းကောင်း အဓိပ္ပာယ်ဖွင့်ဆိုထားသည်။

ခေါင်းလောင်းကို ရွှေ၊ ငွေ၊ ကြေး သတ္တုများဖြင့် ပြုလုပ်လေ့ရှိပြီး သေးငယ်သော ခေါင်းလောင်းများတွင် အဆန်ပါရှိကာ ကြီးမားသောခေါင်းလောင်းများတွင် အဆန်ထည့်သွင်းမှု နည်းပါးသည်။ လှုပ်ခတ်လိုက်လျှင် အသံထွက်ရန်ရည်ရွယ်၍ အဆန်ပါသောခေါင်းလောင်းများကို ပြုလုပ်ကြပြီး လှုပ်လိုက်လျှင်ဖြစ်စေ၊ ထိုးတံတစ်ခုခုဖြင့် ထိုးလိုက်လျှင်ဖြစ်စေ ထွက်ပေါ်လာသော ခေါင်းလောင်းသံများကို မြန်မာလူမျိုးများက နားဝင်ပီယံဖြစ်လေ့ရှိကြသည်။

ဗုဒ္ဓဘာသာထွန်းကားသော နိုင်ငံများရှိ စေတီပုထိုး ဂူဘုရားများတွင် ခေါင်းလောင်းများကို တွေ့ရလေ့ရှိပြီး မြန်မာနိုင်ငံမြို့ရွာအနှံ့ရှိ စေတီပုထိုးများတွင်လည်း အရွယ်မျိုးစုံခေါင်းလောင်းများ ချိတ်ဆွဲလှူဒါန်းထားကြရာ အများစုသည် ရွှေ၊ ငွေ၊ ကြေး ခေါင်းလောင်းငယ်များ ဖြစ်ကြသည်။ စေတီတော်များ၏ ထီးတော်များမှ လှုပ်ခတ်နေသော ခေါင်းလောင်းငယ်များ၏ ဆည်းလည်းသံများကြောင့် စေတီဝန်းကျင်တွင် ဘုရားရိပ်၏ ချမ်းငြိမ်းသောအာရုံကို ရရှိနိုင်ကြပေသည်။ မြန်မာလူမျိုးများသည် ဘုရားစေတီများ၏ ထီးတော်များတွင် အဆန်ပါသော ခေါင်းလောင်းငယ်များကို ဆည်းလည်းများအဖြစ် ချိတ်ဆွဲပူဇော်ကြသကဲ့သို့ အဆန်မပါသော ခေါင်းလောင်းကြီးများကို စေတီတော်အဝန်းအဝိုင်းများအတွင်း ချိတ်ဆွဲထားလေ့ရှိကြသည်။

ခေါင်းလောင်းသွန်းလုပ်လှူဒါန်းခြင်းသည် မြန်မာနိုင်ငံတွင် ပျူခေတ်မတိုင်မီကပင် ထွန်းကားခဲ့သည်ဟု ခန့်မှန်းနိုင်ပြီး ပျူခေတ်လက်ရာ ကြေးခေါင်းလောင်းတစ်လုံးကို သရေခေတ္တရာမြို့ဟောင်း မှော်ဇာမှ ရရှိခဲ့သည်။ ၁၉၆၆-၁၉၆၇ ခုနှစ်တွင် ဆရာကြီး ဦးစိန်မောင်ဦး ဦးဆောင်၍ ပျူမြို့ဟောင်း သရေခေတ္တရာတွင် တူးဖော်မှုများ ဆောင်ရွက်ခဲ့စဉ် ဘုရားမာစေတီ၏ အရှေ့မြောက်ဘက် ပေ ၁၀၀ နေရာရှိ တူးဖော်မှုကုန်းအမှတ်(HMA-8)မှ ပျူခေတ်လက်ရာခေါင်းလောင်းကို ရရှိခဲ့ပြီး ၁၁ လက်မအမြင့် ရှိသည့် ယင်းခေါင်းလောင်းတွင် ပျူဒဂါးများ၌ တွေ့ရလေ့ရှိသည့် သီရိဝစ္ဆနှင့် ဘီလူးပန်းဆွဲများ ပါရှိသည်။

ပုဂံခေတ် ကျန်စစ်သားမင်းလက်ထက်တွင် ကြေးစင်တစ်ထောင်စီ သွန်းလုပ်သော ခေါင်းလောင်းကြီးငါးလုံးကို ရွှေစည်းခုံဘုရားတွင် သုံးလုံး၊ အာနန္ဒာဘုရားတွင် တစ်လုံး၊ မင်းအိုချမ်းသာဘုရားတွင် တစ်လုံး လှူဒါန်းခဲ့ကြောင်းနှင့် အလောင်းစည်သူမင်းလက်ထက်တွင် ကြေးစင်တိုလာတစ်သောင်းကို သွန်းသော ခေါင်းလောင်းကြီးနှစ်လုံးကို သဗ္ဗညုဘုရားတွင် တစ်လုံး၊ ရွှေကူဘုရားတွင် တစ်လုံး လှူခဲ့ကြောင်း ဦးကုလား မဟာရာဇဝင်တွင် ရေးသားထားသည်။ ပုဂံခေတ်လက်ရာ ခေါင်းလောင်းများကို မတွေ့ရှိရသော်လည်း ခေါင်းလောင်းချိတ်ဆွဲသည့် အုတ်တိုင်ကြီးများကို သဗ္ဗညုဘုရားအနီးတွင် မြင်တွေ့နိုင်ပေသည်။ ညောင်ဦးမြို့ ရွှေစည်းခုံဘုရားတွင် ခရစ်နှစ် ၁၅၅၇ ခုနှစ်က ဘုရင့်နောင်မင်းကြီး လှူဒါန်းချိတ်ဆွဲထားသည့် ကြေးခေါင်းလောင်းကို မြန်မာနိုင်ငံ၏ ရှေးအကျဆုံးသော ခေါင်းလောင်းကြီးတစ်လုံးအဖြစ် မြင်တွေ့နိုင်ပေသည်။

မြန်မာလူမျိုးများသည် ဘုရားစေတီများတွင် ခေါင်းလောင်းကြီးများ ချိတ်ဆွဲပူဇော်ကြပြီး ခေါင်းလောင်းများပေါ်တွင် မှတ်တမ်းကမ္ပည်းစာများ ရေးသားလေ့ရှိခဲ့သဖြင့် ခေတ်ကာလသမိုင်း တစ်စွန်းတစ်စကို သိရှိနိုင်ကြပေသည်။ ရွှေစည်းခုံစေတီသို့ ဘုရင့်နောင်မင်းတရားကြီး လှူဒါန်းခဲ့သည့် တောင်ငူခေတ်လက်ရာ ခေါင်းလောင်းကြီးတွင် ဘုရင့်နောင်မင်းတရားကြီး တိုက်ခိုက်အောင်မြင်ခဲ့သည့် အရပ်ဒေသများ၌ သာသနာပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ပုံကို မှတ်တမ်းတင်ရေးထိုးခဲ့သည်။

အင်းဝခေတ်နှင့် တောင်ငူခေတ်များတွင် သွန်းလုပ်ခဲ့သည့် ခေါင်းလောင်းများသည် နယ်ချဲ့တို့ အမြောက်သွန်းရန်နှင့် လက်နက်များပြုလုပ်ရန် ယူဆောင်ခဲ့မှုများကြောင့် များစွာဆုံးရှုံးခဲ့ရသည်။ အချို့ခေါင်းလောင်းများကိုလည်း နယ်ချဲ့များက ယင်းတို့နိုင်ငံသို့ သယ်ယူရန်ကြိုးပမ်းခဲ့ကြရာ စဉ့်ကူးမင်းခေါင်းလောင်းတော်ကဲ့သို့ သယ်ယူ၍မရသော ခေါင်းလောင်းများရှိသကဲ့သို့ ပြည်ပ ရောက်ရှိပြီးမှ ပြည်တော်ပြန်ခဲ့သည့် ခေါင်းလောင်းများလည်း ရှိပေသည်။

မြန်မာနိုင်ငံတွင် လက်ရှိမြင်တွေ့နိုင်သည့် ရှေးခေတ်ခေါင်းလောင်းများအနက် သာယာဝတီမင်း ခေါင်းလောင်းတော်၊ စဉ့်ကူးမင်း ခေါင်းလောင်းတော်နှင့် မင်းကွန်း ခေါင်းလောင်းကြီးတို့သည် အထင်ရှားဆုံးခေါင်းလောင်းတော်များ ဖြစ်ကြသည်။ သာယာဝတီမင်း ခေါင်းလောင်းတော်၊ စဉ့်ကူးမင်း ခေါင်းလောင်းတော်များကို ရန်ကုန်မြို့ ရွှေတိဂုံစေတီရင်ပြင်ပေါ်တွင် မြင်တွေ့နိုင်သကဲ့သို့ မင်းကွန်းခေါင်းလောင်းကြီးကိုလည်း စစ်ကိုင်းတောင်ရိုး မင်းကွန်းဒေသတွင် မြင်တွေ့ကြရပေသည်။

**စဉ့်ကူးမင်းခေါင်းလောင်းတော်**

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော် ရင်ပြင်ပေါ်တွင် ချိတ်ဆွဲထားသည့် ခေါင်းလောင်း ၃၅ လုံးခန့် ရှိသည့်အနက် စဉ့်ကူးမင်းခေါင်းလောင်းတော်နှင့် သာယာဝတီမင်း ခေါင်းလောင်းတော်တို့သည် အကြီးဆုံးနှင့် အထင်ရှားဆုံး ခေါင်းလောင်းများ ဖြစ်ကြသည်။ စဉ့်ကူးမင်းခေါင်းလောင်းတော်ကို စေတီတော်မြတ်၏ ရာဟုထောင့်(အနောက်မြောက်)တွင်လည်းကောင်း၊ သာယာဝတီမင်း ခေါင်းလောင်းကို တနင်္ဂနွေထောင့်(အရှေ့မြောက်)တွင်လည်းကောင်း ချိတ်ဆွဲထားသည်။

စဉ့်ကူးမင်းခေါင်းလောင်းကို စဉ့်ကူးမင်း(ခရစ်နှစ် ၁၇၇၆-၁၇၈၂)၏ ဖခင်ဖြစ်သူ ဆင်ဖြူရှင်မင်း(ခရစ်နှစ် ၁၇၆၃-၁၇၇၆)လက်ထက်၊ မြန်မာသက္ကရာဇ် ၁၁၃၆ ခုနှစ် (ခရစ်နှစ် ၁၇၇၄)တွင် စတင်သွန်းလုပ်ခဲ့သည်။ ခေါင်းလောင်းသွန်းလုပ်နေစဉ် ခရစ်နှစ် ၁၇၇၆ ခုနှစ်တွင် ဆင်ဖြူရှင်မင်း ကွယ်လွန်ခဲ့သဖြင့် ဖခင်လက်ထက်တွင် မပြီးစီးခဲ့သောခေါင်းလောင်းကို သားဖြစ်သူက ဆက်လက်သွန်းလောင်း လှူဒါန်းခဲ့ပြီး စဉ့်ကူးမင်းခေါင်းလောင်းတော်ဟု အမည်တွင်ခဲ့သည်။ အလွန်သာယာသောအသံထွက်ရှိသဖြင့် 'မဟာဃဏ္ဍာ ခေါင်းလောင်းတော်'ဟု ဘွဲ့မည်သမုတ်ကာ မြန်မာသက္ကရာဇ် ၁၁၄၀ ပြည့်နှစ် တပို့တွဲလဆန်း ၁ ရက်(ခရစ်နှစ် ၁၇၇၉ ခုနှစ် ဇန်နဝါရီလ ၂၇ ရက်)တွင် ရွှေတိဂုံစေတီတော်ရင်ပြင် ရာဟုထောင့်တွင် ချိတ်ဆွဲ ပူဇော်ခဲ့သည်။

ကြေးပိဿာချိန် ၁၅၅၅၅ ပိဿာ၊ အလေးချိန် ၂၅ တန်၊ အမြင့် ၁၁ ပေ သုံးလက်မ၊ ခေါင်းလောင်းအဝ ခုနစ်ပေ ခြောက်လက်မ၊ ခေါင်းလောင်းဝန္ထုတ်ခမ်း လုံးပတ် ၂၂ ပေ ခြောက်လက်မခန့်ရှိပြီး ကြေးထု တစ်ပေရှစ်လက်မ ဖြစ်သည်။ ယင်း အချက်အလက်များကို စဉ့်ကူးမင်းခေါင်းလောင်းတော်ကမ္ပည်း စာကြောင်းရေ ၁၀ တွင် ရေးထိုးထားသည်။

၁၈၂၄ ခုနှစ် မေလ ၁၂ ရက်တွင် အင်္ဂလိပ်တို့သည် ရွှေတိဂုံကုန်းတော်ကို သိမ်းယူခဲ့ကြပြီး စေတီရင်ပြင်တော်မှ စဉ့်ကူးမင်းခေါင်းလောင်းကို အင်္ဂလန်နိုင်ငံသို့ ပို့ဆောင်သွားရန် သယ်ယူခဲ့ကြသည်။ ခေါင်းလောင်းကြီးကို တင်ဆောင်သယ်ယူသွားသည့်သင်္ဘောသည် ခေါင်းလောင်းကြီး၏ လေးလံသောအလေးချိန်ကြောင့် တိမ်းစောင်းသွားခဲ့သဖြင့် ခေါင်းလောင်းကြီးသည် လှိုင်မြစ်အတွင်းသို့ကျကာ နစ်မြုပ်သွားခဲ့သည်။ ပထမ အင်္ဂလိပ်-မြန်မာစစ်ပွဲ ပြီးဆုံးပြီးနောက် မြန်မာတို့သည် လှိုင်မြစ်အတွင်း နစ်မြုပ်နေခဲ့သည့် စဉ့်ကူးမင်းခေါင်းလောင်းကို ပြန်လည်ဆယ်ယူကာ ၁၈၂၇ ခုနှစ် ဇန်နဝါရီလတွင် ရွှေတိဂုံစေတီတော်ရှိ မူလနေရာတွင် ပြန်လည်ချိတ်ဆွဲထားခဲ့သဖြင့် ယနေ့တိုင် မြင်တွေ့နေကြရပေသည်။

**သာယာဝတီမင်းခေါင်းလောင်းတော်**

၁၈၃၇ ခုနှစ်တွင် နန်းတက်ခဲ့သော သာယာဝတီမင်း(ခရစ်နှစ် ၁၈၃၇-၁၈၄၆) သည် ၁၈၄၁ ခုနှစ်တွင် ဒဂုံဆံတော်ရှင် ရွှေတိဂုံစေတီတော်မြတ်ကို ဖူးမြော်ရန် နေပြည်တော် အမရပူရမှ ဥက္ကလာပ(ရန်ကုန်)သို့ ဖောင်တော်ဖြင့် စုန်ဆင်းလာခဲ့သည်။ သာယာဝတီမင်းသည် ရန်ကုန်တွင်ရှိနေစဉ် နေပြည်တော် အမရပူရမှ မျက်ပါးခတ်ခဲ့သည့် အလေးချိန် ၃၂ ပိဿာခန့်ရှိသော ရွှေသင်္ကန်းများကို ရွှေတိဂုံစေတီတော် ငှက်ပျောဖူးမှ ဖိနပ်တော်အထိ ကပ်လှူခဲ့သည်။ ရွှေတိဂုံစေတီတော်၏ တောင်ဘက်မုခ်ဝတွင် ယနေ့တိုင် မြင်တွေ့နေရသည့် မုဆိုးထိုင် ထိုင်နေသော ကျောက်ဘီလူးရုပ်နှစ်ရုပ်သည်လည်း သာယာဝတီမင်းကြီး၏ အလှူတော်ဖြစ်သည်။ သာယာဝတီမင်း၏မိဖုရား နန်းမတော်မမြလေးက ရွှေတိဂုံစေတီတော် အနောက်ဘက်စောင်းတန်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။



သာယာဝတီမင်းသည် ရွှေတိဂုံစေတီတော်ရင်ပြင်တော်တွင် ချိတ်ဆွဲလှူဒါန်းရန် ကြီးမားသော ခေါင်းလောင်းကြီးတစ်လုံးကို ၁၂၀၃ ခုနှစ် သီတင်းကျွတ်လဆန်း ၁၀ ရက်နေ့တွင် စတင်သွန်းလောင်းခဲ့သည်။ သို့သော် ထိုနှစ် တပို့တွဲလရောက်သည့်တိုင် ခေါင်းလောင်းတော် ကြေးသွန်းခြင်းလုပ်ငန်း မပြီးစီးခဲ့သဖြင့် သာယာဝတီမင်းသည် ခေါင်းလောင်းတော်ကြီးအား အပြီးသတ်သွန်းလောင်းရန် ဝန်ထောက်မင်းကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီးမဟာမင်းကျော်သခ်ာတို့အား တာဝန်ပေးခဲ့သည်။ ခေါင်းလောင်းတော်ကြီးအပြီးသတ်ရန် ကြေးသွန်း၊ ပန်းတဉ်း အမှုထမ်းဦးရေ ၅၀ ကျော်ခန့် တာဝန်ယူခဲ့ကြရသည်။

ခေါင်းလောင်းတော်ကြီးအား သုံးနှစ်ကြာ သွန်းလောင်းခဲ့ရပြီး မြန်မာသက္ကရာဇ် ၁၂၀၆ ခုနှစ် တပေါင်းလ(ခရစ်နှစ် ၁၈၄၃ ခုနှစ်၊ ဖေဖော်ဝါရီလ)တွင် ဟံသာဝတီမြို့ဝန်နှင့် အရာရှိများ ကြီးကြပ်ကာ ပွဲသဘင်စုံလင်စွာဖြင့် ရွှေတိဂုံစေတီတော်တွင် ချိတ်ဆွဲ၍ ရေစက်ချလှူဒါန်းခဲ့သည်။ ခေါင်းလောင်းတော်ကြီးအား 'မဟာတိသဒ္ဒဃဏ္ဍာရာဇာ'ဟု ဘွဲ့အမည်တပ်ခဲ့သည်။

သာယာဝတီ ခေါင်းလောင်းတော်ကြီး၏ အတိုင်းအတာနှင့် အလေးချိန်တို့ကို ကုန်းဘောင်ဆက် မဟာရာဇဝင်တွင် 'အရပ် ကိုးတောင် တမိုက်သုံးသစ်၊ အနားလုံးပတ် တဆဲ့ငါးတောင်၊ ခါးစည်းလုံးပတ် တဆဲ့သုံးတောင် တမိုက်လေးသစ်၊ ထုနှစ်မိုက်လေးသစ်၊ ကြေးစင်ချိန်ပိဿာ နှစ်သောင်းငါးထောင်ကိုးရာ လေးဆယ်ကျပ်လေးဆဲ့ကိုးကျပ်'ဟု ရေးသားဖော်ပြထားသည်။(မူရင်းသတ်ပုံအတိုင်းဖြစ်ပါသည်။)

သာယာဝတီခေါင်းလောင်းတော်ကြီးတွင် ရေးထိုးထားသော မှတ်တမ်းကမ္ပည်းစာကြောင်းရေ (၇၉) တွင် 'ဝန်ကြီး မဟာစည်သူ၊ ပန်းတဉ်းဝန်၊ လက်နက်တိုက်ဝန်၊ မင်းကြီး မဟာမင်းကျော်သခ်ာတို့ ကြီးကြပ်ဖန်ဆင်း သွန်းလုပ်ကြ၍ ပြီးအောင်မြင်ခြင်းသို့ရောက်သော သဒ္ဒါနုကုသိုလ်တော် ကြေးစေ။ ကျပ်ချိန်ပေါင်း ၂၅၉၄၀၄၉' ဟု လည်းကောင်း၊ စာကြောင်းရေ(၈၀)တွင် 'ကိုင်း နရသီဟ ခြသေ့်လေးစီးနှင့်တကွ အရပ် ၉ ဒိ ၃ ။ အချင်း ၅။ လုံးပတ် ၁၅။ အထု ၂ ၄ ရှိသော မဟာတိသဒ္ဒဃဏ္ဍာ အမည်ရှိသော ခေါင်းလောင်းကြီးကို သွန်းလုပ်ချောမွေ့စေ၍'ဟု လည်းကောင်း ရေးထိုးထားခဲ့သည်။

သာယာဝတီမင်းခေါင်းလောင်းကြီးသည် ယခုခေတ် အတိုင်းအတာအရ အမြင့် ပေ ၂၀၊ အဝ ခုနစ်ပေ ခြောက်လက်မခန့်ရှိကြောင်း ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီက ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေခဲ့သော(Shwedagon- Symbol of strength and serenity)စာအုပ်တွင် ဖော်ပြထားသည်။




**မင်းကွန်းခေါင်းလောင်းတော်**

ကမ္ဘာကျော် မင်းကွန်းခေါင်းလောင်းကြီးသည် အသံထွက်နိုင်သော ခေါင်းလောင်းများအနက် ကမ္ဘာပေါ်တွင် အကြီးဆုံးဖြစ်သည်။ မင်းကွန်းခေါင်းလောင်းတော်ကြီးအား နန်းတော်ကျွန်းတွင် သွန်းလုပ်ခဲ့ခြင်းဖြစ်ပြီး အလေးချိန် ကြေးပိဿာချိန် ၅၅၅၅၅ ခန့် ရှိသည်။ ခေါင်းလောင်းပေါ်တွင် 'မင်းဖြူမှန်မှန်ပြော'ဟု မြန်မာတို့ အယူအဆအရ ငါးဂဏန်းကိုကိုယ်စားပြုသော ကြာသပတေးနံ အက္ခရာငါးလုံး ရေးသားကာ မှတ်တမ်းတင်ထားသည်။ အင်္ဂလိပ်တို့က မင်းကွန်းခေါင်းလောင်းကြီးကို အလေးချိန် တန် ၈၀ ရှိသည်ဟု ခန့်မှန်းခဲ့သည်။ ခေါင်းလောင်းကြီး၏ အလေးချိန်သည် ကြေးပိဿာ ၅၅၅၅၅ ရှိသဖြင့် ၉၀ ဒသမ ၅၂ တန်ရှိပြီး ခေါင်းလောင်းကြီးကို တီးခတ်လိုက်လျှင် သာယာသောအသံထွက်သည်။

ကုန်းဘောင်ခေတ် မဟာရာဇဝင်တွင် မင်းကွန်းခေါင်းလောင်းကြီးကို သက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်နေ့တွင် သွန်းလုပ်ခဲ့သည်ဟု ရေးသားထားသည်။ ခေါင်းလောင်းကြီး၏ အတိုင်းအတာကို အဝအချင်း ၁၁ တောင် ၄ သစ်၊ လုံးပတ် ၃၃ တောင် ၁ မိုက် ၄ သစ်၊ စောက် ၁၃ တောင် ၁ မိုက် ၄ သစ်ဟု ဖော်ပြခဲ့သည်။ ခေတ်အတိုင်းအတာအရ အဝ ၁၆ ပေ ၁ ဒသမ ၄ လက်မ၊လုံးပတ် ၅၀ ပေ ၁ ဒသမ ၄ လက်မနှင့် ခေါင်းလောင်းအတွင်းပိုင်းအမြင့် ၂၀ ပေ ၃ လက်မခန့်ရှိသည်ဟု တွက်ချက်နိုင်သည်။

မြန်မာ့စွယ်စုံကျမ်းတွင်မူ မင်းကွန်းခေါင်းလောင်းကြီး၏ အတိုင်းအတာကို ခေါင်းလောင်း၏ အပြင်ဘက်အချင်းသည် နှုတ်ခမ်းဝ၌ ၁၆ ပေ သုံးလက်မ၊ အတွင်းဘက် နှုတ်ခမ်းဝအထက် လေးပေနှင့် ရှစ်လက်မနေရာ၌ အချင်း ၁၀ ပေ၊ ခေါင်းလောင်းကြီး၏ အတွင်းပိုင်းအမြင့်သည် ၁၁ ပေ ခြောက်လက်မ၊ အပြင်ဘက်အမြင့်သည် ၁၂ ပေရှိကြောင်း ဖော်ပြထားသည်။

ဘိုးတော်ဘုရားဟုထင်ရှားသည့် ဗဒုံမင်း(ခရစ်နှစ် ၁၇၈၂-၁၈၁၉)သည် မင်းကွန်းတွင် ပုထိုးတော်ကြီးကို တည်ထားခဲ့ပြီးနောက် ပုထိုးတော်ကြီးအနီးတွင် ခေါင်းလောင်းကြီးတစ်လုံးချိတ်ဆွဲလှူဒါန်းရန် မြန်မာသက္ကရာဇ် ၁၁၇၀ ပြည့်နှစ် ကဆုန်လဆန်း ၅ ရက်(ခရစ်နှစ် ၁၈၀၉ ခုနှစ် ဧပြီလ ၁၈ ရက်)တွင် မင်းကွန်းရေလယ်ကျွန်း၌ ပွဲသဘင်ခံလျက် ခေါင်းလောင်းကြီးကို စတင်သွန်းလုပ်ခဲ့သည်။ ခေါင်းလောင်းကြီး၏ အထုသည် ခြောက်လက်မမှ ၁၂ လက်မအထိရှိသည်ဟု မြန်မာ့စွယ်စုံကျမ်းတွင် ဖော်ပြထားသည်။ ခေါင်းလောင်းတော်ကြီးကို ပန်းတဉ်းဝန် နန္ဒကျော်သူက ကြီးကြပ်ကွပ်ကဲ သွန်းလောင်းခဲ့သည်။ ခေါင်းလောင်းကြီးကို ကြေးဖြင့်သွန်းသည်ဆိုသော်လည်း ရွှေငွေများကို ခေါင်းလောင်းကြီး၏ ကြေးသားထဲတွင် ထည့်သွင်းခဲ့သည်ဟုဆိုသည်။

ကြီးမားသော မင်းကွန်းခေါင်းလောင်းတော်ကြီးကို ပုထိုးတော်ကြီးအနီးသို့ သယ်ယူခဲ့ပုံကို ကုန်းဘောင်ဆက် မဟာရာဇဝင်ကြီးတွင် 'ခေါင်းလောင်းတော်ကြီးအောက်မြေကို ဖောင်ထည့်သာအောင် တူးယူစေပြီးလျှင် အလံ ၂၀ ရှိသော ကရဝိက်ဖောင်တော်နှစ်စင်းကို ခေါင်းလောင်းတော်ကြီး အောက်ဆီတည့်တည့်တွင် တည်လုပ်စေသည်။ ဖောင်တော်နှစ်စင်း အလုပ်အဆောင်ပြီးပြေလျှင် ပိုခင်း၍ ဖောင်တော်ကို ရွှေပိန်းထည့်တော်မူသည်။ ဖောင်တော်တည်ရပ်ကသည် မြစ်ဆိပ်သို့ဆိုက်အောင်ကိုလည်း ဖောင်ချောင်းတည်လုပ်စေသည်။ အနောက်ဘက်မှာလည်း ပုထိုးတော်ကြီးမြောက် ရေဝတီဆိပ်ကမ်းကသည် ခေါင်းလောင်းတော်တည်ရာအဆိုက် ဖောင်ချောင်းတူးလုပ်စေသည်။

ခေါင်းလောင်းတော်အောက် တည်လုပ်သည့် ကရဝိက်ဖောင်တော်နှစ်စင်းတွဲမှစ၍ အလုပ်အဆောင်အလုံးစုံ ပြီးပြေ၍ ဝါဆိုဝါခေါင်ရေပြည့်လျှမ်းသကာလ ဖောင်တော်နှစ်စင်းတွဲသည်။ ထိုအခါဆင်ဖြူမင်းများသခင် ဘဝသျှင်မင်းတရားကြီးဘုရားကိုယ်တိုင် လှော်ကား၊ လက်သင်၊ ရွှေလှေ၊ ရွှေလောင်း၊ မြစ်လုံးညီးလျက် ပွဲသဘင်စုံနှင့် ဖောင်တော်ကို ခြံရံထုတ်ယူ၍ အနောက်ဘက် ခေါင်းလောင်းတော်တင်လှူမည့်အရပ်သို့ ဆောင်ယူတော်မူပြီးလျှင် ပွဲသဘင်ကြီးစွာခံတော်မူ၍ ခေါင်းလောင်းတော်ကြီးကို စီရင်ဆွဲလှူတော်မူ၏'ဟု မှတ်တမ်းတင်ထားခဲ့ပေသည်။ ကြီးမားလေးလံသည့် မင်းကွန်းခေါင်းလောင်းတော်ကြီးအား ယခုရှိနေသည့်နေရာတွင် ချိတ်ဆွဲနိုင်ရန် များစွာအားထုတ်ခဲ့ရပုံကို မှန်းဆကြည့်နိုင်ကြပေသည်။

ခေါင်းလောင်းများသည် မြန်မာတို့၏ ဗုဒ္ဓဘာသာယဉ်ကျေးမှုနှင့် ဆက်နွယ်နေသည့် ရုပ်ဝတ္ထုပစ္စည်းများ ဖြစ်ကြသဖြင့် မြန်မာတို့ ခေတ်အဆက်ဆက် သွန်းလောင်းခဲ့သည့် ခေါင်းလောင်းများသည် မြန်မာနိုင်ငံ၊ မြန်မာလူမျိုးတို့၏သမိုင်းကြောင်း တစ်စိတ်တစ်ပိုင်းကို ဖော်ညွှန်းပြဆိုလျက်ရှိကြောင်း စဉ့်ကူးမင်းခေါင်းလောင်း၊ သာယာဝတီခေါင်းလောင်းနှင့် မင်းကွန်းခေါင်းလောင်းများက သက်သေပြလျက်ရှိနေပေသည်။ ။

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်းအတွဲ(၂)**

**ကုန်းဘောင်ဆက်မဟာရာဇဝင်တော်ကြီး (ဦးမောင်မောင်တင်)**

# ဖိတ်ခေါ်လူသစ်သင်တန်း စက်ဘီးပြိုင်

**ဖျာပုံ ဇူလိုင် ၁၈**
Bicycle Network Myanmar နှစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် Pyapon Cycling Club က ကြီးမှူးကျင်းပသည့်ဖိတ်ခေါ်လူသစ်တန်း Mountain Bike စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်က ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၌ကျင်းပရာ တစ်နိုင်ငံလုံးမှပြိုင်ပွဲဝင်အားကစားသမား ၁၀၀ကျော်ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။




လမ်းချော လမ်းကြမ်း အသွားအပြန် စုစုပေါင်းခရီးရှည်မိုင်ပေါင်း ၃၆မိုင်ခရီးကို ဖြတ်သန်းစီးနင်းယှဉ်ပြိုင်ရသည့် အဆိုပါ စက်ဘီးပြိုင်ပွဲကို ဇူလိုင် ၁၇ ရက်နံနက် ၆ နာရီမှစတင်၍ ဖျာပုံမြို့တောင်ပိုင်းမြို့အထွက် (၁၉)ရပ်ကွက်ထိပ်မှ တာလွှတ်ပြီးဖျာပုံမြို့နယ်အတွင်းရှိ မော်ဘီ၊ အောင်သာယာ၊ အေးသာယာ၊ သမိန်ထောသိမ်ကုန်း၊ သမိန်ထောကုန်းတန်း၊ ငှက်ကော၊ ကံဆိပ်၊ အောက်ကမ္ဘာ၊ အလန်းဖလွတ်၊ မျိုင်းကဇီး၊ ကြက်ဖမွေးဇောင်းစသည့် ကျေးရွာများကို အသွားအပြန်ဖြတ်သန်းစီးနင်းယှဉ်ပြိုင်စေခဲ့ပြီး ဖျာပုံမြို့အဝင် (၁၉) ရပ်ကွက်ထိပ်သို့ ပြန်လည်ပန်းဝင်ယှဉ်ပြိုင်ကြရသည်။

အဆိုပါစက်ဘီးစီးပြိုင်ပွဲကို ပြိုင်ပွဲအမျိုးအစားအားဖြင့်အသက်(၂၅)နှစ်အောက် သက်ငယ်တန်း၊ အသက်(၂၅)နှစ်မှ (၄၀) အထိ သက်လတ်တန်း၊ အသက် (၄၀)နှင့်အထက်သက်ကြီးတန်းဟူ၍ သုံးမျိုးခွဲခြားယှဉ်ပြိုင်စေခဲ့ပြီး ဆုရရှိသူများအား ဆုချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# စားသုံးသူကာကွယ်ပေးရေးဆိုင်ရာများ ပညာပေးဟောပြောပွဲပြုလုပ်

**ဝမ်းတွင်း ဇူလိုင် ၁၈**
မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနက ကြီးမှူး၍ စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဝမ်းတွင်းမြို့နယ် သဲတော-ဝမ်းတွင်း အစိုးရအထက်တန်းကျောင်း ပတ္တမြားခန်းမ၌ ဇူလိုင် ၁၄ ရက်က ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက စားသုံးသူပြည်သူများအနေဖြင့် လုံခြုံစိတ်ချရပြီး အန္တရာယ်ကင်းသည့် အစားအသောက်များကို ရွေးချယ်စားသုံးတတ်ရန် ရည်ရွယ်၍ ဟောပြောပွဲပြုလုပ်ခြင်းဖြစ်ကြောင်း၊ အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လုံခြုံစိတ်ချရစေရန် အစိုးရဌာနများသာမက စားသုံးသူပြည်သူများကိုယ်တိုင် ပါဝင်ဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ စားသုံးသူအကာအကွယ်ပေးရေးလုပ်ငန်းသည် အလွန်ကျယ်ပြန့်သည့်လုပ်ငန်းဖြစ်ကြောင်း၊ စားသုံးသူကာကွယ်ပေးရေး လုပ်ငန်းများ ပိုမိုခိုင်မာတိုးတက်စေရေးနှင့် စားသုံးသူကာကွယ်ပေးရေး ဥပဒေကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးတို့ကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ခံယူဆောင်ရွက်သွားရန်လိုအပ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မိတ္ထီလာခရိုင် စားသုံးသူရေးရာဦးစီးဌာနမှူး ဦးကျော်မြင့်က စားသုံးသူကာကွယ်ပေးရေးလုပ်ငန်းစဉ်များကိုလည်းကောင်း၊ မြို့နယ်ကျန်းမာရေးဌာနမှ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာဒေါ်ထားထားက အန္တရာယ်ကင်းရှင်းသော စားသောက်မှုများအကြောင်းကိုလည်းကောင်း အသေးစိတ် ရှင်းလင်းပြောကြားခဲ့သည်။ ဟောပြောပွဲသို့ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

**ဌေးလှိုင်(ဝမ်းတွင်း)**

# လိပ်သိုမြို့လူမှုကူညီရေးအသင်းသို့ မော်တော်ယာဉ်လှူဒါန်း

**လိပ်သို ဇူလိုင် ၁၈**
ကရင်ပြည်နယ် လိပ်သိုမြို့ လူမှုကူညီရေးအသင်းတွင် လူနာတင်ယာဉ်အဖြစ် အသုံးပြုရန်အတွက် မော်တော်ယာဉ်လှူဒါန်းပွဲကို လိပ်သိုမြို့ ရိုမန်ကက်သလစ် ဓမ္မာရုံ၌ ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။

လိပ်သိုမြို့ လူမှုကူညီရေးအသင်းကို ဒေသနေပြည်သူများ၏ လူမှုရေးကိစ္စရပ်များ ကူညီဆောင်ရွက်ပေးနိုင်ရန်အတွက် ၂၀၁၄ ခုနှစ် ဩဂုတ်လက အမှတ်(၄)ရပ်ကွက် သူရပ်ကွက်သားများ၏ စုပေါင်းမတည်ငွေ ကျပ် ၈၀၁၅၀၀ ဖြင့် စတင်ဖွဲ့စည်းခဲ့ပြီး ဒေသခံပြည်သူများအား ကျန်းမာရေးအကူအညီများ ပေးလျက်ရှိကြောင်း၊ လိပ်သိုမြို့တွင် တိုက်နယ်ဆေးရုံသာရှိသဖြင့် အရေးပေါ်လူနာများအား ၃၂ မိုင်ကွာဝေးသော တောင်ငူမြို့သို့ ပို့ဆောင်ပေးရာတွင် အသင်းပိုင်မော်တော်ယာဉ် လိုအပ်လျက်ရှိရာ အဆိုပါ မော်တော်ယာဉ်ကို ကယန်းပြည်သူ့ပါတီမှ ငွေကျပ် ၁၀ သိန်း၊ လိပ်သိုမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ခြောက်သိန်း၊ KNU တပ်မဟာ(၂)မှ ပဒိုကြီးစောဂျီစိန်ထွဋ်က ကျပ်သုံးသိန်း၊ မြို့အုပ်ချုပ်ရေးမှူးဦးစောမြတ်ကျော်က ကျပ်တစ်သိန်း မတည်ပြီး ဒေသခံပြည်သူလူထု လှူဒါန်းငွေများဖြင့် စုပေါင်းလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

မော်တော်ယာဉ် လွှဲပြောင်းလှူဒါန်းပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောမြတ်ကျော်က အမှာစကားပြောကြားပြီး မော်တော်ယာဉ်နှင့် ပတ်သက်သော စာရွက်စာတမ်းများကို အလှူရှင်များ၏ကိုယ်စား လူမှုကူညီရေးအသင်း ဥက္ကဋ္ဌဦးမြင့်ဝေထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**



# စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကျင်းပ

**မလှိုင် ဇူလိုင် ၁၈**
မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းနှင့် ငြိမ်းအေးဝေစည်မြန်မာပြည် လူမှုရေးအသင်းတို့ ပူးပေါင်း၍ စာအုပ်လှူဒါန်းပွဲနှင့် စာပေဟောပြောပွဲကို မလှိုင်မြို့နယ် ပန်းအိုင်ကျေးရွာရှိ ရတနာစာကြည့်တိုက်၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် စာရေးဆရာအသင်းဥက္ကဋ္ဌ ဦးထွန်းမြတ်က စာအုပ်စာစောင်များ လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး မိတ္ထီလာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်းက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ဟောပြောသည်။ ယင်းနောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ၊ ငြိမ်းအေးဝေစည်မြန်မာပြည် လူမှုရေးအသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်မြင့်၊ ခရိုင်ပြန်/ဆက်ဦးစီးအရာရှိနှင့် ပညာရေးဌာနမှ တာဝန် ရှိသူများက တာဝကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် မြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌက စာဖတ်ပါ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ငြိမ်းအေးဝေစည်မြန်မာပြည် လူမှုရေးအသင်းဥက္ကဋ္ဌက လူငယ်နှင့်စာဖတ်ခြင်း ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ကြည်သိန်းဇော်က စာဖတ်ခြင်းအကျိုးကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဗိုလ်မှူးကြီးမျိုးဝင်းက စာပေအကျိုးကျေးဇူး ခေါင်းစဉ်ဖြင့်လည်းကောင်း စာပေရေးရာများကို ဟောပြောခဲ့ကြသည်။

**အောင်ဌေး(မလှိုင်)**

# ကျေးရွာ ၁၅ ရွာအတွက် မြစိမ်းရောင်စီမံကိန်းရန်ပုံငွေ ကျပ်သိန်း ၄၅၀၀ ထုတ်ပေး

**ကျောက်တံခါး ဇူလိုင် ၁၈**
ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်း ကျေးရွာ ၁၅ ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်မည့် မြစိမ်းရောင်စီမံကိန်းအတွက် ရန်ပုံငွေပေးအပ်ပွဲကို ဇူလိုင် ၁၆ ရက်က ပြုလုပ်ခဲ့ပြီး ကျေးရွာမှ စီမံကိန်းကော်မတီဝင်များအား ရန်ပုံငွေစာရင်း ထိန်းသိမ်းမှုဆိုင်ရာ သင်တန်းကိုလည်း ဖွင့်လှစ်ပို့ချခဲ့ကြောင်း သိရသည်။

ရန်ပုံငွေပေးအပ်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် ရွာ ၁၅ ရွာအတွက် တစ်ရွာလျှင် ကျပ်သိန်းသုံးရာနှုန်းဖြင့် ရန်ပုံငွေ ကျပ်သိန်း ၄၅၀၀ ကိုပေးအပ်ခဲ့သည်။ ထို့နောက် ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးတင်မောင်ဝင်းက ငွေစာရင်းထိန်းသိမ်းမှုဆိုင်ရာ သင်ခန်းစာများနှင့် အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်နွယ်နီအောင်က မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ၏ လုပ်ငန်းတာဝန်များကို ကျေးရွာစီမံကိန်းကော်မတီဝင်များအား သင်တန်းပို့ချခဲ့သည်။

ကျောက်တံခါးမြို့နယ်တွင် ကျေးရွာအုပ်စုပေါင်း၄၆ အုပ်စု ကျေးရွာပေါင်း ၃၁၂ ရွာရှိပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွင်း စတင်အကောင်အထည်ဖော်ခဲ့ကာ ယခု ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ကျေးရွာ ၁၅ ရွာ၌ ထပ်မံတိုးချဲ့ဆောင်ရွက်ခြင်းဖြစ်သည်။

**ခင်ကို(ကျောက်တံခါး)**



# (၁၁)ကြိမ်မြောက် လူထုကျန်းမာရေးလုပ်သားသင်တန်းဖွင့်

**လှိုင်းဘွဲ့ ဇူလိုင် ၁၈**
ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနကဦးစီး၍ Malteser International ၏ ပူးပေါင်းပါဝင်မှုဖြင့် ဖွင့်လှစ်သော ၂၀၁၆ ခုနှစ် (၁၁)ကြိမ်မြောက် လူထုကျန်းမာရေးလုပ်သားသင်တန်း ဖွင့်ပွဲကို လှိုင်းဘွဲ့မြို့နယ် ပြည်သူ့ဆေးရုံ၌ ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်ချိုတို့က အမှာစကားပြောကြားပြီး မြို့နယ်ကုသရေးဌာနမှူး ဒေါက်တာမြင့်သိန်းထွန်းက ကျန်းမာရေးလုပ်သားသင်တန်း ဖွင့်လှစ်သည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။ သင်တန်းသို့ သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ ဩဂုတ် ၁၂ ရက်အထိဖြစ်ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဗန်းမောက်မြို့နယ်မှ ဆည်များအတွင်း ငါးကောင်ရေ ၅၀၀၀၀ မျိုးစိုက်ထည့်



**ဗန်းမောက် ဇူလိုင် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်ရှိ ဟဲထန်ဆည်နှင့် နားယကာဆည်များ အပါအဝင် ဆည်များ၌ ငါးကောင်ရေ ၅၀၀၀၀ ကို ငါးလုပ်ငန်းဦးစီးဌာနက ဦးစီး၍ ဇူလိုင် ၁၅ ရက်က စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

ငါးမျိုးစိုက်ထည့်ရာတွင် ဗန်းမောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးပြည့်ဖြိုးငြိမ်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသူကျောင်းသားများ၊ ရပ်ကွက် ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများ စုပေါင်း၍ ဟဲထန်ဆည်၌ ငါးကောင်ရေ ၁၀၀၀၀၊ နားယကာဆည်၌ ငါးကောင်ရေ ၂၀၀၀၀၊ ဗန်းမောက်မြို့နယ် မံအင်မင်းကုန်းအုပ်စု အရှေ့ကုန်းကျေးရွာနှင့် အနောက်ကုန်းကျေးရွာတို့ရှိ ဆည်များ၌ ငါးကောင်ရေ ၂၀၀၀၀ စုစုပေါင်း ငါးကောင်ရေ ၅၀၀၀၀ ကို မျိုးစိုက်ထည့်ခဲ့ကြခြင်းဖြစ်သည်။

**လူအောင်(ကသာ)**

# အတိတ်က အမွေအနှစ်များအား လက်ဆင့်ကမ်းထိန်းသိမ်းခြင်းဖြင့် မန္တလေးကို ယဉ်ကျေးမှုမြို့တော်အဖြစ် ဆက်လက်ထင်ရှားစေသင့်

**ဆောင်းပါး - မင်းထက်အောင်(မန်းကိုယ်ပွား)**

မန္တလေးမြို့တော်သည် အတိတ်ကာလနှင့် ပစ္စုပ္ပန်ကာလ မြန်မာ့ယဉ်ကျေးမှုအစုစု တည်ရှိရာ မြန်မာတို့၏ ယဉ်ကျေးမှုမြို့တော်တစ်ခု ဖြစ်ပါသည်။ အတိတ်က ဘိုးဘွား အမွေဖြစ်သည့် ယဉ်ကျေးမှုအမွေအနှစ်များကို ပစ္စုပ္ပန်ကာလတွင် ဆက်လက် ထိန်းသိမ်းရင်း အနာဂတ်ကာလ မျိုးဆက်သစ်များအတွက် ယဉ်ကျေးမှုအမွေ လက်ဆင့်ကမ်းပေးခဲ့ရန်မှာ မန္တလေးပြည်သူတို့၏ သမိုင်းပေးတာဝန်ပင် ဖြစ်ပါသည်။

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုဆိုသည်မှာ ထိုလူမျိုးတို့ မွေးဖွားချိန်မှ သေဆုံးချိန်အထိ ပြုလုပ်သုံးစွဲခဲ့သော ပစ္စည်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ပြောဆိုသည့်စကား၊ လူမှုဆက်ဆံရေးစနစ်၊ အတွေးအခေါ်အယူအဆ၊ ယုံကြည်ကိုးကွယ်မှု၊ အသက်မွေးဝမ်းကြောင်းမှု၊ ရိုးရာဓလေ့ထုံးစံများနှင့် လက်မှုအနုသုခုမပညာတို့ကို ပေါင်းစုခေါ်ဝေါ်ခြင်းဖြစ်သည်ဟု မနုဿဗေဒပညာရှင်များက အဓိပ္ပာယ်ဖွင့်ဆိုထားပါသည်။



ရိုးရာယဉ်ကျေးမှုကို ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် စိတ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုဟူ၍ နှစ်မျိုးခွဲခြားထားနိုင်သည်။ ထိတွေ့၍ရသော ဒြပ်ရှိပစ္စည်းများမှာ ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုပစ္စည်းများဖြစ်ကြသည်။ ဘိုးဘွားတို့၏ အမွေအဖြစ် တည်ရှိခဲ့သော စေတီ၊ ပုထိုး၊ ရုပ်ပွားတော်၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံများနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပုရုပ်ထုများ၊ ရေးဆွဲထားသည့် ပန်းချီ၊ ကဗ္ဗည်းကျောက်စာ၊ မော်ကွန်းများ၊ လမ်း၊တံတား၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါး၊ မုခ်ဝ၊ ကျုံး၊ ခံတပ်အစရှိသည်တို့သည် ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုများဖြစ်ကြသည်။

ရှေးအစဉ်အဆက်ကတည်းက တည်ရှိခဲ့သော ဒြပ်မဲ့ယဉ်ကျေးမှုဆိုင်ရာများမှာ စာပေ၊ ဂီတ၊ သဘင် ဖန်တီးမှုအားလုံး၊ အခမ်းအနားများ၊ ဓလေ့ထုံးစံများ၊ ပွဲတော်များ၊ သဘာဝနှင့်စကြာဝဠာဆိုင်ရာ အသိပညာ လုပ်ရိုးလုပ်စဉ်များ၊ မိရိုးဖလာ လက်မှုပညာရပ်များ အစရှိသည်တို့ဖြစ်ကြသည်။ မန္တလေးသည် ဒြပ်ရှိသော ရုပ်ပိုင်းဆိုင်ရာ ယဉ်ကျေးမှုနှင့် ဒြပ်မဲ့သော စိတ်ပိုင်းဆိုင်ရာယဉ်ကျေးမှု နှစ်မျိုးလုံး အထင်အရှားတည်ရှိနေသော မြို့တော်ဖြစ်ပါသည်။

မန္တလေးမြို့ရှိ ဒြပ်ရှိယဉ်ကျေးမှုအမွေအနှစ်များက မြို့တော်၏ဂုဏ်ကို တင့်တယ်ဝင့်ထည်စေပြီး ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်များက မြို့တော်သူမြို့တော်သားများ၏ ဂုဏ်ကို ပြသဖော်ဆောင်လျက်ရှိသဖြင့် ထိုယဉ်ကျေးမှုအမွေအနှစ်များစွာတို့သည် မန္တလေး၏ဂုဏ်၊ မြန်မာ့ဂုဏ်ကို ဖော်ကျူးနေသော ယဉ်ကျေးမှုများ ဖြစ်ပါသည်။

ယနေ့ခေတ်တွင် သတင်းအချက်အလက်နှင့် နည်းပညာများအရ ယဉ်ကျေးမှုများ ကူးလူးဆက်စပ် ပြောင်းလဲလျက်ရှိသော်လည်း မန္တလေးမြို့တော်တွင်မူ မြန်မာ့ယဉ်ကျေးမှုပြယုဂ်များစွာ ကျန်ရှိနေသဖြင့် အဆိုပါ မြန်မာ့ရိုးရာယဉ်ကျေးမှုများ ရေရှည်တည်တံ့ရန် မန္တလေးချစ်သူများက လိုလားလျက်ရှိကြပါသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်းရှိ မြို့နယ်များအလိုက် ထင်ရှားသော ဒြပ်ရှိ ယဉ်ကျေးမှုအမွေအနှစ်များဆိုင်ရာ ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံများမှာ အောင်မြေသာစံမြို့နယ်တွင် မင်းရှင်စော၊ မင်းတုန်းမင်း၊ သီပေါမင်း၊ ကနောင်မင်းသားနှင့်မှူးမတ်တို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ၃၁ ခု၊ ချမ်းအေးသာစံမြို့နယ်တွင် အင်းဝခေတ်မိဖုရား ရှင်ဘို့မယ်၊ မင်းရှင်စော၊ ဘကြီးတော်မင်း၊ ပုဂံမင်းနှင့် သီပေါမင်းတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခု၊ မဟာအောင်မြေမြို့နယ်တွင် ဘိုးတော်(ဗဒုံမင်း)၊ ကင်းဝန်မင်းကြီး ဦးကောင်း၊ မင်းတုန်းမင်း၊ စုဖုရားလတ်နှင့် မြို့စားများ လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ၁၀ ခု၊ ချမ်းမြသာစည်မြို့နယ်တွင် ဘိုးတော်(ဗဒုံမင်း)၊ ဘိုးတော်ဘုရားနှင့် မင်းညီမင်းသားများ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခု၊ ပြည်ကြီးတံခွန်မြို့နယ်တွင် သာယာဝတီမင်းနှင့် မိဖုရားတို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ခြောက်ခုနှင့် အမရပူရမြို့နယ်တွင် ဘကြီးတော်(စစ်ကိုင်းမင်း)နှင့် မြို့စာရေးမောင်ပိန်တို့ ဆောက်လုပ်လှူဒါန်းခဲ့သည့် အဆောက်အအုံပေါင်း ၁၉ ခုတို့ ရှိနေပါသည်။

အဆိုပါ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ယနေ့ ပစ္စုပ္ပန်ကာလတွင် ထိန်းသိမ်းစောင့်ရှောက်ကာ အနာဂတ်ကာလ မျိုးဆက်သစ်အဆင့်ဆင့်သို့ အမွေပေးပြီး လက်ဆင့်ကမ်း ထိန်းသိမ်းသွားခြင်းဖြင့် မန္တလေးသည် နောင်ကာလများစွာတိုင် ယဉ်ကျေးမှုမြို့တော်အဖြစ် ဆက်လက်ထင်ရှားနေမည်သာ ဖြစ်ပေသည်။ ။

## သတင်းတိုများ

### ညောင်လေးပင်ပြည်သူ့ဆေးရုံသို့ လူနာတင်ယာဉ်တစ်စီးရောက်ရှိ

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့မှ လူနာများ ပဲခူးနှင့် ရန်ကုန်မြို့ရှိဆေးရုံကြီးများသို့ သွားရောက်ကုသရာတွင် လွယ်ကူအဆင်ပြေစေရန်အတွက် ညောင်လေးပင်မြို့ပြည်သူ့ဆေးရုံသို့ လူနာတင်ယာဉ်အသစ်တစ်စီး ဇူလိုင် ၁၄ ရက်က ရောက်ရှိခဲ့ကြောင်း သိရသည်။ ဇူလိုင် ၁၅ ရက်တွင် လူနာတင်ယာဉ် ကြီးကြပ်မှုကော်မတီနှင့် ဆပ်ကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းပြီးဖြစ်ကာ လူနာတင်ယာဉ်လိုအပ်သော လူနာများအနေဖြင့် ဆေးရုံဖုန်းနံပါတ် ၀၅၂-၅၀၀၈၅သို့ ဆက်သွယ်၍ အရေးပေါ်အကူအညီများ တောင်းခံနိုင်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

### မြို့နယ်အုပ်ချုပ်ရေးမှူးဖလားဘောလုံးပြိုင်ပွဲကျင်းပ

တောင်သာမြို့နယ် အားကစားဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ ကျင်းပသော မြို့နယ်အုပ်ချုပ်ရေးမှူးဖလား ဘောလုံးပြိုင်ပွဲ၏ ဗိုလ်လုပွဲစဉ်ကို ဇူလိုင် ၁၅ ရက်က ကျင်းပခဲ့ပြီး ဆင်သေကျေးရွာအသင်းနှင့် အမှတ်(၂)ရပ်ကွက်အသင်းတို့ ယှဉ်ပြိုင်ကြကာ ဆင်သေကျေးရွာအသင်းက အနိုင်ရဗိုလ်စွဲခဲ့သည်။ ဗိုလ်စွဲခဲ့သည့် ဆင်သေကျေးရွာအသင်းအား မြို့နယ်အုပ်ချုပ်ရေးမှူးဦးဝေလင်းထွန်းက ဆုဖလားနှင့် ငွေသုံးသိန်းကျပ်ကို ပေးအပ်ခဲ့သည်။ ပြိုင်ပွဲသို့ တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ဘောလုံးအသင်း ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။
**လင်းလက်ကြယ်(တောင်သာ)**

### အောင်ဆန်းဇာနည်စာစီစာကုံးပြိုင်ပွဲ ဆုများ ချီးမြှင့်

ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်၌ အာဇာနည်နေ့ အထိမ်းအမှတ်အဖြစ် အောင်ဆန်းဇာနည် ခေါင်းစဉ်ဖြင့် စာစီစာကုံးပြိုင်ပွဲကို ဇူလိုင် ၁၆ ရက်က ကျင်းပခဲ့သည်။ ပြိုင်ပွဲသို့ ကျောင်းသား ကျောင်းသူ ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြကာ ဆုရရှိသော ကျောင်းသား ကျောင်းသူများအား ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်အေးအေးက ဆုများချီးမြှင့်ပြီး ပါဝင်ယှဉ်ပြိုင်သော ကျောင်းသားကျောင်းသူများအား ရွှေပြည်ဆိပ်ဦးဘုရား ဂေါပကအဖွဲ့နှင့် အား/ကာဈေးမှ ဒေါ်မိုးမိုးနိုင်တို့က ဆုများ ချီးမြှင့်ခဲ့ကြသည်။ ဂန့်ဂေါခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် အပတ်စဉ် စနေနေ့များ၌ ကျောင်းသားကျောင်းသူများအတွက် စာစီစာကုံးပြိုင်ပွဲ၊ ပုံဆွဲပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ စသည့်ပြိုင်ပွဲများ ကျင်းပပေးလျက်ရှိကြောင်းနှင့် လာမည့် ဇူလိုင် ၂၃ ရက်တွင်လည်း ပုံတူဆွဲ ဆေးရောင်ခြယ်ပြိုင်ပွဲကို ကျင်းပသွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်နိုင်ကြောင်း သိရသည်။
**(၁၀၁)**

# စိုက်ခင်းများအတွင်း ရေဝင်ရောက်လာခြင်းကြောင့် အလျှင်အမြန် ရိတ်သိမ်းနေရ

**ရေစကြို ဇူလိုင် ၁၈**

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်တွင် ချင်းတွင်းမြစ်ရေ မြင့်တက်လာသည်နှင့် ချောင်းငယ်မြောင်းငယ်များပါ ရေပြည့်လျှံလာလျက်ရှိရာ ကျေးရွာများမှ ချောင်းအနီးတွင် စိုက်ပျိုးထားသော သီးနှံစိုက်ခင်းများသို့ ရေများ ဝင်ရောက်လာလျက်ရှိသဖြင့် သီးနှံများ ရေနစ်ဆုံးရှုံးခြင်းမရှိစေရန် တောင်သူများအနေဖြင့် ပဲရိတ်စက်ကလေးများကို ပခုက္ကူမြို့သို့ ချက်ချင်းသွားဝယ်ကာ တောင်သူများကိုယ်တိုင် အလျှင်အမြန်ရိတ်သိမ်းနေကြရကြောင်း သိရသည်။

စိုက်ပျိုးထားသော မတ်ပဲ၊ ပဲတီစိမ်း၊ စီပီစပ်မျိုးပြောင်း စသည့် သီးနှံစိုက်ခင်းများမှာ ရိတ်သိမ်းချိန်တန်နေပြီဖြစ်သော်လည်း လယ်ယာလုပ်သားရှားပါးမှုကြောင့် အချိန်မီရိတ်သိမ်းရန် အခက်အခဲရှိနေကြ၍ မရိတ်သိမ်းနိုင်ဘဲရှိရာမှ ယခု ရေများဝင်ရောက်လာချိန်တွင် စိုက်ခင်းများ ရေနစ်မြုပ်ဆုံးရှုံးမှု မရှိစေရန် ပဲရိတ်စက်ကလေးများကို အသုံးပြုရိတ်သိမ်းမှု များပြားလာခြင်းဖြစ်ကြောင်း သိရသည်။



ပဲရိတ်စက်အသုံးပြု၍ ရိတ်သိမ်းနေသော တောင်သူတစ်ဦး

"အခု ရေက စိုက်ခင်းတွေထဲ ဝင်လာနေပါပြီ။ စိုက်ခင်းထဲက သီးနှံတွေကလည်း ရိတ်သိမ်းချိန်ရောက်နေပါပြီ။ ကျွန်တော်တို့ ပဲရိတ်ဖို့ရာ အလုပ်သမားကလည်း တစ်ဧက ခြောက်သောင်းပေးတာတောင် ငှားမရပါဘူး။ အလုပ်သမားက နည်းနေပြီးတော့ အလုပ်သမားငှားချင်တဲ့ စိုက်ခင်းပိုင်ရှင်တွေက များနေတာပါ။ အလုပ်သမားငှားလို့ရတဲ့ စိုက်ခင်းတွေမှာလည်း ရှေ့ကရိတ်နောက်ကရေဝင် ဖြစ်နေတယ်။ ရေတက်လာတာ တော်တော်မြန်ပါတယ်။ အဲဒါကြောင့် ပခုက္ကူကို ချက်ချင်းသွားပြီးတော့ ပဲရိတ်စက်အသေးစားလေးကို တစ်လုံးကျပ် ၁၂၀၀၀၀ ပေးဝယ်ပြီး ချက်ချင်းရိတ်နေရတာပါ။ ကျွန်တော်တို့ လေ့ခုတ်ကျေးရွာမှာ အလုပ်သမား ငှားမရတဲ့ တောင်သူအားလုံး ပဲရိတ်စက်အသေးစားလေးနဲ့ပဲ အလျှင်အမြန် ရိတ်နေကြပါတယ်"ဟု လေ့ခုတ်ကျေးရွာမှ တောင်သူဦးချစ်တင်က ပြောသည်။

လွန်ခဲ့သော ၁၅ ရက်ခန့်က ချင်းတွင်းမြစ်ရေ မြင့်တက်စဉ်ကလည်း လေ့ခုတ်ကျေးရွာ ချောင်းအနီးရှိ မရင့်မှည့်သေးသော မတ်ပဲနှင့် ပဲတီစိမ်းစိုက်ခင်းများသို့ ရေဝင်ရောက်ပြီး သီးနှံများနစ်မြုပ်ကာ တောင်သူများအနေဖြင့် ဆုံးရှုံးမှုကြုံတွေ့ခဲ့ရသေးသည်ဟု သိရသည်။

"ရိတ်သိမ်းပြီးသားသီးနှံတွေသယ်ဖို့ ကျွန်တော်တို့ ရွာကနေ ချောင်းကိုဖြတ်ပြီး စိုက်ခင်းရောက်မှ သယ်ယူနိုင်မှာပါ။ ချောင်းရေကိုဖြတ်ဖို့ အိမ်မှာရှိတဲ့နွားလှည်းနဲ့ ဖြတ်ကူးလို့ မရပါဘူး။ နွားက ရေကြောက်ပါတယ်။ ကျွဲလှည်းငှားပြီး သွားသယ်ရမှာပါ။ ကျွဲလှည်းတစ်ခေါက်ကို အရင်က ၃၅၀၀ ပေးရပါတယ်။ အခု ကျွဲလှည်းငှားတဲ့သူက များလွန်းနေတော့ ကျွဲလှည်းတစ်ခေါက်ကို ၅၀၀၀ တောင်းနေပါတယ်။ ကျွန်တော်တို့ စပ်မျိုးပြောင်း တစ်ဧကဆိုရင် ကျွဲလှည်း ၁၀ ခေါက်လောက် သယ်ရမှာပါ"ဟု ရေတက်လာခြင်းကြောင့် နောက်ဆက်တွဲ ကြုံတွေ့ရသည့် အခက်အခဲများနှင့်ပတ်သက်၍ ဦးချစ်တင်က ဆက်ရှင်းပြသည်။

လေ့ခုတ်ကျေးရွာသည် နှစ်စဉ်နှစ်တိုင်း ချင်းတွင်းမြစ်ရေ မြင့်တက်ချိန်များတွင် ကျေးရွာအတွင်း ခြောက်ပေ၊ ခုနစ်ပေအနက်အထိ ရေဝင်ရောက်လေ့ရှိသည်ဟု သိရသည်။ ထို့ကြောင့် သီးနှံများ ရေမြုပ်ဆုံးရှုံးကြရသော စိုက်ခင်းပိုင်ရှင်များအနေဖြင့် ကျေးရွာအတွင်း ရေဝင်ရောက်ချိန်တွင် နွားများအားကျွေးနိုင်ရန် ရေမြုပ်သီးနှံများကို ရေထဲမှပင် ရိတ်သိမ်းနေကြရသည်ဟု သိရသည်။

"ကျွန်တော်တို့ရွာက နှစ်တိုင်း ရွာထဲကို လူတစ်ရပ်မမီအောင် ရေဝင်တာဆိုတော့ နွားစာရရှိဖို့က အရေးကြီးပါတယ်။ လူစာက မရှိရင် ချေးငှားစားလို့ ရပါသေးတယ်။ နွားစာမရှိရင် ဘယ်သူကမှ နွားစာမချေးပါဘူး။ အဲဒါကြောင့် ရေမြုပ်နေတဲ့အထဲက ပဲတီစိမ်းပင်၊ မတ်ပဲပင်တွေကို ရိတ်သိမ်းနေကြရတာပါ"ဟု စိုက်ခင်းများ ရေနစ်ဆုံးရှုံးခဲ့ရသော စိုက်ခင်းရှင်တောင်သူတစ်ဦးက ပြောပြသည်။
**အိမ္ဗန်ဆွေ (ရေစကြို)**

# ယာဉ်အန္တရာယ်ကင်းရှင်းရေး ပညာပေးမှုများ အရှိန်မြှင့်ဆောင်ရွက်နေ

**တာချီလိတ် ဇူလိုင် ၁၈**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့၌ ပြည်သူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပညာပေးလုပ်ငန်းများကို အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇူလိုင် ၁၆ ရက်တွင် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ရှမ်းရိုးမကွင်း၊ ရန်အောင်မြေ ပါလှူ(၃)၊ မင်္ဂလာပါပန်းခြံ ရှေ့နှင့် ဟောင်လိတ်မီးပွိုင့်လမ်းဆုံ နေရာများ၌ အမှတ် (၁၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(တာချီလိတ်)မှ တပ်ဖွဲ့စုမှူး ဒုရဲမှူး အောင်ကိုကိုနှင့် တပ်ဖွဲ့ဝင်များက မော်တော်ယာဉ်နှင့် မော်တော်ဆိုင်ကယ် မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ အသိပညာပေးဟောပြောခြင်းနှင့် ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။



ယာဉ်အန္တရာယ်ကင်းရှင်းစေရေးနှင့် ယာဉ်ကြောပိတ်ဆို့မှုမရှိစေရေးအတွက် အရှိန်ပြင်းစွာမောင်းနှင်ခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ ကျော်တက်ခြင်းများ မပြုရန်၊ ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်း၍ မေးသိုင်းကြိုး မြဲမြံစွာ တပ်ဆင်ရန်၊ ဆိုင်ကယ်ကို နှစ်ဦးထက် ပိုစီးခြင်းနှင့် ဝန်ပိုတင်မောင်းနှင်ခြင်းများ မပြုရန်၊ ဖြူနီကြားတွင် ယာဉ်ရပ်ခြင်း၊ ယာဉ်နှစ်ထပ်ရပ်ခြင်း၊ လမ်းအလယ်တွင်ရပ်၍ လူနှင့်ကုန် အတင်အချပြုလုပ်ခြင်း၊ လမ်းပြောင်းပြန်ရပ်တန့်ခြင်းများ မပြုရန်နှင့် ယာဉ်မောင်းနှင်စဉ် ယာဉ်သက်သေခံလက်မှတ်ဝိုးတက်၊ သတ်မှတ်လုပ်ငန်းလိုင်စင်နှင့် ယာဉ်မောင်းလိုင်စင်များဖြင့် မောင်းနှင်ကြရန်စသည့်အချက်များကို အသိပညာပေး ဟောပြောခဲ့ခြင်း ဖြစ်သည်။

ထို့အပြင် တရားမဝင် လိုင်စင်မဲ့ယာဉ်များကို လက်ဝယ်ထားရှိ အသုံးပြုမောင်းနှင်ပါက ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်းနှင့် ယာဉ်ပိုင်ရှင်များအနေဖြင့်လည်း ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် တရားဝင်မှတ်ပုံတင်ထားသော(လိုင်စင်ရှိ)ယာဉ်များကိုသာ အသုံးပြုမောင်းနှင်ရန်တို့ကိုလည်း ပညာပေးဟောပြောခဲ့သည်။

၂၀၁၆ ခုနှစ်အတွင်း တာချီလိတ်မြို့၌ မီးနီဖြတ်၊ လမ်းပြောင်းပြန်၊ အရှိန်ပြင်းမောင်း၊ ယာဉ်မောင်းလိုင်စင်မပါ/မရှိ၊ ယာဉ်နှစ်ထပ်ရပ်၊ ဖြူနီကြားရပ် စည်းကမ်းပျက်ယာဉ် ဖမ်းဆီးမှုပေါင်း ၁၂၆၅ မှုရှိခဲ့ကြောင်း၊ ပညာပေးမှုအနေဖြင့် မေ ၁ ရက်မှ ဇူလိုင် ၁၆ ရက်အထိ ကာလအတွင်း ဟောပြောပွဲပေါင်း ၉၀ ကျော် ပြုလုပ်ခဲ့ပြီး ဆရာဆရာမ၊ ကျောင်းသားကျောင်းသူ၊ တက္ကစီယာဉ်မောင်းများ၊ ဝန်ထမ်းနှင့် ပြည်သူ ၄၄၂၅ ဦးကို အသိပညာပေးဟောပြောနိုင်ခဲ့ကြောင်း၊ လက်ကမ်းစာစောင် ၄၀၀၀ ကျော်ကိုလည်း ဖြန့်ဝေပေးနိုင်ခဲ့ကြောင်း ဒုရဲမှူးအောင်ကိုကိုက ပြောကြားသည်။

ပညာပေးကာလကို ဩဂုတ်လ ဒုတိယပတ်ကုန်အထိ ဆောင်ရွက်သွားမည်ဖြစ်ပြီး ပညာပေးကာလပြီးပါက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိသည့် စည်းကမ်းပျက်ယာဉ်များကို ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေအရ သတ်မှတ်ဒဏ်ငွေနှင့် ပြစ်ဒဏ်များဖြင့် အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

# ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ သုတေသနဆွေးနွေးပွဲ ပြုလုပ်

**သထုံ ဇူလိုင် ၁၈**
မွန်ပြည်နယ် သထုံမြို့နယ် နောင်ဘိုကျေးရွာအုပ်စု နောင်ဘိုကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ အမျိုးသားတွေ့ဆုံဆွေးနွေးပွဲအတွက် ငြိမ်းချမ်းရေးတည်ဆောက်မှုဆိုင်ရာ သုတေသနပြုလုပ်ခြင်း လုပ်ငန်းစဉ်များ၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကိစ္စရပ်များကို ငြိမ်းဖောင်ဒေးရှင်း(မော်လမြိုင်)က ဦးဆောင်၍ ဒေသခံပြည်သူများနှင့် ဇူလိုင် ၁၆ ရက်က တွေ့ဆုံဆွေးနွေးခဲ့သည်။

ဖက်ဒရယ်ကိစ္စ၊ တိုင်းရင်းသားစာပေကိစ္စ၊ အလုပ်အကိုင်အခွင့် အလမ်းကိစ္စ စသည့်ကိစ္စရပ်များထဲမှ ပထမဦးစွာ ဖက်ဒရယ်ကိစ္စရပ်များကို ကျေးရွာများတွင် စတင်ဆောင်ရွက်နေကြောင်း၊ လူတန်းစားအလွှာအသီးသီးမှ ပြည်သူများအား ဖက်ဒရယ်ကိစ္စရပ်များကို တစ်ဦးချင်းရှင်းပြ၍ အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း၊ ပြည်သူ့အသံများကို မှတ်သား၍ နိုင်ငံရေးဆွေးနွေးပွဲများတွင် တင်ပြနိုင်ရန် ပြည်သူများနှင့် ဆွေးနွေးခဲ့ခြင်းဖြစ်ကြောင်း ဆွေးနွေးပွဲတွင်ပါဝင်သူ ငြိမ်းဖောင်ဒေးရှင်းမှ ဦးမင်းဘုန်းအိမ်က ပြောသည်။

ငြိမ်းချမ်းရေးလုပ်ငန်းများတွင် ပြည်သူလူထု၏ ပါဝင်မှုကို မြှင့်တင်ပေးရန်၊ ပြည်နယ်ရှိ ငြိမ်းချမ်းရေးကော်မတီဝင်များနှင့် အရပ်ဖက်ဆိုင်ရာ လူ့အဖွဲ့အစည်းများ၏ အမျိုးသားတွေ့ဆုံဆွေးနွေးရေးအစီအစဉ်များတွင် ပံ့ပိုးကူညီနိုင်ရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်ဆောင်ရွက်နေကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဆွေးနွေးပွဲများကို မွန်ပြည်နယ်အတွင်း ရေးမြို့နယ်၌ စတင်ပြုလုပ်ခဲ့ပြီး ရေးမြို့နယ်အတွင်း ဆွေးနွေးပွဲများ ပြီးစီး၍ ယခုအခါ သထုံမြို့နယ်တွင် ဆက်လက်ပြုလုပ်ခြင်းဖြစ်ကာ မော်လမြိုင်နှင့် ကျိုက်မရောမြို့နယ်များတွင်လည်း ဆွေးနွေးပွဲများ ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ခွန်(ဝင်းပ)**

## အာဇာနည်နေ့အကြို ဟောပြောပွဲနှင့် နံရံကပ်စာစောင်ပြပွဲ ကျင်းပ



**ကန့်ဘလူ ဇူလိုင် ၁၈**
စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် နတ်ပေးကျေးရွာအုပ်စု နတ်ပေးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အာဇာနည်နေ့အကြို ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်ပြပွဲကို ဇူလိုင် ၁၇ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် နတ်ပေးကျေးရွာ အလက(ခွဲ)မှ ကျောင်းအုပ်ဆရာကြီး ဦးထွန်းခင်က ကျောင်းသား ကျောင်းသူများအား အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ စိတ်ဓာတ်အကြောင်းကို ဟောပြောပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးဝင်းမောင်က ကျောင်းသားကျောင်းသူများ အနေဖြင့် ကျောင်းစာများအပြင် ပြင်ပအသိပညာ ဗဟုသုတများ တိုးပွားစေရေးအတွက် စာအုပ်စာပေများကို ပို၍ဖတ်ရှုကြရန်နှင့် မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် စာကြည့်တိုက်အသင်းဝင်ပြီး စာအုပ်စာစောင်များ လာရောက်ဖတ်ရှု ငှားရမ်းနိုင်ပုံများကို ဟောပြောခဲ့သည်။

ထို့နောက် (၆၉)နှစ်မြောက် အာဇာနည်နေ့အကြို နံရံကပ်စာစောင်နှင့် ဓာတ်ပုံများကို ခင်းကျင်းပြသပြီး ကျောင်းသားကျောင်းသူများက စိတ်ဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြကာ ပြသငှားရမ်းပေးထားသော စာအုပ်များကိုလည်း ကျောင်းသား ကျောင်းသူများက ဖတ်ရှုခဲ့ကြသည်။
**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## အားကစားဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**ပေါက်တော ဇူလိုင် ၁၈**
ရခိုင်ပြည်နယ် စစ်တွေခရိုင် ပေါက်တောမြို့နယ်၌ အားကစားပညာဦးစီးဌာနက ကြီးမှူးကျင်းပသော အားကစားဆိုင်ရာအသိပညာပေး ဟောပြောပွဲကို ဇူလိုင်လဒုတိယပတ်က ပေါက်တောမြို့ အထကကျောင်း ရွှေဘန်းခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ပေါက်တောမြို့နယ် ကာယပညာဦးစီးဌာန မြို့နယ်အားကစားနည်းစနစ်မှူး ဦးမြမင်းထွန်းက အားကစားနည်းစနစ်ဆိုင်ရာအကြောင်းအရာများကို ရှင်းလင်းပြောကြားခဲ့သည်။

အခမ်းအနားသို့ ဆရာ ဆရာမများနှင့်ကျောင်းသား ကျောင်းသူများတက်ရောက်ကြပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားနည်းစနစ်မှူးက ကျောင်းသား ကျောင်းသူများအတွက် အားကစားပစ္စည်းများပေးအပ်ခဲ့ရာ အထကကျောင်းမှ တာဝန်ခံ ကျောင်းအုပ်ဆရာကြီးဦးသန်းထွန်းက လက်ခံယူခဲ့ကြောင်းသိရသည်။
(မြို့နယ် ပြန်/ဆက်)

## မြစ်ကမ်းပါးပြိုကျ၍ ပြောင်းရွှေ့ရသည့်အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့်ပစ္စည်းများ ပေးအပ်

**အင်္ဂပူ ဇူလိုင် ၁၈**
အင်္ဂပူမြို့နယ်တွင် ဝေန်မြစ်ကမ်းပါးပြိုကျမှုကြောင့် ပြောင်းရွှေ့သွားရသည့် အိမ်ထောင်စုများအား ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဇူလိုင် ၁၆ ရက်က ပေးအပ်ခဲ့ရာ ကံဘက်ကျေးရွာအုပ်စု သာယာကုန်းကျေးရွာနှင့် သက္ကယ်ပြင်(သံ)ကျေးရွာအုပ်စု ကညင်ရိုးကျေးရွာတို့မှ ပြောင်းရွှေ့အိမ်ထောင်စုများအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဖိုလ်ဖိုလ်ဇင်က ပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအား အားပေးစကားပြောကြားသည်။

ထို့နောက် လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနမှ ပေးအပ်သော ထောက်ပံ့ငွေ၊ ဆန်နှင့်ပစ္စည်းများ၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပေးအပ်သော ထောက်ပံ့ပစ္စည်းများကို တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူးတို့က နေအိမ်ပြောင်းရွှေ့ရသည့် မိသားစုများထံသို့ ပေးအပ်ခဲ့ရာ သာယာကုန်းကျေးရွာမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စု ၁၁ စုနှင့် ကညင်ရိုးကျေးရွာမှ ကမ်းပြိုပြောင်းရွှေ့အိမ်ထောင်စု ကိုးစုအတွက် တစ်အိမ်ထောင်လျှင် ထောက်ပံ့ငွေ ကျပ် ၂၀၀၀၀ စီနှင့် ဆန်၊ လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ခဲ့ကြောင်းသိရသည်။
**မန်းကျော်(ပြန်/ဆက်)**

## လျှပ်စစ်မီးမရသေးသော ကျေးရွာ ၂၃ ရွာတွင် ဆိုလာမီးများတပ်ဆင်နိုင်ရန် ဆောင်ရွက်နေ

**ဘားအံ ဇူလိုင် ၁၈**
ကရင်ပြည်နယ် ဘားအံမြို့နယ်အတွင်းမှ လျှပ်စစ်ဓာတ်အား မရရှိသေးသော ကျေးရွာ ၂၃ ရွာ၌ ဆိုလာစနစ်တပ်ဆင်၍ ဓာတ်အားရရှိအသုံးပြုနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း မဟာဓာတ်အားလိုင်းနှင့် ဝေးကွာပြီး လျှပ်စစ်မီးမသုံးစွဲနိုင်သေးသည့် ကျေးရွာအုပ်စု ၁၁ စုမှ ကျေးရွာ ၂၃ ရွာတွင် တစ်ယူနစ်လျှင် ဆိုလာပြားနှင့် ဆက်စပ်ပစ္စည်းအစုံပါဝင်သော ယူနစ်ပေါင်း ၂၀၆၂ ယူနစ်ကို တပ်ဆင်ပေးမည်ဖြစ်ကြောင်း၊ ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခင်မောင်ဝင်းက ပြောကြားသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း၍ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံး လျှပ်စစ်မီးရရှိရေးအတွက် အမျိုးသားလျှပ်စစ်ဓာတ်အားရရှိရေးစီမံကိန်း(NEP)ကို နိုင်ငံတော်မှ ၆၀ ရာခိုင်နှုန်း၊ ကမ္ဘာ့ဘဏ်မှ ၃၀ ရာခိုင်နှုန်း၊ ပြည်သူမှ ၁၀ ရာခိုင်နှုန်း အချိုးအစားဖြင့် ဆောင်ရွက်လျက်ရှိကာ လျှပ်စစ်ဓာတ်အားလိုင်းနှင့်ဝေးကွာပြီး မီးမရရှိနိုင်သေးသောကျေးရွာများတွင် မီးသုံးစွဲနိုင်ရေးအတွက် ဆိုလာမီးများတပ်ဆင်ပေးရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**နေမျိုးလွင်(ပြန်/ဆက်)**

## ကျောင်းပြင်ပမူလတန်း ပညာရေးလုပ်ငန်းဖွင့်

**သဲကုန်း ဇူလိုင် ၁၈**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသော ၂၀၁၆-၂၀၁၇ ပညာသင်နှစ်ကျောင်းပြင်ပ မူလတန်းပညာရေးလုပ်ငန်း ဖွင့်ပွဲကို ဇူလိုင် ၁၄ ရက် နံနက် ၉ နာရီခွဲက ကျင်းပခဲ့သည်။

အခမ်းအနားတွင် သဲကုန်းမြို့နယ် ကျောင်းပြင်ပမူလတန်းပညာရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလွင်မင်း၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) အခြေခံပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးခင်မောင်ဝင်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သန်းတို့က အမှာစကားပြောကြားခဲ့သည်။

ဆက်လက်၍ မြို့နယ်ပညာရေးမှူး ဦးအေးကျော်က သင်တန်းကိစ္စများဆောင်ရွက်ထားရှိမှုအခြေအနေကို ရှင်းလင်းပြောကြားပြီး ကျောင်းပြင်ပမူလတန်း ပညာရေး တိုင်းဒေသကြီး ကြီးကြပ်ရေးမှူး ဦးသိန်းဆွေက ကျောင်းပြင်ပမူလတန်းပညာရေး အစီအစဉ်၏ သဘောသဘာဝများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အလှူငွေနှင့် ပစ္စည်းများကို ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ဆရာ ဆရာမများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူသည်။
**(မြို့နယ် ပြန်/ဆက်)**




**သာစည်မြို့ အမှတ်(၇)ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစေရန်အတွက် မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးမောင်မောင်ဝေ ကြီးကြပ်သည့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ရဲမေများက ဇူလိုင် ၁၅ ရက် ကျောင်းဆင်းချိန်တွင် ကျောင်းသား ကျောင်းသူများ စနစ်တကျလမ်းဖြတ်ကူးနိုင်ရန် ကူညီနေစဉ်**
မောင်ကို(သာစည်)

# မင်ဒီ၊ လက်စတာနဲ့ ရာသီသစ်ကို ကျော်ဖြတ်မှု

**မိုးမြင့်လင်းလက်**

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီအတွက်ထိပ်တန်းအသင်းတွေ ပြင်ဆင်မှု အပြိုင်အဆိုင် လုပ်နေကြတဲ့အချိန်မှာ ချန်ပီယံ လက်စတာအသင်းကလည်း ရှိတဲ့ငွေအားနဲ့ အသင်းကို ပြန်လည်တည်ဆောက်မှုတွေပြုလုပ်နေပြီဖြစ်ပါတယ်။ လက်စတာအသင်းဟာ လာမယ့်ဘောလုံးရာသီမှာ ချန်ပီယံဆုကို ကာကွယ်ဖို့ထက် အကောင်းဆုံး ၁၀ သင်းစာရင်းဝင်ဖို့ကို ရည်မှန်းချက်ထားပြီး ပြင်ဆင်နေတာမို့ သူတို့ရဲ့မျှော်လင့်ချက်ကလည်း စိတ်ဝင်စားစရာဖြစ်နေတာတော့ အမှန်ပါပဲ။

လက်စတာအသင်းဟာ ပြီးခဲ့တဲ့ ဘောလုံးရာသီမှာ အံ့အားသင့်စရာ ချန်ပီယံဖလားရယူနိုင်ခဲ့ပြီး နောက်ပိုင်းမှာ အသင်းကို ကစားသမားသစ်တွေနဲ့ ဖြည့်ဆည်းဖို့ ကြိုးစားခဲ့ရာမှာ ကစားသမားအသစ် ၁၀ ဦးအထိ ခေါ်ယူခဲ့ပြီးဖြစ်ပါတယ်။ အဲဒီကစားသမားသစ် ၁၀ ဦးထဲမှာမှ စိတ်ဝင်စားစရာအကောင်းဆုံးက ကွန်တေ နေရာအတွက် ပြင်သစ်နိုင်ငံသား ကွင်းလယ်ကစားသမား နန်ပယ်လီမင်ဒီကို ခေါ်ယူခြင်းဖြစ်ပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိတဲ့ မင်ဒီကို လက်စတာတို့က နိုက်စ်အသင်းကနေ ပြောင်းရွှေ့ကြေး ယူရို ၁၅ ဒသမ ၁ သန်းပေးပြီး လေးနှစ်စာချုပ်နဲ့ ခေါ်ယူခဲ့ခြင်း ဖြစ်ပါတယ်။ ထိပ်တန်းကလပ်အသင်းတွေရဲ့အကြိုက်တွေ့မယ့်ကစားသမား မဟုတ်ပေမယ့် လက်စတာနည်းပြ ရာနီရေးရီကတော့ အသင်းရဲ့ကွင်းလယ် အဖျက်တာဝန်ကို ယုံကြည်စွာ အပ်နှင်းဖို့အတွက် မင်ဒီဟာ သူလိုချင်တဲ့ အရည်အချင်းတွေ ရှိနေတယ်လို့ ပြောဆိုနေပါတယ်။

မင်ဒီရဲ့ ကစားသမားဘဝကို ပြန်ကြည့်တဲ့အခါ လူငယ်ကစားသမားဘဝအနေနဲ့ ကလပ်အသင်း ငါးသင်းအထိ ပြောင်းရွှေ့ကစားခဲ့ဖူးပြီး နောက်ပိုင်းမှာ မိုနာကိုအသင်းကို စတင်ရောက်ရှိကာ ကြေးစားဘောလုံးသမားဘဝကို စတင်ခဲ့သူဖြစ်ပါတယ်။ မင်ဒီဟာ မိုနာကို လူငယ်အသင်းမှာ နှစ် နှစ် ကစားခဲ့ပြီး ၂၀၁၃ ခုနှစ်မှာတော့ နိုက်စ်အသင်းကို ပြောင်းရွှေ့ကစားခဲ့ပါတယ်။ နိုက်စ်အသင်းမှာ အဓိက ကွင်းလယ်ကစားသမားတစ်ဦးအဖြစ် ပါဝင်ကစားခဲ့ကာ ကွင်းလယ်ကနေပြီး ပြိုင်ဘက်အသင်းတိုက်စစ်ကို ဟန့်တားရာမှာ ထူးထူးခြားခြား ထူးချွန်တဲ့သူဖြစ်နေပါတယ်။

မင်ဒီဟာ မန်ယူကစားသမားဟောင်း ရှိုင်ကိန်းလို ကစားသမားဖြစ်ပြီး ရှိုင်ကိန်းထက် သာလွန်တဲ့အချက်က လျင်မြန်မှုနဲ့ ပါးနပ်မှုပဲဖြစ်ပါတယ်။ ပြိုင်ဘက်ခံစစ်လမ်းကြောင်းကို တိကျစွာ မှန်းဆနိုင်သူဖြစ်ပြီး ကွင်းလယ်ကနေပြီး တန်ပြန်တိုက်စစ်ကို ပြန်လည်စတင်နိုင်တဲ့ ကစားသမားတစ်ဦးလည်း ဖြစ်ပါတယ်။ ကြံ့ခိုင်မှုအပြည့်နဲ့ လျင်လျင်မြန်မြန် ကစားတတ်တဲ့ မင်ဒီကို လက်စတာနည်းပြရာနီရေးရီက သဘောကျခဲ့ပြီး ချယ်လ်ဆီးကို ပြောင်းရွှေ့သွားတဲ့ လက်စတာကွင်းလယ်ကစားသမား ကွန်တေရဲ့နေရာမှာ အကောင်းဆုံး အစားထိုးနိုင်မယ့်သူအဖြစ် ရွေးချယ်ခေါ်ယူခဲ့ခြင်းဖြစ်ပါတယ်။

မင်ဒီကို ခေါ်ယူတဲ့ ပြောင်းရွှေ့ကြေးပမာဏဟာ ဒီနှစ် လက်စတာအသင်းက ခေါ်ယူခဲ့တဲ့ ကစားသမားသစ် ၁၀ ဦးထဲမှာ ဒုတိယမြောက် ဈေးအများဆုံးဖြစ်ပါတယ်။ လက်စတာအသင်းဟာ CSKA မော်စကိုအသင်းရဲ့ တိုက်စစ်မှူး မူလာကိုလည်း ခေါ်ယူအားဖြည့်ထားသလို အားနည်းတဲ့နေရာတွေမှာလည်း ကစားသမားတွေကို အားဖြည့်ထားကာ ရာသီသစ်ကို ကျော်လွှားဖြတ်သန်းနိုင်ဖို့ ကြိုးစားတော့မှာဖြစ်ပါတယ်။

မင်ဒီရဲ့ထူးခြားမှုတွေထဲမှာ ကွင်းလယ်ကနေပြီး ခံစစ်ကို လိုက်ပါကူပေးနိုင်ပြီး တိုက်စစ်ကို ကောင်းကောင်းပံ့ပိုးပေးနိုင်တဲ့အပြင် တန်ပြန်တိုက်စစ်ကို ကွင်းလယ်ကနေ စတင်နိုင်တဲ့ကစားသမားဖြစ်နေခြင်းပါပဲ။ မင်ဒီကို ပြင်သစ် ပရိသတ်တွေကတော့ မက်ခီလီလီလက်သစ်လို့ သတ်မှတ်ခေါ်ဝေါ်နေကြပြီး ကွင်းလယ်ကစားကွက်ကို ထိန်းကျောင်းမောင်းနှင်နိုင်သူတစ်ဦးအဖြစ် ယုံကြည်မှုရှိနေကြပါတယ်။

ဒါကြောင့် ကစားသမားသစ် ၁၀ ဦးနဲ့အတူ ရာသီသစ်ကို ကျော်ဖြတ်ဖို့ ကြိုးစားနေတဲ့ လက်စတာအသင်းမှာ မင်ဒီရဲ့စွမ်းဆောင်မှုက ဘယ်လောက်အထိ အကျိုးပြုပေးနိုင်မလဲဆိုတာ စောင့်ကြည့်ရတော့မှာပဲ ဖြစ်ပါတယ်။ ။




## အဲဗာတန်က ခေါ်ယူဖို့ ပစ်မှတ်ထားနေတဲ့ နယူးကာဆယ် ကွင်းလယ်ကစားသမား

အဲဗာတန်ဟာ နယူးကာဆယ် ကွင်းလယ်ကစားသမား ဂျော့ဂျီနီယို ဝီနာဒွန်းကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် စပါးကလည်း စိတ်ဝင်စားနေတာ ဖြစ်တဲ့အတွက် အပြိုင်ခေါ်ယူရမယ့်အနေအထားပါ။ နယူးကာဆယ်ကတော့ ဘယ်အသင်းက တရားဝင် ကမ်းလှမ်းထားမှုကိုမှ လက်ခံထားခြင်းမရှိသေးပါဘူး။ သို့ပေမယ့် ဒတ်ချ် ကစားသမား ဝီနာဒွန်းကို ပေါင် ၂၇ သန်းနဲ့ ဈေးခေါ်ထားပါတယ်။ စပါးနည်းပြ ပိုချက်တီနိုကတော့ ဝီနာဒွန်းကို ခေါ်ယူဖို့ အပြည့်အဝ ယုံကြည်ထားပါတယ်။ ဝီနာဒွန်းဟာ ပြီးခဲ့တဲ့ရာသီက နယူးကာဆယ်အသင်းအတွက် ၁၁ ဂိုး သွင်းယူပေးခဲ့ပါတယ်။ နယူးကာဆယ်အသင်းဟာ တန်းဆင်းဇုန်ရောက်ခဲ့ပေမယ့် ဝီနာဒွန်းရဲ့ သွင်းဂိုးတွေကတော့ အခြေအနေကောင်းခဲ့ပါတယ်။

သို့ပေမယ့် စပါးကတော့ ပေါင် ၂၅ သန်းပေးပြီး ခေါ်ယူဖို့ စဉ်းစားနေတယ်လို့ ဆိုပါတယ်။ ဝီနာဒွန်းဟာ လွန်ခဲ့သော တစ်နှစ်က အန်ဒါလက်ချ်အသင်းကနေ နယူးကာဆယ်ကို ပေါင် ၁၃ သန်းနဲ့ ပြောင်းရွှေ့လာသူဖြစ်ပါတယ်။ လက်ရှိခြေစွမ်းအရ ဝီနာဒွန်းကို အဲဗာတန်က အရခေါ်ယူဖွယ်ရှိနေသလို စပါးကလည်း အလိုရှိနေတာကြောင့် ဘယ်အသင်းကို ရောက်မယ်ဆိုတာတော့ မပြောနိုင်သေးပါဘူး။



## ချယ်လ်ဆီးကို ထိပ်တန်းကလပ်ဖြစ်အောင် ကြိုးစားမယ်ဆိုတဲ့ ကွန်တီ

ချယ်လ်ဆီးအသင်းကို သိသိသာသာတိုးတက်တဲ့အသင်းဖြစ်လာဖို့ ကြိုးစားသွားမယ်လို့ နည်းပြသစ် ကွန်တီက ပြောဆိုလိုက်ပါတယ်။ ကျွန်တော်တို့ ချယ်လ်ဆီးအသင်းမှာ ထိပ်တန်းရောက်နေတဲ့ကစားသမားတွေ ရှိပြီးသားပါ။ ထိပ်တန်းကစားသမားတွေနဲ့ ဖွဲ့စည်းထားတဲ့အသင်းပါ။ ဒီအတွက် ထိပ်ဆုံးအသင်းမဖြစ်စရာ လုံးဝမရှိပါဘူး။



ထိပ်ဆုံးရောက်နိုင်ပါတယ်။ လာမယ့်ရာသီမှာ ကျွန်တော်တို့ရဲ့အမာခံကစားသမားတွေနဲ့ ထိပ်ဆုံးရောက်အောင် လုပ်သွားမှာဖြစ်ပါတယ်လို့ ကွန်တီကဆိုပါတယ်။ အသက် ၄၆ နှစ်အရွယ် နည်းပြသစ် ကွန်တီဟာ ယူရို ၂၀၁၆ အပြီး အီတလီနည်းပြအဖြစ်မှ နုတ်ထွက်ခဲ့ပြီးတဲ့နောက် ချယ်လ်ဆီးအသင်းနဲ့ လေ့ကျင့်မှုတွေ စတင်ပြုလုပ်နေပြီ ဖြစ်ပါတယ်။ ချယ်လ်ဆီး အသင်းရဲ့အမာခံကစားသမားတစ်ဦးဖြစ်တဲ့ ဟာဇတ်ကို မက်ဆီနဲ့ စီရိုနယ်ဒိုတို့လို ခြေစွမ်းပြနိုင်တဲ့ ကစားသမားဖြစ်အောင် လေ့ကျင့်ပျိုးထောင်သွားမယ်လို့လည်း နည်းပြ ကွန်တီကဆိုပါတယ်။ ချယ်လ်ဆီးအသင်းမှာရှိနေတဲ့ ကစားသမားတွေဟာ ထိပ်တန်းကစားသမားတွေဖြစ်တဲ့အတွက် အသင်းကိုလည်း ထိပ်ဆုံးအသင်းဖြစ်အောင် လုပ်ရမယ်လို့ ကွန်တီက အခိုင်အမာ ပြောဆိုလိုက်ပါတယ်။ လာမယ့်ရာသီမှာ ကွန်တီရဲ့ပြိုင်ဘက်တွေကတော့ မော်ရင်ဟို၊ ဂွာဒီယိုလာနဲ့ နည်းပြဟောင်း ဝင်းဂါးတို့ပဲဖြစ်ပါတယ်။ ပရီမီယာလိဂ်ရဲ့ နည်းပြသစ်တွေဟာ အသင်းသစ်တွေအတွက် အောင်မြင်မှုတွေ ဘယ်လိုရှာဖွေမလဲဆိုတာ စိတ်ဝင်စားစရာပါပဲ။

## ဝက်စ်ဟမ်းမှ ထွက်ခွာဖွယ်ရှိနေတဲ့ တောင်ပံတိုက်စစ်မှူး ပေယက်စ်

ယူရို ၂၀၁၆ မှာ ပြင်သစ်အသင်းနဲ့အတူ ခြေစွမ်းပြကစားခဲ့တဲ့ တောင်ပံတိုက်စစ်မှူး ပေယက်စ်ဟာ ဝက်စ်ဟမ်းအသင်းကနေ ကျောခိုင်းထွက်ခွာဖွယ်ရှိနေပါတယ်။ ဝက်စ်ဟမ်းအသင်းမှာ အမြဲတမ်းနေပြီး ကစားဖို့ သူက ငြင်းဆိုလိုက်ပါတယ်။ ကျွန်တော့်အနေနဲ့ ဝက်စ်ဟမ်းအသင်းမှာ အမြဲတမ်း ကစားသမားအဖြစ် ကစားဖို့ အစီအစဉ်မရှိပါဘူးလို့ ပေယက်စ်က ဆိုပါတယ်။ တောင်ပံတိုက်စစ်မှူး ပေယက်စ်ဟာ ယူရို ၂၀၁၆ မှာ ပြင်သစ်အသင်းနဲ့အတူ ခြေစွမ်းပြ ကစားခဲ့ပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ အသက် ၂၉ နှစ်အရွယ်ရှိ ပေယက်စ်ဟာ ယူရို ၂၀၁၆ ဗိုလ်လုပွဲအထိ ပြင်သစ်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ပါတယ်။ တောင်ပံတိုက်စစ်မှူး ပေယက်စ်ဟာ ပြီးခဲ့တဲ့ နွေရာသီက ပြင်သစ်ကလပ် မာဆေးမှ ပေါင် ၁၀ ဒသမ ၇ သန်းနဲ့ ဝက်စ်ဟမ်းအသင်းသို့ ရောက်ရှိခဲ့တာဖြစ်ပါတယ်။ သူဟာ ပြီးခဲ့တဲ့နှစ်က ဝက်စ်ဟမ်းအသင်းရဲ့ တစ်နှစ်တာ အကောင်းဆုံးဆုကို ရခဲ့ပြီး ဂိုးပေါင်း ၁၂ ဂိုး သွင်းယူပေးခဲ့တဲ့အပြင် အခြားကစားသမားတွေကိုလည်း ၁၃ ကြိမ် ဂိုးပေါက် ဖန်တီးပေးနိုင်ခဲ့ပါတယ်။



**ကောင်းမြတ်သူ - စုစည်းသည်။**

# အပြောအရေးကွာဟမှု၏ထွေပြားမှုများ

ဒေါက်တာသိန်းထွန်း(ဘာသာဗေဒည့်ပါမောက္ခ၊ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်)

၂၀၁၆ ခုနှစ် ဇွန်လ ၁၉ ရက်နေ့ထုတ် "မြန်မာ့အလင်း"တွင် မောင်ခင်မင်(ဓနုဖြူ)၏"အပြောအရေးကွာဟမှုများ(၁၅)" ကို ဖတ်လိုက်ရပါသည်။ မောင်ခင်မင်၏ ဆောင်းပါးများကို ဖတ်ပြီးသောအခါ၌ ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်းပင် မောင်ခင်မင်၏ စိတ်ရှည်ရှည်ထား၍ ရေးတတ်မှု၊ ဖွဲ့တတ်မှု၊ ရှင်းတတ်မှုတို့ကို အထူးသတိပြုမိပါသည်။ ဤကဲ့သို့စိတ်ရှည်ရှည်နှင့်ရေးတတ်၊ ဖွဲ့တတ်သော မောင်ခင်မင်၏စွမ်းရည်ကိုလည်း လေးစားချီးကျူးမိပါသည်။

**အသုံးတွင်ကျယ်မှုနှင့် အသံပြောင်းမှု**

"လေလှိုင်းသဒ္ဒဗေဒနှင့် မြန်မာစကားသံပြောင်းလဲမှုစနစ်" စာအုပ်၌စာရေးသူဖော်ပြထားသည့် သုတေသနအမြင်တစ်ခုကို မောင်ခင်မင်ကကိုးကား၍ အထက်ပါဆောင်းပါးအမှတ်(၁၅)တွင် တင်ပြထားပါသည်။ "တောခွေး"ကို /တောဂွေး/ဟု ("သံညင်း"မှ "သံပြင်း" သို့မဟုတ် "အဃောသ"မှ "ဃောသ"သို့)ပြောင်း၍ ပြောကြသော်လည်း "တောဆင်"ကိုမူ (ဤကဲ့သို့ သံညင်းမှ သံပြင်းသို့ပြောင်းသော ဥပဒေသအရ /တောဇင်/ဟု ပြောရမည်ဖြစ်သော်လည်း) "တောဆင်"ဟုသာပြောခြင်းစသည့်အကြောင်း အရာများဖြစ်ပါ သည်။ ဤကဲ့သို့ဖြစ်ရသည်မှာ "တောခွေး"သည် နေ့စဉ်သုံးစကား၌ အသုံးတွင်ကျယ်သောဝေါဟာရဖြစ်သော်လည်း "တောဆင်"သည် နေ့စဉ်သုံးစကား၌ အသုံးနည်းသောကြောင့်သာဖြစ်သည်ဟု စာရေးသူက ရေးသားဖော်ပြခဲ့ဖူးပါသည်။ စာရေးသူ၏အမြင်ကို မောင်ခင်မင်က သူ၏ဆောင်းပါးတွင် ကိုးကားတင်ပြထားသဖြင့် စာရေးသူက မောင်ခင်မင်ကို ကျေးဇူးတင်ရပါသည်။ ဤကဲ့သို့ကျေးဇူးတင်သည်နှင့် တစ်ချိန်တည်းမှာပင် ဤကိစ္စနှင့်ပတ်သက်၍ ထပ်မံရှင်းလင်းသင့်သည်ကို ရှင်းပြရန်စာရေးသူတွင် တာဝန်ရှိသည်ဟု ခံစားမိပါသည်။

ဤကဲ့သို့သောအသံပြောင်းမှုများနှင့်ပတ်သက်၍ မောင်ခင်မင် တင်ပြသကဲ့သို့ပင် "ရွာထိပ်" "မြို့ထိပ်" "လမ်းထိပ်"တို့တွင် "ရွာရဲ့ထိပ်ပိုင်း"၊ "မြို့ရဲ့ထိပ်ပိုင်း"စသောပိုင်ဆိုင်မှုသဒ္ဒါသဘောရှိသဖြင့် "ထိပ်"သည် /ဒိတ်/သို့ မပြောင်းခြင်းဖြစ်သည်ဟု ရှင်းလိုလျှင်လည်း ရှင်းနိုင်ပါသည်။ စာရေးသူ၏အမြင်တွင် ဤဥပမာများ၌ပိုင်ဆိုင်မှုသဒ္ဒါသဘောအပြင် အခြားအကြောင်းအရင်း တစ်ခုလည်းရှိသေးသည်ဟု ဆိုရပါမည်။ စာရေးသူ၏အမြင်အရမူ ထိုအကြောင်းအရင်းမှာ "မြို့ထိပ်" "ရွာထိပ်"တို့သည် နေ့စဉ်သုံးစကား၌အသုံးတွင်ကျယ်မှုနည်းပါးသောကြောင့်သာဖြစ်သည်ဟု ဆိုရပါမည်။ ဤအဆိုကိုထောက်ခံသော ဥပမာအချို့မှာ "ငယ်ထိပ်"ကို /ငယ်ဒိတ်/၊ "အိမ်ထောင်"ကို /အိမ်ဒေါင်/၊ "လေးထောင်"ကို /လေးဒေါင်/စသည်ဖြင့် ပြောင်းခြင်းပင်ဖြစ်ပါသည်။ "ငယ်ထိပ်"သည် နေ့စဉ်သုံးစကား၌ "မြို့ထိပ်"၊ "ရွာထိပ်"တို့ထက်အသုံးတွင်ကျယ်သဖြင့် "ငယ်ထိပ်"ကို /ငယ်ဒိတ်/ အဖြစ်ပြောသည်ဟုဆိုရပါမည်။

သို့သော်လည်း ဤနေရာ၌ "ငယ်ထိပ်"မှ /ငယ်ဒိတ်/ သို့ပြောင်းခြင်းကို ဝေါဟာရဖွဲ့စည်းမှု သဒ္ဒါအမြင်ဖြင့်ရှင်းလိုလျှင်လည်း ရှင်းပြနိုင်ပါသည်။ ထိုသဒ္ဒါအမြင်ရမူ "ငယ်ထိပ်" သည် "တောဆင်"၊ "မြို့ထိပ်"တို့ကဲ့သို့ "နာမ်+နာမ်" စကားပေါင်း မဟုတ်ဘဲ "ကြိယာ+နာမ်" စကားပေါင်းသာဖြစ်သဖြင့် "ငယ်ထိပ်"သည် /ငယ်ဒိတ်/သို့ပြောင်းခြင်းဖြစ်သည်ဟု ဆိုနိုင်ခြင်းဖြစ်ပါသည်။ (ဤဥပမာ၌ "ငယ်"သည် "မြို့"၊ "ရွာ"၊ "လမ်း"တို့ကဲ့သို့ နာမ်မဟုတ်ဘဲ အခြေအနေပြကြိယာသာဖြစ်သည်ကို သတိပြုရပါမည်။) သို့သော် ဤသဒ္ဒါအမြင်သည် စကားသံပြောင်းလဲမှုစနစ်အရ တိကျမှုမှန်ကန်မှု၌ အားနည်းနေသည်ဟုဆိုရပါမည်။

**အသုံးတွင်ကျယ်မှု၌ အမြန်ရွတ်ဆိုမှု**

မြန်မာစကားသံစနစ်အရ ဤကဲ့သို့သောအသံပြောင်းမှုကို ဖန်တီးပေးသည့်အကြောင်းအရင်းများအနက် ထင်ရှားသောအကြောင်းအရင်းတစ်ခုမှာ ပြောစကား၏ နှေးမှုနှင့်မြန်မှုနှုန်းထား (Tempo) ပင်ဖြစ်ပါသည်။

"ငယ်ထိပ်"သည် နေ့စဉ်သုံးစကား၌ "မြို့ထိပ်"၊ "ရွာထိပ်"တို့ထက် ရှေးယခင်နှစ်ပေါင်းများစွာကပင် တွင်ကျယ်နေခဲ့ပြီဟုဆိုရပါမည်။ နေ့စဉ်သုံးစကား၌ အသုံးတွင်သောဝေါဟာရတို့ကို ပြောသောအခါတွင် ပြောနေကျဆိုနေကျဖြစ်သဖြင့် ယဉ်ပါးနေသောစကားများဖြစ်သည့်အလျောက် ပြောဆိုသည့်နှုန်းထားသည် မြန်လာပါသည်။ ပြောသောနှုန်းထားမြန်လာသောအခါ (အခြားသဒ္ဒဗေဒဥပဒေသတို့နှင့်လည်းကောင်း၊ သဒ္ဒါဥပဒေသတို့နှင့်လည်းကောင်း မဆန့်ကျင်ပါက)ဝေါဟာရတို့ရှိ သံညင်းဗျည်းတို့သည် သက်ဆိုင်ရာသံပြင်းဗျည်းသို့ပြောင်းလဲသည်မှာ မြန်မာစကားသံပြောင်းလဲမှု၏ အဓိကသဘောတရားတစ်ခုပင်ဖြစ်ပါသည်။ ထို့ကြောင့်လည်း မောင်ခင်မင်တင်ပြသကဲ့သို့ပင် ပညာရှင်များက ဤသဘောတရားကို အမြန်ရွတ်ဆိုသော close juncture (အပိတ်စပ်/အပိတ်တွဲ) နှင့် အနှေးရွတ်ဆိုသော open juncture (အပွင့်စပ်/ အပွင့်တွဲ)ဟု နှုန်းထားနှစ်မျိုးနှင့် ဖော်ပြကြခြင်းဖြစ်ပါသည်။ ရွတ်ဆိုရာ၌ အသံတိုမှုရှည်မှု၊ နှေးမှုမြန်မှု၊ လေးမှုပေါ့မှု စသည်တို့သည် ဘာသာစကားတို့၏အသံစနစ်၌ အသိအမှတ်မပြုလျှင်မဖြစ်သော အရာများဖြစ်ပါသည်။ ယင်းတို့ကိုထည့်သွင်းမစဉ်းစားလျှင် ဘာသာစကားတို့၏ အသံပြောင်းလဲမှုများကို စနစ်တကျရှင်းပြနိုင်တော့မည်မဟုတ်ပါ။ ပါဠိစာပေတွင် ရှေးပညာရှင်များကလည်း ဤအသံတိုမှုရှည်မှု လေးမှုပေါ့မှုစသည်တို့ကို ဂါထာစပ်ဆိုရာတွင် လိုက်နာရသောစနစ် (ဆန်းဂိုဏ်း) များအဖြစ်သတ်မှတ်၍လိုက်နာခဲ့ကြပါသည်။ မျက်မှောက်ခေတ် ၏"ဆန်း" ဟူသောဝေါဟာရသည် ပါဠိ"ဆန္ဒ"မှ ဆင်းသက်လာခြင်းဖြစ်ပါသည်။ အင်္ဂလိပ်ဝေါဟာရ "prosody" နှင့်အလားတူပင်ဖြစ်ပါသည်။

**အမြန်ရွတ်ဆိုမှု အပိတ်စပ်နှင့်ခွင်းချက်များ**

အမြန်ရွတ်ဆိုမှုကြောင့်ဖြစ်သော အပိတ်စပ် (close juncture)တွင် သံညင်းဗျည်းများ သက်ဆိုင်ရာသံပြင်းဗျည်းသို့ ပြောင်းလဲသွားခြင်းကို အသိအမှတ်ပြုသည့် သံပြင်းဥပဒေသသည် မြန်မာစကားသံပြောင်းလဲမှုစနစ် (phonology) ၌ အတွင်ကျယ်ဆုံးသော အရေးပါဆုံးသော ဥပဒေသဖြစ်ပါသည်။ ဥပမာအချို့မှာ "လှည်းဆိပ်" ကို/လှဲဇိတ်/၊ "ဈေးဆိုင်" ကို /ဇေးဇိုင်/၊ "တောခွေး" ကို /တောဂွေး/၊ "ဆူးချုံ" ကို /ဆူးဂျုံ/၊ "ကြည့်စာ" ကို /ကြည့်ဇာ/၊ "ငွေထိန်း" ကို / ငွေဒိန်း/၊ "စားဆေး"ကို /စားဇေး/၊ "ထောင်ပိုင်" ကို /ထောင်ဗိုင်/၊ "မိုးကာ"ကို /မိုးဂါ /စသည်တို့ဖြစ်ပါသည်။ ဤကဲ့သို့အသံပြောင်းသော ဝေါဟာရတို့ကို အမှန်တကယ် မရေတွက်နိုင်သဖြင့် ခန့်မှန်းခြေအရေအတွက်အားဖြင့်တင်စားသည့်သဘောအရ (figur- atively) ပြောမည်ဆိုပါက မြန်မာစကား၌သံညင်းမှ သံပြင်းသို့ပြောင်းလဲမှုများ၏ ၇၅ ရာနှုန်းသည် ဤဥပဒေသ၌ ပါဝင်သည်ဟု ဆိုနိုင်ပါသည်။ ဤဥပဒေသ၌အကျုံးဝင်သော "စကားပေါင်း"၊ "စကားစု" (phrase)ဖွဲ့စည်းမှုအမျိုးပေါင်း ၁၇ မျိုးရှိပါသည်။ စာရေးသူ၏ "လေလှိုင်းသဒ္ဒဗေဒနှင့် မြန်မာစကားသံ ပြောင်းလဲမှုစနစ်" စာအုပ်၏စာ (၂၂၆) တွင် ကြည့်နိုင်ပါသည်။

သံညင်းဗျည်းတို့သည် အပိတ်စပ် သို့မဟုတ် အပိတ်တွဲ၌ ဤကဲ့သို့ ပြောင်းသည်ဟုဆိုသော်လည်း သံညင်းဗျည်းတိုင်း ဤကဲ့သို့ ပြောင်းသည်မဟုတ်ပါ။ မြန်မာစကားရှိ သံညင်းဗျည်းများအနက် ဤကဲ့သို့ပြောင်းသော ဗျည်းတို့ကိုသုံးမျိုးသုံးစား ခွဲခြားနိုင်ပါသည်။

ပထမအမျိုးအစားမှာ သံညင်းဖြစ်သည့်ရှန်းပွင့်ဗျည်းများ (plosive သို့မဟုတ် oral stop ခေါ် ခံတွင်းအပိတ်ဗျည်းများ- 'ပ'၊ 'ဖ'၊ 'တ'၊ 'ထ'၊ 'က'၊ 'ခ') ဖြစ်ပါသည်။

ဒုတိယအမျိုးအစားမှာ သံညင်းဖြစ်သော ပွတ်တိုက်ဗျည်းများ (fricative ခေါ် 'သ'၊ 'စ'၊ 'ဆ') တို့ဖြစ်ပါသည်။

တတိယအမျိုးအစားမှာ သံညင်းဖြစ်သော ရှန်းပွင့်ပွတ်တိုက်ဗျည်းများ (affricate ခေါ် 'ကျ'၊ 'ကြ' tc၊ 'ချ'၊ 'ခြ' tch) ဟု အသံထွက်သော ဗျည်းများဖြစ်ပါသည်။

ဤဗျည်းအမျိုးအစားသုံးခုကို သဒ္ဒဗေဒအမြင်ဖြင့် "ပိတ်ဆို့ ရှန်းပွင့် ပွတ်တိုက်ဗျည်း"များ (obstruents) ဟုသတ်မှတ်ပါသည်။ အမြန်ရွတ်ဆိုမှုအပိတ်တွဲ၌ အကျုံးဝင်သော "စကား ပေါင်း" "စကားစု" (phrase) ဖွဲ့တွဲမှု ၁၇ မျိုးအနက် ၁၅ မျိုးမှာ ခြွင်းချက် လုံးဝမရှိသော သံညင်းမှသံပြင်းသို့ပြောင်းသည့် ဥပဒေသများဖြစ်ပါသည်။ ဤသံညင်းမှသံပြင်းသို့ ပြောင်းသော ဥပဒေသများ၌ ခြွင်းချက်ရှိသည့်ဥပဒေသနှစ်မျိုးတွင် ပါဝင်သည့် ဖွဲ့တွဲမှုများသည် အဘယ်ကြောင့်ခြွင်းချက်များရှိနေသည်ကို သဒ္ဒဗေဒအမြင်ဖြင့် ရှင်းပြနိုင်ပါသည်။ ဤကဲ့သို့ မရှင်းမီတွင် ဤဖွဲ့တွဲမှုများ၌ရှိသော ဗျည်းတို့၏အသံအင်္ဂါများ ပေါ်လွင်အောင် ရှင်းပြရန်လိုအပ်ပါသည်။ ထိုခြွင်းချက်ရှိသော ဖွဲ့စည်းမှု တို့၌ပါဝင်သော ဗျည်းတို့၏ ဥပမာအချို့မှာ

"တောခွေး"မှ /တောဂွေး/ဟု ပြောင်းသကဲ့သို့ "တောဆင်"သည် /တောဇင်/ဖြစ်ရမည့်အစား မပြောင်းဘဲ "တောဆင်" သာဖြစ်ခြင်း

"အိမ်ထောင်"မှ /အိမ်ဒေါင်/ဟုပြောင်းသကဲ့သို့ "ရွာထိပ်"သည် /ရွာဒိတ်/သို့ ပြောင်းရမည့်အစား မပြောင်းဘဲ "ရွာထိပ်" သာဖြစ်ခြင်း

"ခွေးခြေ"သည် /ခွေးဂျေ/သို့မဟုတ် /ခွေးဂျီ/သို့ ပြောင်းရမည့်အစား မပြောင်းဘဲ "ခွေးချီ" သာဖြစ်ခြင်း

"ရွှေဖောင်" သည် /ရွှေဘောင်/ သို့ ပြောင်းရမည့်အစား မပြောင်းဘဲ "ရွှေဖောင်" သာဖြစ်ခြင်း

"ကြေးခေတ်" သည် /ကြေးဂစ်/သို့ပြောင်းရမည့်အစား မပြောင်းဘဲ "ကြေးခေတ်" သာဖြစ်ခြင်း

"တောင်ဆိတ်" သည် /တောင်ဇိတ်/သို့ပြောင်းရမည့် အစား မပြောင်းဘဲ "တောင်ဆိတ်" သာဖြစ်ခြင်း

"ရွှေဖရုံ" သည် /ရွှေဗရုံ/သို့ပြောင်းရမည့်အစား မပြောင်းဘဲ "ရွှေဖရုံ" သာဖြစ်ခြင်း

"ငွေခရာ" သည် /ငွေဂရာ/ သို့ပြောင်းရမည့်အစား မပြောင်းဘဲ "ငွေခရာ" သာဖြစ်ခြင်း

"ခြေသလုံး" သည် /ခြေညလုံး/ သို့ ပြောင်းရမည့် အစား မပြောင်းဘဲ "ခြေသလုံး" သာဖြစ်ခြင်း စသည်တို့ဖြစ်ပါသည်။

**ခြွင်းချက်များဖြစ်ခြင်း၏ အကြောင်းအရင်း**

အထက်၌ တင်ပြခဲ့သော ခြွင်းချက်များတွင် ပါဝင်သည့်ဗျည်းများတွင် သဒ္ဒဗေဒအသံဖြစ်မှုအမြင်အရ ထူးခြားမှုတစ်ခု ရှိပါသည်။ ထိုထူးခြားမှုမှာ ၎င်းခြွင်းချက်များတွင်ပါဝင်သည့် ပိတ်ဆို့ ရှန်းပွင့်ပွတ်တိုက်ဗျည်းများသည် လေတိုးသံ (aspiration) ပါဝင်သည့် ဗျည်းများဖြစ်ခြင်းပင် ("ဆ" "ထ" "ဖ" "ခ" "သ" "ချ" )ဗျည်းများဖြစ်သောကြောင့်ပင်။ ဤ ထူးခြားမှုသဘောကို အောက်ပါအတိုင်းရှင်းနိုင်ပါသည်။

"ဆ" သည် "ဟ" ကဲ့သို့သော လေတိုးပွတ်တိုက်မှုရှိခြင်းဖြင့် "စ" နှင့်ကွဲပြားထူးခြားပါသည်။

"ထ" သည် "ဟ" ကဲ့သို့သော လေတိုးပွတ်မှုရှိခြင်းဖြင့် "တ" နှင့်ကွဲပြားထူးခြားပါသည်။

"ဖ" သည် "ဟ" ကဲ့သို့သော လေတိုးပွတ်မှုရှိခြင်းဖြင့် "ပ" နှင့်ကွဲပြားထူးခြားပါသည်။

"ခ" သည် "ဟ" ကဲ့သို့သော လေတိုးပွတ်မှုရှိခြင်းဖြင့် "က" နှင့်ကွဲပြားထူးခြားပါသည်။

"ချ" သို့မဟုတ် "ခြ" သည် လေတိုးပွတ်မှုရှိခြင်းဖြင့် "ကျ" သို့မဟုတ် "ကြ" နှင့်ကွဲပြားထူးခြားပါသည်။

"သ" သည် "ခြ" ကဲ့သို့သော လေတိုးပွတ်မှုရှိခြင်းဖြင့် "တ" နှင့်ကွဲပြားထူးခြားပါသည်။

ဤကဲ့သို့သော လေတိုးပွတ်တိုက်မှုရှိသည့် ဗျည်းများဖြစ်ခြင်းကြောင့် ယင်းဗျည်းတို့သည် နေ့စဉ်သုံးစကား၌ အပြော၏မြန်နှေးနှုန်းထား tempo ခြယ်လှယ်မှုကို ခံရသည်ဟုဆိုနိုင်ပါသည်။ ထို့ကြောင့် ယင်းတို့သည် နေ့စဉ်သုံးစကား၌ တွင်ကျယ်သည့်ဝေါဟာရတို့၌ပါဝင်လျှင် သံပြင်းသို့ပြောင်းခြင်းဖြစ်၍ ယင်းတို့သည်နေ့စဉ်သုံးစကား၌ တွင်ကျယ်သည့်ဝေါဟာရတို့၌ မပါဝင်လျှင် ယင်းတို့သည် သံပြင်းသို့ မပြောင်းသည့် ခြွင်းချက်များဖြစ်လာခြင်းပင်။ ထို့ကြောင့် အသံပြောင်းလဲမှုဥပဒေသတို့ကို စနစ်တကျတင်ပြရာ၌ ဤခြွင်းချက်တို့ကို ခြွင်းချက်များဟု မသတ်မှတ်ဘဲ ယင်းတို့သည် အမြန်ရွတ်ဆိုမှုတွင်မပါဝင်ဘဲ အနှေးရွတ်ဆိုမှု open juncture စပ်တွဲမှုတွင် ပါဝင်သည့်အရာများအဖြစ် သီးသန့်ဥပဒေသတစ်ခုဖြင့် ရှင်းပြရခြင်းဖြစ်ပါသည်။ တစ်နည်းဆိုရလျှင် အမြန်နှုန်းနှင့်ပြောလျှင် စပ်တွဲမှုသည် အပိတ်တွဲဖြစ်၍ ဤသို့ အပိတ်တွဲဖြစ်လျှင် ဤကဲ့သို့သော သံညင်းဗျည်းတို့ သံပြင်းသို့ ပြောင်းသော်လည်း၊ အနှေးနှုန်းနှင့်ပြောလျှင် စပ်တွဲမှုသည် အပွင့်တွဲဖြစ်လျက် ဤသို့အပွင့်တွဲဖြစ်ခြင်းကြောင့် ဤကဲ့သို့ သော သံညင်းဗျည်းတို့သည် သံပြင်းသို့မပြောင်းလဲခြင်းဖြစ်သည်ဟုသာဆိုရမည်ဖြစ်သည်။

အထက်ပါဥပမာများ၌ "ရွှေဖရုံ"၊ "ငွေခရာ" ဥပမာများကို အခြားအကြောင်းရင်းတစ်မျိုးဖြင့်လည်း ရှင်းပြနိုင်ပါသည်။ "ရွှေဖရုံ" "ငွေခရာ" ဥပမာများ၌ "ဖရုံ" "ခရာ"တို့သည် ဖလား၊ ဖလန်၊ ခဝါ၊ ခလောက်၊ ခရေ၊ ခလုပ်၊ ကလိုင်၊ ကလောင်၊ ကညွတ်စသည်တို့ကဲ့သို့ မြန်မာစကားစစ်စစ် ဒွိဝဏ္ဏဝေါဟာရ များဖြစ်ပါသည်။ ထိုမြန်မာစကားစစ်စစ် ဒွိဝဏ္ဏဝေါဟာရတို့သည် ဧကဝဏ္ဏသာဖြစ်သော (အသံတစ်ခုသည် အဓိပ္ပာယ်တစ်ခုကိုပေးနိုင်သည့်) မြန်မာစကား အသံစနစ်တွင် မပါဝင် နိုင်ကြပါ။ ထို့ကြောင့် "ရွှေဖရုံ" ဥပမာမှ 'ဖရုံ' သည် /ဗရုံ/ သို့မပြောင်းနိုင်ခြင်းဖြစ်ပါသည်။ ထို့ကြောင့်ပင်လျှင် "ငွေခရာ" မှ 'ခရာ' သည် /ဂရာ/ သို့ မပြောင်းခြင်း ဖြစ်ပါသည်။

**ထွေပြားမှုနှင့်သုတေသီတို့၏တာဝန်**

ဘာသာစကားတို့၌ ဤကဲ့သို့သောစကားသံပြောင်းလဲခြင်းတို့ကိုဖန်တီးပေးသည့် အကြောင်းရင်းများသည် ထွေပြားလှပါသည်။ ထိုအကြောင်းရင်းတို့မှာ-

(က) ဗျည်းနှင့်သရတို့၏ ပင်ကိုအသံဂုဏ်သတ္တိများ၊
(ခ) ထိုဗျည်းသရတို့၏ တစ်ခုနှင့်တစ်ခုစပ်တွဲရာမှ ဖြစ်ပေါ်လာသော စပ်တွဲမှု၏အသံပတ်ဝန်းကျင်အနေအထား (phonetic environment)၊
(ဂ) ထိုဗျည်းသရတို့ဖြင့် ဖြစ်ပေါ်လာသော ဝဏ္ဏတို့၏ အဓိပ္ပာယ်နှင့် သဒ္ဒါသဘော၊
(ဃ) တွဲစပ်ရာမှဖြစ်ပေါ်လာသော သို့မဟုတ် ရယူလိုသော ဝေါဟာရတို့၏အမျိုးအစား၊
(င) စကားလုံးစကားစုဝါကျဟူသော သဒ္ဒါအဆင့် (Linguistic level)၊
(စ) စကားသံတို့၏ တိုမှုရှည်မှု လေးမှုပေါ့မှုစသော "ဆန်း" ဥပဒေသများ စသည်တို့ဖြစ်ပါသည်။

ဘာသာစကားတို့၏ အဖြစ်မှန်၌ ထိုအကြောင်းရင်းတို့သည် တစ်ခုနှင့်တစ်ခုအပြန်အလှန်ဆက်နွှယ်ပတ်သက်နေကြပါသည်။ ဤအကြောင်းရင်းတို့ ဆက်နွှယ်ပတ်သက်မှုများတွင် တစ်ခုနှင့်တစ်ခု ဆန့်ကျင်မှုများ အားပြိုင်မှုများရှိသကဲ့သို့ တစ်ခုနှင့်တစ်ခုပူးပေါင်းမှု အားပေးထောက်ကူမှုစသည်များလည်းရှိပါသည်။

ဤကဲ့သို့ သော အကြောင်းရင်းများသည် ထွေပြားသော်လည်း ဤအကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသော အသံပြောင်းလဲမှုများသည် စည်းမဲ့ကမ်းမဲ့ပရမ်းပတာဖြစ်နေသည်မဟုတ်ပါ။ အကြောင်းရင်းများသည် ထွေပြားသော်လည်း ဖြစ်ပေါ်လာသော ပြောင်းလဲမှုများသည် ကျိုးကြောင်းဆက်နွှယ်မှုသဘောအရ စည်းနှင့်ကမ်းနှင့်စနစ်တကျဖြစ်ပေါ်နေသော အရာများဖြစ်ပါသည်။ ဘာသာဗေဒသုတေသီတို့၏ တာဝန်မှာ ထိုစည်းစနစ်တို့ကို အမှန်အတိုင်းရှာဖွေဖော်ထုတ်ပေးရန်ပင် ဖြစ်ပါသည်။

ဤအကြောင်းအရာများနှင့်ပတ်သက်၍ မောင်ခင်မင်၏ ထူးခြားသောစွမ်းဆောင်မှုမှာ ထွေပြားသည်များကို စိတ်ဝင်စားစရာများဖြစ်လာသည့်တိုင်အောင် သူသူငါငါလူတကာ နားလည်နိုင်သော ဝေါဟာရများဖြင့် အေးအေးဆေးဆေး စိတ်ရှည်လက်ရှည် ဆွေးနွေးမှုအသွင်ဖြင့် ရှင်းပြနိုင်ခြင်းပင်ဖြစ်ပါသည်။ ဘာသာဗေဒသုတေသီတစ်ဦးအဖြစ် စာရှုသူများက အသိအမှတ်ပြုရမည်ဖြစ်သော မောင်ခင်မင်သည် ဤကဲ့သို့သော သုတေသနဆောင်းပါးများကို ဆတက်ထမ်းပိုးတိုး၍ ပြုစုနိုင်ပါစေဟု စာရေးသူဆန္ဒပြုရပါသည်။

**အကြောင်းရင်းများသည် ထွေပြားသော်လည်း ဤအကြောင်းရင်းများကြောင့် ဖြစ်ပေါ်လာသော အသံပြောင်းလဲမှုများသည် စည်းမဲ့ကမ်းမဲ့ပရမ်းပတာဖြစ်နေသည် မဟုတ်ပါ။ အကြောင်းရင်းများသည် ထွေပြားသော်လည်း ဖြစ်ပေါ်လာသော ပြောင်းလဲမှုများသည် ကျိုးကြောင်းဆက်နွှယ်မှုသဘောအရ စည်းနှင့်ကမ်းနှင့် စနစ်တကျဖြစ်ပေါ်နေသော အရာများဖြစ်ပါသည်**

# ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ဥပဒေကြမ်း

**အများပြည်သူ သိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်**

*ယမန်နေ့မှအဆက်*

(ဃ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်တစ်ဦးဦးမှာ ငွေရေးကြေးရေး အကျိုးခံစားခွင့် သို့မဟုတ် အခြားအကျိုးသက်ဆိုင်ခွင့် ရှိ/ မရှိ ဆုံးဖြတ်ရန် အကြောင်းပေါ်ပေါက်လျှင် စီမံခန့်ခွဲရေးအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

**အခန်း(၆)**

**စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ရာထူးမှနုတ်ထွက်ခြင်း၊ တာဝန်မှရပ်စဲခြင်းနှင့် လစ်လပ်ရာထူးနေရာတွင် ဖြည့်စွက်ခန့်ထားခြင်း**

၁၁။ ဝန်ကြီးဌာနသည် တည်ဆဲဥပဒေများနှင့် ငြိစွန်းသော စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ သို့မဟုတ် အဖွဲ့ဝင်တစ်ဦးဦးကို ရာထူးမှနုတ်ထွက်ရန် ညွှန်ကြားနိုင်သည်။ ညွှန်ကြားသည့်အတိုင်း လိုက်နာခြင်းမပြုလျှင် တာဝန်မှရပ်စဲနိုင်သည်။

၁၂။ (က) စီမံခန့်ခွဲရေးအဖွဲ့တွင် အကြောင်းတစ်ခုခုကြောင့် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ရာထူးနေရာ လစ်လပ်ပါက ထိုလစ်လပ်သည့် နေ့ရက်မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးဌာနသည် ဥက္ကဋ္ဌအသစ်နှင့် အဖွဲ့ဝင်သစ်ကို သတ်မှတ်ချက်များနှင့်အညီ ဖြည့်စွက်ခန့်ထားမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့က စီမံဆောင်ရွက်သည့်ကိစ္စရပ်များသည် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ရာထူးနေရာလစ်လပ်သည့်အကြောင်းကြောင့်သော်လည်းကောင်း၊ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်တစ်ဦးဦး ခန့်ထားရာတွင် ချို့ယွင်းချက်တစ်ခုခုရှိသည့် အကြောင်းကြောင့်သော်လည်းကောင်း မပျက်ပြယ်စေရ။

၁၃။ (က) ယင်းရာထူးသက်တမ်း ကုန်ဆုံးသော်လည်း ဝန်ကြီးဌာနက အသစ်ရွေးချယ်တင်မြှောက်ပြီးသည့်အချိန်အထိ စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်ရမည်။

(ခ) စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အဖြစ် ကြားဖြတ်တာဝန်ယူရသည့်ကာလကို ရာထူးသက်တမ်းတစ်ခုဟု သတ်မှတ်ခြင်း မပြုရ။

(ဂ) အကြောင်းတစ်ရပ်ရပ်ကြောင့် စီမံခန့်ခွဲရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ရာထူးနေရာ လစ်လပ်သည့်အတွက် အစားထိုးခန့်ထားပါက စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၏ ရာထူးသက်တမ်းသည် မူလရာထူး၏ ကျန်ရှိသည့်သက်တမ်းကုန်ဆုံးသည်အထိသာ ဖြစ်သည်။

**အခန်း(၇)**

**စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ**

၁၄။ စီမံခန့်ခွဲရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) စီမံခန့်ခွဲရေးအဖွဲ့ပိုင် ပစ္စည်းများနှင့် ဘဏ္ဍာငွေများကို အလေအလွင့်၊ အဆုံးအရှုံး၊ အပျက်အစီး၊ အပျောက်အရှ အနည်းဆုံးဖြစ်အောင် ထိန်းသိမ်းခြင်း၊

(ခ) ဝင်ငွေနှင့် အကျိုးအမြတ် တိုးတက်စေရေးအတွက် သင့်လျော်သော နည်းလမ်းများဖြင့် ဆောင်ရွက်ခြင်း၊

(ဂ) ဝန်ထမ်းများ၏ ရပိုင်ခွင့်များကို ရရှိစေခြင်း၊

(ဃ) ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(င) မိမိလုပ်ငန်းတစ်ခုလုံး၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံခြင်း၊

(စ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ လက်အောက်ရှိဌာနများ၏ တာဝန်ခံဝန်ထမ်းများက ယင်းတို့ တာဝန်ယူသည့် လုပ်ငန်း၏ အောင်မြင်မှု၊ ဆုံးရှုံးမှုကို တာဝန်ခံစေရန် စီမံကြီးကြပ်ခြင်း၊

(ဆ) မော်တော်ယာဉ်မောင်းသင်တန်းကျောင်းများ၊ မော်တော်ယာဉ်ပြင်သင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၊ ပြည်တွင်း၊ ပြည်ပပုဂ္ဂလိကနှင့် အဖွဲ့အစည်းပိုင် မော်တော်ယာဉ်များကို ပြင်ဆင်ခြင်း၊ မွမ်းမံခြင်း၊

(ဈ) မော်တော်ယာဉ်နှင့်အရန်ပစ္စည်းများ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးအတွက် ဒီဇယ်ဆီ၊ ဓာတ်ဆီ၊ စက်ဆီ၊ ချောဆီ၊ ဂက်စ် (ဓာတ်ငွေ့) များ ဝယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊

(ဋ) ဝန်ထမ်းများနှင့်ပြင်ပပုဂ္ဂိုလ်များအား ကုန်းလမ်းသယ်ယူပို့ဆောင်ရေးဆိုင်ရာ ကျွမ်းကျင်မှုရှိစေရေးအတွက် ပြည်တွင်း၊ ပြည်ပ ပညာရှင်များ၊ အဖွဲ့အစည်းများနှင့် ပူးပေါင်း၍ သုတေသနပြုလုပ်ခြင်းနှင့် သင်တန်းကျောင်းများ ဖွင့်လှစ်သင်ကြားခြင်း၊ ဝန်ထမ်းများအား ပြည်တွင်း၊ ပြည်ပသင်တန်းကျောင်းများသို့ တက်ရောက်ရန် စေလွှတ်ခြင်း။

၁၅။ စီမံခန့်ခွဲရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ငွေကြေးအရင်းအနှီးများကို ဝန်ကြီးဌာနမှတစ်ဆင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်ရယူ၍ ပြည်တွင်း၊ ပြည်ပဘဏ်များနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများထံမှ ဥပဒေနှင့်အညီ ငွေချေးယူခြင်း၊ ပြန်လည်ပေးဆပ်ခြင်း၊ ငွေထုတ်ချေးခြင်း၊ ပြန်လည်ရယူခြင်း နှင့် အထောက်အပံ့များ ရယူခြင်း၊

(ခ) နိုင်ငံတော်က လွှဲအပ်သည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးအပ်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို ရယူခွင့်၊ လက်ဝယ်ထားပိုင်ခွင့်နှင့် ကုန်းလမ်းသယ်ယူပို့ဆောင်ရေး လုပ်ငန်းများတွင် အသုံးပြုခြင်း၊

(ဂ) ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသည့် ဝန်ထမ်းဖွဲ့စည်းပုံနှင့်အညီ ဝန်ထမ်းများခန့်ထားခြင်း၊ လုပ်ငန်းတာဝန်များ ခွဲဝေ သတ်မှတ်ပေးခြင်း၊ ရာထူးတိုးမြှင့်ပေးခြင်း၊ အငြိမ်းစားပေးခြင်း၊ ဝန်ထမ်းစည်းမျဉ်းများနှင့်အညီ အရေးယူအပြစ်ပေးခြင်း၊ ထုတ်ပစ်ခြင်း၊ ထုတ်ပယ်ခြင်း၊

(ဃ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေးနှင့်စပ်လျဉ်း၍ ကန်ထရိုက်စနစ်၊ ငှားရမ်းလုပ်ကိုင်ခြင်းစနစ်ဖြင့် လုပ်ကိုင်ခြင်း၊ ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူတို့နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်ခြင်း၊ သီးခြားလုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို၍ ဖက်စပ်ကုမ္ပဏီထူထောင် ဆောင်ရွက်ခြင်းနှင့် တည်ဆောက်လုပ်ကိုင်လွှဲပြောင်းစနစ်စသည့်စနစ်တစ်မျိုးမျိုးဖြင့် လုပ်ကိုင်ဆောင်ရွက်ခြင်း၊

(င) ဤဥပဒေပါ လုပ်ငန်းတာဝန်များ ပိုမိုထိရောက်အောင်မြင်စေရန် လိုအပ်သော လုပ်ငန်းအဖွဲ့များကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးခြင်း၊

(စ) လိုအပ်ပါက အကြံပေးပုဂ္ဂိုလ်များကို သတ်မှတ်ချက်များနှင့်အညီ ခန့်အပ်ခြင်း၊ ချီးမြှင့်ငွေနှင့်စရိတ်များကို သတ်မှတ်ပေးခြင်း၊

(ဆ) ကုန်စည်များ လက်ခံတင်ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ယင်းလုပ်ငန်းများကို ကိုယ်စားလှယ် လုပ်ငန်းအသွင်ဖြင့် ဆောင်ရွက်ခြင်း၊

(ဇ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ ပုဂ္ဂလိက အဖွဲ့အစည်းများနှင့် လုပ်ငန်းသဘောတူစာချုပ်များချုပ်ဆိုခြင်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဈ) ကုန်းလမ်းသယ်ယူပို့ဆောင်ရေး ဝန်ဆောင်ခနှုန်းများ၊ ငှားရမ်းခနှုန်းများ၊ လုပ်ခနှုန်းများ သတ်မှတ်ခြင်း၊

(ည) အလုပ်ချိန်၊ အလုပ်ခွင်စည်းကမ်းများကို တည်ဆဲဥပဒေများနှင့်အညီ သတ်မှတ်ခြင်း၊

(ဋ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် နိုင်ငံတော်၏ အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် အရေးပေါ်ကိစ္စများတွင် အများပြည်သူအကျိုးငှာ ငွေကြေးအကျိုးအမြတ်မယူသော အဖွဲ့အစည်းဖြစ်သည့်အားလျော်စွာ သင့်လျော်သည့် အခွန်ကင်းလွတ်ခွင့်၊ သက်သာခွင့်ရရှိရေးအတွက် ဝန်ကြီးဌာနမှတစ်ဆင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း။

၁၆။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ဤဥပဒေအရ ဖွဲ့စည်းသည့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သော ဝန်ထမ်းများအတွက် ကရုဏာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်၊ အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များအား ယင်းတို့ တာဝန်ထမ်းဆောင်ခဲ့သော အချိန်ကာလအတိုင်း တွက်ချက်၍ ခံစားခွင့်ပြုရမည်။

(ခ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ဝန်ထမ်းဖွဲ့စည်းပုံအရ ခန့်အပ်တာဝန်ပေးသော ဝန်ထမ်းများအတွက် ယင်းတို့ ခံစားခွင့်ရှိသော လစာ၊ စရိတ်၊ ကရုဏာကြေး၊ နစ်နာကြေး၊ ချီးမြှင့်ငွေ၊ ပင်စင်နှင့် အငြိမ်းစားယူမှုဆိုင်ရာကိစ္စရပ်များကို ဝန်ထမ်းစည်းမျဉ်းများနှင့် အညီ ခံစားခွင့်ပြုရမည်။

(ဂ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ရှိ အရာထမ်း၊ အမှုထမ်းများကို အသက် ၆၀ နှစ်ပြည့်ပါက သက်ပြည့်အငြိမ်းစား ယူခွင့်ပေးနိုင်သည်။ အကယ်၍ လုပ်ငန်းလိုအပ်ချက်အရ ကျန်းမာရေးကောင်းမွန်ပြီး ဆက်လက်လုပ်ကိုင်လိုသော အရာထမ်း၊ အမှုထမ်းများကို အသက် ၆၅ နှစ်ပြည့်သည့် အချိန်ထိ တစ်နှစ်လျှင်တစ်ကြိမ် သက်တမ်းတိုးမြှင့်၍ လုပ်ကိုင်ခွင့်ပြုနိုင်သည်။

(ဃ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ လုပ်ငန်းစီမံကိန်း လျာထားချက်အတိုင်း အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော ဝန်ထမ်းများအား ဆုကြေးငွေချီးမြှင့်နိုင်သည်။

**အခန်း(၈)**

**ဘဏ္ဍာရေး၊ ငွေရေးကြေးရေးနှင့် စာရင်းများ**

၁၇။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် -

(က) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့က လွှဲပြောင်းရယူရမည့် နိုင်ငံတော်ပိုင် ပုံသေပိုင်ပစ္စည်းများအား ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်အရ ကာလပေါက်ဈေးဖြင့် တန်ဖိုးတွက်ချက်သတ်မှတ်၍ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ဖော်ပြထားရမည်။

(ခ) ပုဒ်မခွဲ(က)အရ လွှဲပြောင်းရယူခဲ့သော အရပ်ရပ်တန်ဖိုးများကို ကုန်းလမ်းပို့ဆောင်ရေး အဖွဲ့တွင် နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် သတ်မှတ်ရမည်။ နိုင်ငံတော်၏ ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအပေါ် ကျသင့်သော အမြတ်ဝေစုကို နိုင်ငံတော်သို့ ခွဲဝေပေးရမည်။ မိမိအဖွဲ့နှင့် ဖက်စပ်လုပ်ငန်း၊ တည်ဆောက်-လုပ်ကိုင်-လွှဲပြောင်း၊ ငှားရမ်းစသည့် စနစ်တစ်မျိုးမျိုးဖြင့် ဆောင်ရွက်သော လုပ်ငန်းများ၏ အရပ်ရပ်တန်ဖိုးများကို ရင်းနှီးမြှုပ်နှံမှုတန်ဖိုးအဖြစ် ကုန်းလမ်းပို့ဆောင်ရေးမှ စီမံဆောင်ရွက်ခွင့်ရှိရမည်။

(ဂ) နှစ်စဉ်လုပ်ငန်းစီမံချက်နှင့် အရအသုံး ခန့်မှန်းခြေငွေစာရင်းတို့ကို ရေးဆွဲ၍ စီမံခန့်ခွဲရေးအဖွဲ့က အတည်ပြုပြီး ဝန်ကြီးဌာနသို့ ပေးပို့ရမည်။

(ဃ) ဘဏ္ဍာရေးနှစ်အလိုက် စုစုပေါင်း ရငွေသုံးငွေများအား ပြည်ထောင်စု၏ ဘဏ္ဍာငွေ အရအသုံးခန့်မှန်းခြေငွေစာရင်းတွင် ဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေနှင့်အညီ သီးခြားဖော်ပြ၍ ထည့်သွင်းရေးဆွဲရမည်။

(င) ရငွေ၊ သုံးငွေများကို စီမံခန့်ခွဲရေးအဖွဲ့က သတ်မှတ်သည့် ပြည်တွင်း၊ ပြည်ပဘဏ်များတွင် မြန်မာကျပ်ငွေနှင့် နိုင်ငံခြားသုံးငွေများကို ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ သီးခြားစီ ငွေစာရင်း ဖွင့်လှစ်ထားရှိသုံးစွဲရမည်။

(စ) မိမိရရှိသော နိုင်ငံခြားဝင်ငွေကို စီမံခန့်ခွဲရေးအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့် ထုတ်ယူသုံးစွဲပိုင်ခွင့်ရှိသည်။

(ဆ) မိမိလက်အောက်ရှိ လုပ်ငန်းအုပ်စုအလိုက် လည်းကောင်း၊ လုပ်ငန်းတစ်ခုချင်းအလိုက် လည်းကောင်း၊ ရငွေ၊ သုံးငွေအခြေအနေများ ပေါ်လွင်စေရန် သီးခြားငွေစာရင်းများ ဖွင့်လှစ်ထားရှိရမည်။

(ဇ) ဝန်ကြီးဌာနအောက်ရှိ စီးပွားရေးအဖွဲ့အစည်းများအကြား ငွေကြေးဆိုင်ရာ အပြန်အလှန်အကူအညီပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည်။

(ဈ) ပြည်ထောင်စုအစိုးရအဖွဲ့က နှစ်စဉ်သတ်မှတ်ပေးသည့် နိုင်ငံတော်သို့ ထည့်ဝင်ငွေနှင့် တည်ဆဲဥပဒေအရ ကျသင့်သည့် အခွန်အခများကို ကင်းလွတ်သက်သာခွင့် မရရှိပါက ယင်းအခွန်အခများကို ပေးသွင်းရမည်။

(ည) အငြိမ်းစားဝန်ထမ်းများ၏ အငြိမ်းစားလစာအား နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေမှ ဆက်လက်ကျခံသုံးစွဲခွင့်ရှိသည်။

(ဋ) လုပ်သက် ၁၀ နှစ်နှင့်အထက်ရှိ ဝန်ထမ်းဟောင်းများအတွက် အငြိမ်းစားလစာနှင့် ဆုကြေးငွေများအား နိုင်ငံတော်အစိုးရဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲပေးရမည်။

(ဌ) အသစ်ခန့်အပ်သော ဝန်ထမ်းများနှင့် လုပ်သက် ၁၀ နှစ်အောက် ဝန်ထမ်းများ၏ အငြိမ်းစားလစာနှင့်ဆုကြေးရန်ပုံငွေ အကျိုးခံစားခွင့်များကို အဖွဲ့၏ အငြိမ်းစားလစာနှင့် ဆုကြေးရန်ပုံငွေမှ ကျခံရမည်။

(ဍ) အငြိမ်းစားလစာနှင့်ဆုကြေးရန်ပုံငွေ ထူထောင်ပြီး ဝန်ထမ်းအသစ်များ၏ အငြိမ်းစားလစာနှင့်ဆုကြေးရန်ပုံငွေ အကျိုးခံစားခွင့်အတွက် စီမံဆောင်ရွက်ရမည်။

၁၈။ စီမံခန့်ခွဲရေးအဖွဲ့သည် အောက်ပါရန်ပုံငွေများကို သီးခြားတည်ထောင်ထားရှိရမည် -

(က) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ ဝန်ထမ်းများအတွက် အငြိမ်းစားလစာနှင့် ဆုကြေးရန်ပုံငွေ၊

(ခ) ဆုကြေးရန်ပုံငွေ၊

(ဂ) သက်သာချောင်ချိရေး ရန်ပုံငွေ၊

(ဃ) ဖွံ့ဖြိုးမှု ရန်ပုံငွေ၊

(င) တန်ဖိုး ယုတ်လျော့မှု ရန်ပုံငွေ၊

(စ) အခြားလိုအပ်သော ရန်ပုံငွေ။

၁၉။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့လက်အောက်ရှိ သက်ဆိုင်ရာလုပ်ငန်းဌာနအသီးသီးသည် အောက်ပါစာရင်းများကို စီမံခန့်ခွဲရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ တင်ပြရမည်-

(က) ဝန်ထမ်းအင်အားစာရင်း၊

(ခ) ငွေသားအခြေအနေ၊

(ဂ) ကုန်ပစ္စည်း ထုတ်လုပ်သည့်၊ ရောင်းဝယ်သည့် သို့မဟုတ် ဝန်ဆောင်သည့် စာရင်း၊

(ဃ) အရှုံး၊ အမြတ်စာရင်း၊

(င) လက်ကျန်ရှင်းတမ်း။

၂၀။ စီမံခန့်ခွဲရေးအဖွဲ့သည် -

(က) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ပိုင် ရန်ပုံငွေကို ထိန်းသိမ်းခြင်း၊ သုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ အကူအညီရယူ၍ ရေးဆွဲသတ်မှတ်ထားရမည်။

(ခ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ပိုင် ရန်ပုံငွေကို သတ်မှတ်ထားသည့် ဘဏ္ဍာ ရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ထိန်းသိမ်းခြင်းနှင့် သုံးစွဲခြင်းပြုရမည်။

(ဂ) ဌာနတွင်း ထိရောက်သော စစ်ဆေးကြပ်မတ်မှုရှိစေရန် ဌာနတွင်းစာရင်းစစ်အဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်ရမည်။

(ဃ) ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ လုပ်ငန်းနှင့်စာရင်းများကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး သို့မဟုတ် မြန်မာနိုင်ငံစာရင်းကောင်စီတွင် မှတ်ပုံတင်ထားသော စာရင်းစစ်အဖွဲ့ သို့မဟုတ် နိုင်ငံတကာအသိအမှတ်ပြုစာရင်းစစ်အဖွဲ့၏ စစ်ဆေးမှုခံယူရမည်။

**အခန်း(၉)**

**ဆုကြေးငွေချီးမြှင့်ခြင်း**

၂၁။ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့သည် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည် တိုးတက်စေရေးအတွက် လုပ်ငန်းစီမံကိန်း လျာထားချက်အတိုင်း အကောင်အထည်ဖော်ရာ၌ သတ်မှတ်ထားသော လုပ်ငန်းကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးအတိုင်းသော်လည်းကောင်း၊ ယင်းအချိုးထက် ပိုမိုကောင်းမွန် သော အချိုးအတိုင်းသော်လည်းကောင်း သတ်မှတ်စံချိန်စံနှုန်းဖြင့် တွက်ချက်ထားသည့် ဆုကြေးငွေကို ချီးမြှင့်နိုင်သည်။

၂၂။ ပုဒ်မ ၂၂ အရ ဆုကြေးငွေချီးမြှင့်ရာတွင် ဆုကြေးရန်ပုံငွေထဲမှ သတ်မှတ်ထားသော ရာခိုင်နှုန်းအချိုးအရ ဝန်ထမ်းများကို ဆုကြေးငွေများ ခွဲဝေသတ်မှတ် ပေးပြီးနောက် ကျန်ရှိသော ဆုကြေးရန်ပုံငွေထဲမှ တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့လိုက်သော်လည်းကောင်း အောက်ပါအခြေခံမှုများအပေါ်မူတည်၍ စွမ်းဆောင်ရည်မြင့်မားမှု ဆုကြေးများ ထပ်မံချီးမြှင့်နိုင်သည် -

(က) သတ်မှတ်ထားသော စံနှုန်းထက်တိုး၍ ဝန်ဆောင်မှု၊ ထုတ်လုပ်မှုပေးနိုင်ခြင်း၊

(ခ) ဝန်ဆောင်မှု၊ ထုတ်လုပ်မှု နည်းစနစ်သစ်များ တီထွင်နိုင်ခြင်း၊

(ဂ) တီထွင်ထုတ်လုပ်နိုင်မှုရှိခြင်း၊ ထုတ်လုပ်သည့် ကုန်ပစ္စည်းအရည်အသွေး စံချိန်မီခြင်း၊

(ဃ) ကုန်ကြမ်းသုံးစွဲမှု စံသတ်မှတ်ချက်များနှင့်အညီစနစ်တကျသုံးစွဲနိုင်ခြင်း၊

(င) လေလွင့်၊ ပျက်စီး၊ ဆုံးရှုံးမှုလျော့နည်းခြင်း။

၂၃။ ဝန်ထမ်းများသည် ချီးမြှင့်ငွေကို သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခံစားခွင့်ရှိသည်။

**အခန်း (၁၀)**

**အထွေထွေ**

၂၄။ စီမံခန့်ခွဲရေးအဖွဲ့ဝင်များနှင့် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့၏ အရာထမ်း၊ အမှုထမ်းအားလုံးသည် ဤဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်သောအခါ သို့မဟုတ် ဆောင်ရွက်သည့်သဘောသက်ရောက်သော အပြုအမူကို ပြုသောအခါ ရာဇသတ်ကြီး ပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းများဖြစ်သည်ဟု မှတ်ယူရမည်။

၂၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) ဝန်ကြီးဌာနသည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့နှင့် စီမံခန့်ခွဲရေးအဖွဲ့တို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

# ရေတို၊ ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများ စနစ်တကျစီမံခန့်ခွဲ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများကိုလိုက်နာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၁၈**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီးဝန်ကြီးများအား ယနေ့နံနက် ၁၀ နာရီက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)၌ တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ရေတို၊ ရေရှည်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်ရေး ပေါင်းစပ်ဆောင်ရွက်ရမည့်လုပ်ငန်းများကို စနစ်တကျစီမံခန့်ခွဲ၍ တည်ဆဲဥပဒေ၊ နည်းဥပဒေများကိုလိုက်နာပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဦးခင်မောင်ချို၊ ဦးဝင်းခိုင်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းနှင့် တိုင်းဒေသကြီးဝန်ကြီးများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းမှ မြစ်ငယ်(ရထားလမ်း) တံတားသစ်တည်ဆောက်မှု ဇူလိုင်လကုန်တွင် ပြီးစီးမည်

**မင်းထက်အောင်(မန်းကိုယ်ပွား)**

**မန္တလေး ဇူလိုင် ၁၈**

ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၊ မြစ်ငယ်နှင့် ပလိပ်အကြား၌ လက်ရှိအသုံးပြုနေသည့် မြစ်ငယ်(ရထားလမ်း)တံတားအနီးတွင် မြန်မာ့မီးရထား မြို့ပြအင်ဂျင်နီယာဌာနမှ မြစ်ငယ်(ဒွေးလမ်း)ရထားလမ်းတံတားသစ် တည်ဆောက်လျက်ရှိရာ ဇူလိုင်လကုန်တွင်ပြီးစီးမည်ဖြစ်ကြောင်း အင်ဂျင်နီယာ ဦးဇော်ဟိန်းလတ်က ပြောသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁ ✻*





## The Junior Open Championship 2016 ပြိုင်ပွဲ၌ မြန်မာမှ ဖူးပွင့်ရတီခိုင် ပထမဆုရရှိ

**ရန်ကုန် ဇူလိုင် ၁၈**

စကော့တလန်နိုင်ငံ Kilmarnock မြို့ Barassie ဂေါက်ကွင်း၌ ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် The Junior Open Championship 2016 ပြိုင်ပွဲ၏ Asia Pacific Region ပြိုင်ပွဲကို မြန်မာလူငယ်ဂေါက်သီးရိုက်ကစားသမားနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ ဖူးပွင့်ရတီခိုင် ပထမဆုရရှိခဲ့သည်။

မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့ကို မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကိုကိုအေး ဦးဆောင်၍ လူငယ်ကစားသမားများဖြစ်သည့် ဟိန်းစည်သူနှင့် ဖူးပွင့်ရတီခိုင်တို့ နှစ်ဦးဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ လူငယ်အမျိုးသမီးဂေါက်သီးရိုက်ကစားသမား ဖူးပွင့်ရတီခိုင်က အောင်မြင်မှုရယူနိုင်ခဲ့ခြင်းဖြစ်သည်။ The Junior Open Championship ပြိုင်ပွဲကို နိုင်ငံပေါင်း ၇၅ နိုင်ငံမှ အားကစားသမား ၁၅၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ အောင်ပွဲရ မြန်မာလူငယ်ဂေါက်သီးရိုက်အဖွဲ့သည် ဇူလိုင် ၁၇ ရက်က ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာသည်။

**ဖိုးသော်ဇင်**


